# အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

[Book.150(2409-2424)

သိုင်းအင်ပါယာကျောင်းတော်သို့

.May Be:

..အပိုင်း ၂၄၀၉

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

အမြင်တာအိုသခင်။

ယန်ယဲ့သည်

အမြင်တာအိုသခင်အဆင့်တွင်

အချိန်အတော်ကြာအောင်

ပိတ်ဆို့နေပြီးနောက်

အမြင်တာအိုအဆင့်ကို

ချက်ချင်းရောက်သွားခဲ့သည်။

ထိုနောက်တွင် သူ၏ခွန်အားက

အရည်အသွေးပိုင်ဆိုင်ရာ

အသွင်ပြောင်းလဲသွားခဲ့သည်။
ဤအခိုက်အတန့်တွင်
အကြီးအကဲယွမ်က
အသံတစ်ချက်ပင်မထွက်ဘဲ
ယန်ယဲ့ရှေ့တွင် ရုတ်တရက်
ပေါ်လာသည်။

ယန်ယဲ့သည် အကြီးအကဲယွမ်ကို
ကြည့်လိုက်သည်။ သူ့ရှေ့ရှိ အဘိုးကြီးက
သူထင်ထားသည်ထက်

ပို၍ကြောက်စရာကောင်းကြောင်း
သဘောပေါက်လိုက်သည်။

အကြီးအကဲယွမ်က ယန်ယဲ့ကို
စိုက်ကြည့်ရင်း "မင်း အမြင်တာအိုသခင်
ဖြစ်သွားပြီလား…"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

အကြီးအကဲယွမ်က

“ရှေးဖြစ်ဟောလမ်းကြောင်းက

တစ်စုံတစ်ယောက် ရောက်လာတယ်”

“ရှေးဖြစ်ဟောလမ်းကြောင်း”

ယန်ယဲ့က အံ့အားသင့်သွားပြီး “သူတို့က

ပြဿနာရှာချင်လို့ ရောက်နေတာလား…”

အကြီးအကဲယွမ်က ခေါင်းညိတ်သည်

“သူ့ကိုသွားတွေ့လိုက်”

ယန်ယဲ့က အနည်းငယ်

ခေါင်းညိတ်ပြသည်။ ထိုနောက်

အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲကာ

ကောင်းကင်အထက်သို့

ပျောက်ကွယ်သွားသည်။ ဤအချိန်တွင်

အကြီးအကဲယွမ်က ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်သည်။

ဤနေရာတွင် မရေမတွက်နိုင်သော
ပန်းပွင့်များ တစ်ဝက်စီ ခွဲခြမ်းထားသည်။
အစောပိုင်းကယန်ယွဲ့ဆီမှ
ထွက်ပေါ်လာသော
အရှိန်အဝါကြောင့်ပင်။

အကြီးအကဲယွမ်က ခေါင်းကို
အနည်းငယ် ခါယမ်းပြီးနောက်
ညာလက်ကို ညင်သာစွာဝှေ့ယမ်းပြီး
နေထာမှာပင် ပျောက်ကွယ်သွားခဲ့သည်။

အကြီးအကဲယွမ် ထွက်သွားသည်နှင့်

တစ်ပြိုင်နက် ကွဲအက်နေသော

ပန်းများနှင့် ပြိုလဲနေသော

ပန်းပွင့်ပေါင်းစုံဟာ ချက်ချင်းပင်

ပြန်မတ်လာခဲ့သည်။ ပန်းပေါင်စုံက

နဂိုအတိုင်း ပြန်ဖြစ်သွား၏။

မွန်မြတ်ခြင်းတောင်ထိပ်

လေ့ကျင့်ရေးကွင်းပြင်။

ထိုနေရာတွင်

လူငယ်တစ်ယောက်ရပ်နေသည်။

သူသည် အသက် (၂၇)နှစ် (၂၈)နှစ်

ဝန်းကျင် ရှိပုံရ၏။ လူငယ်သည်

အဖြူရောင်ဝတ်ရုံကို

ဝတ်ဆင်ထားပြီး ထက်မြသော

ဓားတစ်ချောင်းအလား ဖြောင့်ဖြောင့်တ

န်းတန်းကြီး ရပ်နေလေသည်။ လူငယ်က

ရုတ်တရက် မျက်လုံးဖွင့်လိုက်သည့်အခါ

သူ့ရှေ့တွင်

အစိမ်းရောင်ဝတ်ရုံဝတ်လူငယ်တစ်ယော

က် ပေါ်လာသည်။

အခြားမဟုတ်ပေ ယန်ယဲ့ပင် ဖြစ်သည်။

ယန်ယဲ့က ပြုံးပြီး“မင်းက

ကုရုံထျန်းဖြစ်သင့်တယ်

ဟုတ်တယ်မလား...”

ဝတ်ရုံဖြူလူငယ်က ခေါင်းညိတ်သည်

“ဟုတ်တယ်”

သူက ယန်ယွဲ့ကို စိုက်ကြည့်ပြီး ဆက်ပြောလိုက်သည်။ “မင်းငါ့ရဲ့ ရှေးဖြစ်ဟောလမ်းကြောင်းကို ကြောက်တယ်လို့ သူတို့ကပြောတယ်။ အဲ့ဒါကြောင့် မင်းငါ့ကိုလာပြီး မတိုက်ခိုက်ရဲဘူး။ ဒါပေမဲ့ မင်းဟာ

ဒုက္ခကို ကြောက်တဲ့လူမဟုတ်ဘူးလို့တော့ ငါထင်တယ်”

ယန်ယဲ့က ပြုံးပြီး “မင်းငါနဲ့ စကားပြောဖို့သက်သက် လာတာမဟုတ်လောက်ဘူးထင်တယ်”

ကုရုံထျန်းက ပြုံးပြီး ပြောလိုက်သည်။ “ယန်ယဲ့၊ မင်းက လူမိုက်မဟုတ်ဘူး။ ဒါကြောင့် ဒီကိုလာခိုင်းတဲ့

တစ်ခုတည်းသော အကြောင်းပြချက်က အသုံးချနိုင်အောင်လို့ဆိုတာ သတိထားသင့်တယ်။ ဒါနဲ့ မင်း သူအသုံးချတာကို ဘာလို့လက်ခံလည်းဆိုတာ ငါနားမလည်ဘူး”

ယန်ယဲ့က “ဒီအချိန်ကျမှ ဘာကြောင့်လဲဆိုတာ မပြောလိုပါဘူး။ မင်းဒီကိုဘာလို ရောက်နေတာလဲဆိုတာ

ငါ့ကိုပြောတာ  မင်းတိုက်ခိုက်ချင်နေတာ

လား…။ ဒါမှမဟုတ် အခြားအရာအတွက်

ဒီကိုရောက်နေတာလား…”

ကုရုံထျန်းက

“ငါဒီကိုရောက်နေကတည်းက

သဘာဝအတိုင်း တိုက်ခိုက်ဖို့

ရောက်နေတာ”

ယန်ယဲ့ကပြုံးပြီး “မင်းအရင်
လှူပ်ရှားလိုက်ပါ”

ကုရုံထျန်းကခေါင်းညိတ်လိုက်သည်။

ထိုနောက် “လာပါ... သိုင်းပညာဦးရီးတော်
ရွေးချယ်ခဲ့တဲ့ ဆက်ခံသူရဲ့ စွမ်းရည်ကို
သက်သေပြပါရစေ”
စကားပြောပြီးနောက် နေရာမှာပင်
ပျောက်သွားခဲ့သည်။

ထိုခဏလေးမှာပဲ ပုံရိပ်တစ်ခုက

ယန်ယွဲ့ကို တန်းတန်းမတ်မတ်

တိုက်ခိုက်လိုက်သည်။ ယန်ယွဲ့သည်

ထိုပုံရိပ်ကို

ရိပ်မိရုံမျှသာသတိထားမိရုံအထိ

အလွန်လျင်မြန်လှသည်။ သို့သော်လည်း

ယန်ယွဲ့သည် မျက်စိပင် ဖွင့်မကြည့်ပေ။

သူ၏မျက်လုံးကို မှိတ်ကာ

လက်မြှောက်ပြီး ရှေ့ကို
ပုတ်ချလိုက်သည်။

“ဘုန်း…”

လေ့ကျင့်ရေးကွင်းပြင်တစ်လျောက်
ပေါက်ကွဲသံများ ကျယ်လောင်စွာ
ပွဲတင်ထပ်လာသည်။ ပုံရိပ်တစ်ခု
လွင့်ထွက်သွားခဲ့သည်။ အဆိုပါပုံရိပ်က
နောက်ဆုံးမရပ်တန့်ခင် (၃)ကီလိုမီတာ

အကွာအထိ လွင့်ထွက်သွားသည်။ အခြားမဟုတ်ပေ ထိုပုံရိပ်က ကုရုံထျန်းပင်ဖြစ်သည်။

ကုရုံထျန်းက သူ့လက်ကို တစ်ချက်ကြည့်လိုက်သည်။ သူ့လက်တွင် အလွန်နက်ရှိုင်းသော ဓားဒဏ်ရာ တစ်ခုရှိနေသည်။ အရိုးဖြူများပင် ပေါ်နေ၏။ ကုရုံထျန်းက သူ့လက်များကို စိုက်ကြည့်ရင်း ငြိမ်သွားသည်။

သူက ယန်ယဲ့ကို စိုက်ကြည့်ရင်း
“အံ့သြစရာပဲ” စကားပြောပြီးသည်နှင့်
ယန်ယဲ့၏အထက် ကောင်းကင်ပေါ်သို့
ခုန်တက်လိုက်ပြီး လက်ဝါးနှစ်ဖက်ကို
အုပ်လိုက်သည်။ သူ့လက်ဖဝါးအောက်မှ
ထူးဆန်းသောတံဆိပ်တစ်ခု
ထွက်ပေါ်လာသည်။
တံဆိပ်ပေါ်လာသည်နှင့် ပတ်ဝန်းကျင်ရှိ
အာကာသပြင်သည် တုန်လှုပ်သွားသည်။

ခဏအကြာတွင် အထပ်ထပ်

ပေါင်းစည်းထားသော လက်ဖဝါးများက

ယန်ယဲ့အပေါ် ကျဆင်းလာသည်။

ယန်ယဲ့၏မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားသည်။

သူ၏မျက်လုံးများထဲ၌

လေးနက်သောအရိပ်အယောင်များရှိနေ

သည်။ သူသည် ပေါ့ပေါ့ဆဆ

မလုပ်ဆောင်ဝံ့ဘဲ

လက်ကိုအနည်းငယ်မြှောက်ကာ ထားဖြင့်

ထိုးလိုက်သည်။

တံဆိပ်အလယ်တည့်တည့်သို့

ထိုးသွင်းလိုက်သည်။

“ဘုန်း…”

ယန်ယဲ့၏ခြေထောက်အောက်က

လှေကျင့်ရေးကွင်းပြင်သည်

တုန်ခါသွားပြီး မြေပြင်တစ်ခုလုံးလည်း

တုန်ခါလာသည်။ တစ်ချိန်တည်းမှာပင်

မြေပြင်မှ သေးငယ်သော

အတားအဆီးအလွှာများ လွင့်ပျံလာကာ

လေ့ကျင့်ရေးကွင်းပြင်ကို

ဖုံးလွှမ်းသွားခဲ့သည်။

အလင်းအတားအဆီးများပေါ်လာသည်နှ

င့်တစ်ပြိုင်နက်

လေ့ကျင့်ရေးကွင်းပြင်သည်

တုန်လှုပ်နေရာမှ ရပ်တန့်သွားသည်။

ဤအချိန်တွင် ယန်ယဲ့၏ခြေများက သူ့ရှေ့သို့

ရောက်လာသော တံဆိပ်၏အလယ်

တည့်တည့်ကို ထိုးသွင်းထားသည်။

ယန်ယဲ့၏ခြေများက

ပြင်းထန်စွာတုန်ခါသွားသည်။ တံဆိပ်

က ရုတ်တရက်ပင် ပြင်းထန်စွာ

လှုပ်ခါသွားသည်။ ထိုနောက်

တံဆိပ်အထဲမှ ပြင်းထန်သော

စွမ်းအားလှိုင်းကြီးတစ်ခု
ပေါက်ကွဲထွက်လာသည်။

“ဘုန်း...”

ယန်ယဲ့သည် (၃)ကီလိုမီတာအကွာအထိ
ချက်ချင်းပင် လွင့်ထွက်သွားခဲ့သည်။

“ဘုန်း...”

သူ့ခြေထောက်က မြေပြင်ကို
နင်းလိုက်သည်နှင့် လေ့ကျင့်ရေးကွင်းပြင်
တစ်လျှောက်လုံးပြင်းထန်စွာ
လှုပ်ခါသွားသည်။ ယန်ယွဲ့သည်
သူ၏ညာဘက်လက်မောင်းကို တစ်ချက်
ငုံ့ကြည့်လိုက်သည်။ ဒီအချိန်မှာ
သူ၏ညာဘက်လက်မောင်းက
အက်ရာများ ဖုံးလွှမ်းနေသည်။

“မယုံနိုင်စရာဘဲ” ကုရုံထျန်းက ရုတ်တရက် ပြောခဲ့သည်။

“ဒီတံဆိပ်က ငါ့ရှေးဖြစ်ဟော လမ်းကြောင်းရဲ့ ရတနာ လက်နက်တွေအထဲက တစ်ခုပဲ။ အန္တိမစွမ်းအားတွေပိုင်ဆိုင်ထားတယ်။ အတိတ်တစ်ချိန်က အလယ်အလတ် စျာန်သခင်ကိုသတ်ဖို့ ဒါကို သုံးလိုက်တယ်။ ဒါပေမဲ့

မင်းကျတော့ဒဏ်ရာပဲရသွားလိမ့်မယ်လို့ ငါဘယ်တုန်းကမှ မထင်ထားဘူး”

ယန်ယွဲ့သည် ကုရှုံထျန်းရှေ့တွင် လွှင့်မျောနေသော တံဆိပ်ပြားကို ငုံ့ကြည့်ကာ “ကံမကောင်းစွာဘဲ မင်းက အားနည်းလွန်းတယ်။ မင်းသာ နည်းနည်းလေး သန်မာနေရင် ငါတောင်ဒဏ်ရာအပြင်းအထန်ရသွားနိုင်တယ်”

သူ၏ပါးစပ်ထောင့်တွင် အပြုံးတစ်ခုက "ဒါဟာ ငါ့လက်ထဲမှာဆိုရင် ပိုပြီး အားကောင်းလိမ့်မယ်"

ထိုစကားကြားသောအခါ ကုရုံထျန်းက သူ၏ဘယ်ဘက်လက်သီးကို ဖြည်းညင်းစွာ ဆုပ်လိုက်သည်။ "ဒါဟာ မင်းမှာ အရည်အချင်းရှိမရှိပေါ်မှာဘဲ မူတည်တယ်"

စကားပြောပြီးနောက် သူ၏ဘယ်လက်ကို ဆန့်ထုတ်ကာ တံဆိပ်ပြားကို ဖမ်းကိုင်လိုက်သည်။ တံဆိပ်က ပြင်းထန်စွာ တုန်ခါသွားပြီး ရှေ့သို့ လင်းလက်သွားကာ ယန်ယွဲ့ဆီသို့ တည့်တည့်တိုးဝင်သွားသည်။ တံဆိပ်အထဲမှ ဖြာထွက်လာသော စွမ်းအားလှိုင်းက အနီးအနားရှိ အာကာသပြင်ကို

တုန်လှုပ်သွားစေခဲ့သည်။

တစ်ချိန်တည်းတွင် ဤနေရာသည်

ကွဲအက်သွားပုံရသည်။

အလွန်ပင်ထိတ်လန့်စရာကောင်းစော

မြင်ကွင်းတစ်ခုပါ။

ယန်ယွဲ့၏အမူအရာက

တည်ငြိမ်နေသည်။ ရှေ့သို့

ခြေတစ်လှမ်းတိုးလိုက်ပြီးနောက်

သူ၏လက်ထဲမှ ဓားက

ပျောက်ကွယ်သွားခဲ့သည်။
ခဏအကြာတွင် သူ၏လက်နှစ်ဖက်မှ
နဂါးလက်သည်းနှစ်ဖက် ပေါ်လာပြီး
တံဆိပ်ကို ဖမ်းဆုပ်လိုက်သည်။

“ဘုန်း…”

နဂါးလက်သည်းများက တံဆိပ်ကို
အမိအရ ဆုပ်ကိုင်လိုက်သည်။

“အုန်း…”

ယန်ယဲ့သည် (၁) ကီလိုမီတာအကွာအထိ ချက်ချင်းပင် လွင့်ထွက်သွားသည်။ သို့သော် သူသည် တံဆိပ်ပြားကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားသေးသည်။ သို့ရာတွင် တံဆိပ်မှ ပေါက်ကွဲထွက်လာသော စွမ်းအင်ကို တောင့်ခံမထားနိုင်တော့ပေ။ ဤအချိန်တွင် ယန်ယဲ့က တံဆိပ်ပြား

ဖမ်းဆုပ်ထားသောကြောင့်
ကုရုံထျန်း၏မျက်နှာက
အလွန်လေးနက်သော
အမူအရာပြနေသည်။

ဤအခိုက်အတန့်တွင်
အလယ်အလတ်စျာန်သခင်တောင်
ရုပ်ခန္ဓာဖြင့် ခုခံရန် မဖြစ်နိုင်သောကြောင့်
သူ့စိတ်ထဲ အလွန်တုန်လှုပ်သွားခဲ့သည်။
တစ်နည်းအားဖြင့် ယန်ယဲ့၏ရုပ်ခန္ဓာက

သူထင်ထားသည်ထက်ပင်

ကျော်လွန်သွားခဲ့သည်။

ကုရုံထျန်းက ထိတ်လန့်စိတ်ကို

ထိန်းထားကာ ညာခြေကို

တစ်ချက်ဆောင့်ပြီး ယန်ယွဲ့ဆီသို့

ခုန်ဝင်သွားခဲ့သည်။

ယန်ယွဲ့၏နောက်ကျောဘက်မှ

ဓားအလင်းတန်းတစ်ချက်လင်းလက်လာ

ကာ ကုရုံထျန်းရှေ့သို့ တိုးဝင်သွားသည်။

ကုရုံထျန်းက သူ့လက်ကို မြှောက်လိုက်ပြီး ရှေ့သို့ လက်သီးဖြင့် ထိုးလိုက်သည်။

“ခွမ်း…”

ယန်ယွဲ၏ဓားက လက်သီးကြောင့် ရပ်တန့်သွားသည်။ ကုရုံထန်က ဆက်ပြီး တိုက်ခိုက်ရန် ပြင်လိုက်စဉ်

သူ၏အမူအရာက ရုတ်တရက်
ဆိုးရွားသွားသည်။ ယန်ယွဲ့က သူ့ကို
ပြုံးပြနေတာကြောင့်ပါ။ ထိုနောက်
ယန်ယွဲ့၏လက်ကို ကြည့်လိုက်ရာ
တံဆိပ်ပြားမရှိတော့ပေ။

တံဆိပ်ပျောက်သွားပြီးလား...။

ကုရုံထျန်းက ယန်ယွဲ့ကို စူးစူးရဲရဲ
စိုက်ကြည့်သည်။ "ဘယ်မှာလဲ..."

“ဘယ်မှာလဲ...။ ဘာကိုမေးတာလဲ...”

ယန်ယဲ့က

အံ့သြသွားပြီး“မင်းဘာကိုပြောတာလဲ...”

ကုရှံထျန်းက  ဒေါသတကြီးဖြင့်

“လူမိုက်ပဲ၊

လှည့်ကွက်တွေကစားနေတာရပ်လိုက်”

“အို့...”

ယန်ယဲ့က “မင်းက အဲ့ဒီ တံဆိပ်အကြောင်း ပြောနေတာ။ အင်း ဟုတ်တယ် အဲ့ဒီ တံဆိပ်က အခု ငါ့ဥစ္စာ ငါပိုင်သွားပြီ။ နားလည်လား...”

ကုရုံထျန်းက ယန်ယဲ့ကို အချိန်အတော်ကြာ စိုက်ကြည့်ပြီးနောက် သူ့လက်နှစ်ဖက်ကို

စတင်လှုပ်ရှားလိုက်သည်။ သူ၏
လက်ဝါးနှစ်ဖက်မှ စွမ်းအင်လှိုင်းများ
အဆက်မပြတ်ထွက်ပေါ်လာတော့သည်။

ဆင့်ခေါ်ခြင်း။ သူသည် တံဆိပ်ကို
ပြန်ပြီး ဆင့်ခေါ်နေသည်။

မူလစေတီအထဲတွင် ထူးဆန်းသော
တံဆိပ်ပြားတစ်ခုက
ကောင်းကင်အထက်သို့

လွင့်မျောသွားကာ

ကောင်းကင်ယံအထက်၌

လွင့်မျောနေသော

ရွှေရောင်စေတီငယ်လေးကို

တိုက်မိသွားသည်။

တံဆိပ်က ကိုယ်ပိုင်

အသိစိတ်ရှိနေသောကြောင့်

ထွက်သွားလိုပါက မည်သူ့ကို

တိုက်ခိုက်ရမည်ဖြစ်ကြောင်း

ကောင်းကောင်းသိနေပုံပါ။
နှင်းပွင့်လေးနှင့် တျန်းရှုတို့က
ဤနေရာ၏ ပိုင်ရှင်မဟုတ်ကြောင်း
ရှင်းရှင်းလင်းလင်းသိထားခဲ့သည်။
ထို့ကြောင့် သူတို့ကို တိုက်ခိုက်ရင်တောင်
ကွဲပြားသွားမည်မဟုတ်ပေ။

ထိုနောက်တွင်တံဆိပ်က
မူလစေတီတော်၏ အသိစိတ်ဝိညဉ်ကို
သတိပြုမိခဲ့သည်။ ထို့ကြောင့် တံဆိပ်က

တွန့်ဆုတ်မနေဘဲ မူလစေတီ၏

အသိစိတ်ကို

ချက်ချင်းတွန်းလှန်လိုက်သည်။

နှင်းပွင့်က ထိုမြင်ကွင်းကို ကြည့်ကာ

မျက်တောင်ခတ်လိုက်ပြီး တျန်းရှူကို

စိုက်ကြည့်လိုက်သည်။

သူမ၏ဆိုလိုရင်းက ထိုမျော်တံဆိပ်ပြား

ဘာလုပ်ဖို့ကြိုးစားနေလဲ ဟု

မေးနေတာပါ။

တျန်းရှူက ခဏမျှ စဉ်းစားပြီး
“တိုက်ခိုက်ချင်တယ်”

နှင်းပွင့်က မျက်တောင်ခတ်ပြီး အပေါ်ကို
မော့ကြည့်ပြန်သည်။

Translated by NyiNyiSoe

..အပိုင်း ၂၄၁၀

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

ဤအချိန်တွင်

ရွှေရောင်စေတီငယ်လေးက ရွှေရောင်

အလင်းတန်းတစ်ခုအဖြစ်သို့ ပြောင်းကာ

တံဆိပ်ပြားနှင့်

တည့်တည့်ထိမှန်သွားသည်။

“ဘုန်း...”

တံဆိပ်ပြားက ချက်ချင်းပင်
မြေပြင်ပေါ်သို့ ပြုတ်ကျလာသည်။

“ဘန်း…”

မြေပြင်သည် ပြင်းထန်စွာ တုန်ခါသွားပြီး
ဖုန်မှုန့်များနှင့် အညစ်အကြေးများ
တိမ်တိုက်များအကြားသို့
လွင့်ပျံသွားသည် သို့သော်

အဆုံးတော့မဟုတ်သေးပါ။ အပေါ်မှ

ရွှေရောင်အလင်းတန်းများ ဒလဟော

ဆင်းသက်လာသည်။

ရွှေရောင်အလင်းများ၏ဦးတည်ရာက

အောက်မြေပြင်ပေါ်ရှိ

တံဆိပ်ပြားအပေါ်သို့ပါ။ ပြင်းထန်သော

တိုက်ခိုက်မှုပင်ဖြစ်သည်။

နှင်းပွင့်နှင့် တျမ်းရှူက

နောက်ဆက်ဖြစ်လာသည့်

မြင်ကွင်းကိုမကြည့်နိုင်တော့ပေ။

နောက်ဆုံးတွင် နှင်းပွင့်လေးက

ရွှေရောင်စေတီငယ်လေးကိုကြည့်ကာ

သူမ၏ခြေသည်းလေးများကို

ဝှေ့ယမ်းလိုက်သည်။ ထိုအခါ

ရွှေရောင်အလင်းတန်းများ ထပ်ပြီး

ဆင်းသက်မလာတော့ပေ။

မူလစေတီ၏အသိစိတ်က နှင်းပွင့်ကို

အမြဲတမ်း မျက်နှာသာပေးလိုပုံရသည်။

နှင်းပွင့်က တံဆိပ်ပြားအပေါ်သို့

ပြန်တက်သွားသည်။ ဤအချိန်တွင်

တံဆိပ်ပြားက အရောင်အနည်းငယ်

မှိန်ဖျော့နေခဲ့သည်။ သိသိသာသာပင်

ပြင်းထန်သော ဒဏ်ရာများ ရခဲ့သည်။

နှင်းပွင့်က တံဆိပ်ပြားကို ပေါ့ပေါ့ပါးပါး

ပွတ်သပ်ပြီးနောက်

သူမ၏လက်သည်းလေးများကို

စတင်ဝှေ့ယမ်းလိုက်သည်။ သူမလေးက
တစ်စုံတစ်ခုကို ပြောရန် ကြိုးစားနေပုံပါ။

တျန်းရှူက ရုတ်တရက် "နှင်းပွင့်က နင့်ကို
တောင်ပန်ဖို့ပြောနေတာ။
နင်တောင်ပန်ရင် နောက်ထပ် အရိုက်ခံမှာ
မဟုတ်ဘူး"

"ဘန်း…"

တံဆိပ်ပြားမှ  ကြောက်မက်ဖွယ်ကောင်း

စော အရှိန်အဝါ ပေါက်ကွဲထွက်လာကာ

နှင်းပွင့်လေးကို လွင့်ထွက်သွားစေသည်။

ကံကောင်းထောက်မစွာ အဓိပတိဓားက

နှင်းပွင့်ရှေ့တွင် ရုတ်တရက်ပေါ်လာပြီး

အားလှိုင်းအများစုကို

ခုခံထားလိုက်သည်။

ဤအချိန်တွင် နှင်းပွင့်က အတော်လေး

တုန်လှုပ်နေကာ

ပက်လက်လဲလျောင်းနေသည်။

ဤအခိုက်အတန့်တွင် နဂါးတံဆိပ်မှ

ကြောက်မက်ဖွယ်ရာကောင်းသော

စွမ်းအားလှိုင်းများထွက်ပေါ်လာပြီး

ကမ္ဘာတစ်ခုလုံးသည် သာမန်အဖြစ်သို့

ပြောင်းလဲသွားပုံရသည်။ ၎င်းသည်

ဤနေရာရှိ ကမ္ဘာကြီးကို

ဖျက်ဆီးပစ်လိုပုံရသည်။

နှင်းပွင့်လေးက ရွှေရောင်စေတီငယ်ကို မော့ကြည့်ပြီး မျက်တောင်ခတ်ကာ လက်သည်းများကို ဝှေ့ယမ်းလိုက်သည်။ ဤအချိန်တွင် သူမရှေ့၌ အသားတုံး တစ်တုံး ပေါ်လာသည်။ နှင်းပွင့်က ဆက်ပြီးမပြောတော့ဘဲ အသားတုံးကို ကိုင်ကာ ကိုက်ချလိုက်သည်။ ထိုနောက် တျန်းရှူအနားသို့ ပြန်လျှောက်သွားသည်။ ထိုအတိုင်းပင် ကလေးနှစ်ယောက်က

ကောင်းကင်အထက်ကိုမျှော်ကြည့်ရင်း

အသားပေါင်မုန့်ကို

ကိုက်စားနေကြသည်။ နှစ်ယောက်သား

ပြပွဲတစ်ခု ကြည့်နေသလိုပင်။

“ဘုန်း…”

ကျယ်လောင်သော

ပေါက်ကွဲသံတစ်ချက်ထွက်ပေါ်လာပြီး

နောက် အနက်ရောင် ပုံရိပ်တစ်ခု

ပြုတ်ကျလာသည်။ တံဆိပ်ပြားက

မူလစေတီ၏အသိစိတ်ဝိညဉ်ကို

တွန်းလှန်ရန်

အစွမ်းကုန်ကြိုးစားနေသည်။ မူလစေတီ

၏အပြင်ဘက်တွင်မူ ကုရုံထန်၏

မျက်နှာက အတော်လေး

ဆိုးရွားလာသည်။

အမျိုးမျိုးဆင့်ခေါ်နေသောလည်း

လုံးဝမတုံ့ပြန်ခဲ့ပါ။

တံဆိပ်ပြား မရှိတော့ပါ။

ကုရုံထျန်းက ယန်ယဲ့ကို
အကြာကြီးစိုက်ကြည့်ကာ "ငါဒါကို
မှတ်ထားမယ်" ပြောပြီးသည်နှင့်
တစ်ပြိုင်နက်
လှည့်ထွက်သွားရန်ပြင်လိုက်သည်။

သူသည် မျော်တံဆိပ်ပြားကို
ဆုံးရှုံးသွားသောကြောင့် ယန်ယဲ့ကို

ရင်ဆိုင်ဖို့ ယုံကြည်မှုလုံးဝ မရှိခဲ့ပေ။
ထိုကြောင့် ထွက်ခွာရန်
ပြတ်ပြတ်သားသား
ရွေးချယ်လိုက်သည်။

သို့သော် ယန်ယဲ့သည် ကုရုံထျန်းနှင့်
မလှမ်းမကမ်းတွင် ရုတ်တရက်
ပေါ်လာပြီး အပြုံးဖြင့် "ဘာလဲ
အခုမြန်မြန် ထွက်သွားတော့မှာလား..."

ကုရုံထျန်းက သူ၏လက်သီးများကို
ဖြည်းညင်းစွာဆုပ်ထားသည်။
ဤအချိန်တွင် သူသည် အလွယ်တကူ
ထွက်မသွားနိုင်တော့ကြောင်း
သိလိုက်သည်။
ခဏမျှတိတ်ဆိတ်သွားပြီးနောက်
ကုရုံထျန်းက နေရာမှာပင် ဖျတ်ခနဲ
ပျောက်ကွယ်သွားခဲ့သည်။ ထိုနောက်တွင်
အရိပ်တစ်ခုက

ယန်ယဲ့ရှေ့တွင်ပေါ်လာသည်။

ယန်ယဲ့သည် မည်သည့်

ဓားနည်းစနစ်ကိုမှ အသုံးမပြုခဲ့ပေ။

သူ၏ဓားဖြင့် ရှေ့ကို သာမန်အတိုင်းသာ

လှမ်းထိုးလိုက်သည်။ သို့သော်

အရိပ်သည် ချက်ချင်းပင် သဲလွန်စမရှိဘဲ

ပျောက်ကွယ်သွားခဲ့သည်။

ခဏလေးအတွင်း အရိပ်က

(၁)ကီလိုမီတာအကွာသို့ ရောက်နေပါပြီ။

သို့သော် ယန်ယဲ့သည်

ဖျတ်ခနဲပျောက်သွားပြီး အရိပ်ရှေ့တွင်

ပြန်ပေါ်လာကာ  ကုရုံထန်၏နဖူးအလယ်

သို့ ဓားနှင့်ဖိကပ်ထားလိုက်သည်။

သေခြင်းရှင်ခြင်းအခိုက်အတန့်အတွင်

ကုရုံထျန်းက

အလွန်ထိတ်လန့်သွားသော်လည်း

သူ၏တုံ့ပြန်မှုက နှေးကွေးခြင်းမရှိပေ။

သူ၏လက်ဝါးနှစ်ဖက်ကို ပူးကပ်လျက်
ရှေ့သို့ ဆောင့်တွန်းချလိုက်သည်။

“အုန်း…”

လက်ဝါးနှစ်ဖက်မှ
ကြောက်မက်ဖွယ်အားလှိုင်းများ
ပေါက်ကွဲလာကာ ယန်ယွဲ့အား
မီတာ(၃၀၀)အကွာသို့
ပြန်ဆုတ်သွားစေသည်။ သို့သော်လည်း

ကုရုံထျန်း၏လက်နှစ်ဖက် မရှိတော့ပေ။

ထိုခဏလေးမှာပဲ ယန်ယွဲ့ကို

နောက်ပြန်ရိုက်ထုတ်ဖို့အတွက်

သူ၏လက်နှစ်ဖက်စလုံးကို

စွန့်လွှတ်လိုက်ရသည်။ ယန်ယွဲ့သည်

သဘာဝအတိုင်းမရပ်တန့်ဘဲ

နေရာမှာပင်ပျောက်သွားပြန်သည်။

သို့သော် ကုရုံထျန်းအနားသို့မရောက်ခင်

လျှို့ဝှက်ဆန်းကြယ်သော
စွမ်းအားလှိုင်းများ ရုတ်ခြည်းပေါ်လာကာ

သူ့အား (၃) ကီလိုမီတာအကွာသို့
လွင့်ထွက်သွားစေသည်။

ယန်ယဲ့က ရပ်လိုက်ပြီး သူ့လက်ကို
တစ်ချက်ငုံ့ကြည့်လိုက်ရာ
တုန်ရီနေသူသည်ကို သတိပြုမိသည်။
သူမော့ကြည့်လိုက်သည့်အခါ

ကုရုံထျန်းနှင့် သိပ်မဝေးသည့် နေရာတွင်

အဘိုးကြီးတစ်ယောက်ကို

တွေ့လိုက်ရသည်။

အဘိုးကြီးက

ယန်ယဲ့ကိုစိုက်ကြည့်နေသည်။ ယန်ယဲ့က

သူ့လက်ကို အနည်းငယ်

ယမ်းကာပြုံးလိုက်သည်။

"ဒါဆို ရှေးဖြစ်ဟောလမ်းကြောင်းက ဘယ်လိုလဲ…။ လူငယ်မျိုးဆက်တွေ ကျရှုံးရင် အကြီးအကဲလာမယ်။ အခု လက်တွေ့ပဲ"

အဘိုးကြီးက "ဒါဟာ ဓားချင်းပြိုင်ရုံပဲဆိုတော့ သေခြင်းရှင်ခြင်းကို ဘာကြောင့် ဆုံးဖြတ်ရတာလဲ…"

ယန်ယဲ့က “ကောင်းပါပြီ။ အရှုံးကို

လက်မခံနိုင်ရင် ငါ့ကိုလာမရှာနဲ့တော့”

စကားပြောပြီးနောက်

လှည့်ထွက်သွားသည်။

အဘိုးကြီးနှင့်

ကုရုံထျန်း၏အမူအရာများသည်

အလွန်ဆိုးရွားလှသည်။

အဘိုးကြီးက ယန်ယဲ့ကို စိုက်ကြည့်ပြီး

“မကြာခင် ပြန်တွေ့ကြတာပေါ့”

စကားပြောပြီးနောက် ကုရုံထျန်နှင့်

ထွက်သွားရန် ပြင်လိုက်သည်။

ဤအချိန်တွင် တိမ်တိုက်များ

အကြားမှ  ရောမ လက်ဝါးကြီးတစ်ဖက်

ရုတ်တရက် ဆန့်ထွက်လာကာ

ကုရုံထျန်းနှင့် အဘိုးအိုကို

ရိုက်ချလိုက်သည်။အဘိုးကြီး၏အမူအ

ရာသည် သိသိသာသာ

ပြောင်းလဲသွားသည်။ သူပြန်ပြီး

တိုက်ခိုက်ရန်ပြင်လိုက်စဉ် ဧရာမ

လက်ဖဝါးကြီးက ရုတ်တရက်

အရှိန်မြန်လာကာ သူတို့အပေါ်

ဖိချလိုက်သည်။

“ဘုန်း…”

လေ့ကျင့်ရေးကွင်းပြင်တစ်ခုလုံး

တုန်လှုပ်သွားခဲ့သည်။ ယန်ယွဲ့သည်

လေ့ကျင့်ရေး ကွင်းပြင်ကို

ဖုံးလွှမ်းထားသည့်

အလင်းအတားအဆီးတွင်

အက်ကြောင်းများပေါ်လာသည်ကို

သတိပြုမိလိုက်သည်။

သူမော့ကြည့်လိုက်ရာ

ကောင်းကင်ယံအထက်၌

သက်လတ်ပိုင်းအမျိုးသားတစ်ဦးကို
တွေ့လိုက်ရသည်။ ၎င်းသည် သူ့အား
လက်နက်လမ်းစဉ်ကို လှည့်စားပြီး
ဖိတ်ခေါ်ခဲ့သော
သိုင်းပညာဦးရီးတော်ပင်ဖြစ်သည်။
သို့သော် သူ၏ပင်မခန္ဓာကိုယ်မဟုတ်ပေ။

သက်လတ်ပိုင်းအမျိုးသားက
ယန်ယွဲ့ကိုစိုက်ကြည့်ပြီး “ငါနဲ့လိုက်ခဲ့”
စကားပြောပြီးနောက်

ကောင်းကင်အထက်သို့

ပျောက်ကွယ်သွားသည်။ ယန်ယဲ့သည်

ပခုံးတွန့်ပြီး နေရာမှာပင် ဖျတ်ခနဲ

ပျောက်သွားခဲ့သည်။

မွန်မြတ်ခြင်းခန်းမ။

ဤအခိုက်အတန့်တွင်

သက်လတ်ပိုင်းအမျိုးသားနှင့်ယန်ယဲ့တို့

နှစ်ယောက်သာ ရှိခဲ့သည်။

သက်လတ်ပိုင်းအမျိုးသားက ယန်ယဲ့ကို

ခဏစိုက်ကြည့်နေပြီးနောက်

“မဆိုးပါဘူး။ တကယ်ကိုမဆိုးဘူး။

မင်းရဲ့ခွန်အားက ငါတို့

နောက်ဆုံးတွေ့တုန်းကထက်

အများကြီးပိုလာတယ်။ ဒါဟာ ငါက

အရည်အချင်းတွေကို

ဘယ်လောက်တောင် မြင်နိုင်လဲဆိုတာ

သက်သေပြနေတယ်။ ဟား…ဟား…”

ယန်ယဲ့က စကားမပြောနိုင်သလို
ခံစားနေရသည်။

ဤအချိန်တွင်
သက်လတ်ပိုင်းအမျိုးသားက “မင်းကို
ပြောစရာရှိတဲ့အတွက် ဒီကိုလာဖို့
အချိန်တစ်ခုယူထားရတယ်။
ပထမဆုံးအနေနဲ့ မင်းဒီမှာ
လုပ်ခဲ့သမျှအကြောင်းအကုန်

ငါသိပါတယ်။ မဆိုးပါဘူး။

မင်းအရမ်းကောင်းတယ်။ ခွန်အားနဲ့

အလားအလာတွေကို

မင်းထုတ်ဖော်လေလေ မင်းအသက်ရှင်ဖို့

အခွင့်အရေး များလေလေပဲ။

ဘာလို့လဲဆိုတာသိလား...”

ယန်ယဲ့က ခေါင်းယမ်းလိုက်သည်။

သက်လတ်ပိုင်းအမျိုးသားက

“လမ်းကြောင်းများအကြားကတိုက်ပွဲက

ငါတို့လက်နက်လမ်းစဉ်မှာတင်

အတွင်းရေးတိုက်ပွဲဖြစ်ရုံတင်မကဘူး။

အခြားလမ်းစဉ်တွေ ဥပမာ

လက်နက်လမ်းစဉ်

တာအိုလမ်းစဉ်  ကွန်ဖြူးရှပ်လမ်းစဉ် နဲ့

ဗုဒ္ဓလမ်းစဉ်တွေလည်းပါတယ်။

ငါတို့အကြားက

အဆက်အသွယ်မရှိတာတောင်
လူတိုင်းက တစ်ခုခုအတွက်
တိုက်ပွဲဝင်နေကြတယ်”

ယန်ယဲ့က “ဘာအတွက်လဲ...”

“ကံကြမ္မာ”

သက်လတ်ပိုင်းအမျိုးသားက
“ကံကြမ္မာ(ကံတရား)ဆိုတာ ကမ္ဘာပေါ်မှာ

တကယ်ရှိတယ်။

ငါ့သတ်ဖြတ်ခြင်းလမ်းကြောင်းက

ဘာလို့ ပျက်စီးသွားလဲဆိုတာ

မင်းသိလား…။

အခြားအကြောင်းပြချက်တွေတော့

ငါမပြောတော့ဘူး ဒါပေမဲ့

အဆုံးသတ်မှာတော့ အဲ့ဒီအထဲက

တစ်ခုက ကံကြမ္မာစွမ်းအား။

ကံကြမ္မာစွမ်းအားအတွက်တိုက်ပွဲမှာ

ငါတို့ သတ်ဖြတ်ခြင်းလမ်းကြောင်းက

ရှေးဖြစ်ဟောလမ်းကြောင်းကို

ရှုံးနိမ့်ခဲ့တယ်။ ဟုတ်တယ်။

စီနီယာအစ်ကိုလည်း အသုံးမကျဘူး။

တကယ်လို့ ငါသာ အဲ့ဒီနေရာမှာ ရှိနေရင်

ငါ့သတ်ဖြတ်ခြင်းလမ်းကြောင်းက

ဘယ်လိုရှုံးနိမ့်မလဲ...။ သူရဲ့

သနားညှာတာတက်တဲ့

ဂရုဏာစိတ်ထားက ငါတို့

သတ်ဖြတ်ခြင်းလမ်းကြောင်းတစ်ခုလုံး
ကို ပျက်စီးသွားစေတယ်”

ယန်ယဲ့က သက်လတ်ပိုင်းအမျိုးသားကို
တစ်ချက်ကြည့်လိုက်သည်။

သက်လတ်ပိုင်းအမျိုးသားက
“ဒါဟာမင်းနဲ့တူတယ်။
မင်းရဲ့လက်ရှိအောင်မြင်မှုတွေကို
ဘာကြောင့် အောင်မြင်နိုင်တာလဲ။

မင်းရဲ့ကြိုးစားအားထုတ်မှုအပြင်

ကံကြမ္မာစွမ်းအားလည်း ပါဝင်ခဲ့တယ်။

တာအိုလမ်းစဉ်ရဲ့

အထွတ်အမြတ်တည်ရှိမှု။ ဒါမှမဟုတ်

ငါ့လိုမျိုး မင်းကိုကူညီပေးခဲ့တဲ့လူတွေက

ငါတို့အားလုံးဟာ မင်းရဲ့

ကံတရားမှာတစ်စိတ်တစ်ပိုင်းပါတယ်။

ဒါပေမဲ့ ယင်ရှိတဲ့နေရာမှာ ယန်ရှိတယ်။

ကံကြမ္မာစွမ်းအားက အမျိုးမျိုးသော

အန္တရာယ်တွေနဲ့အတူ ယှဉ်တွဲနေတယ်

ဒီတော့ တာအိုလမ်းစဉ်အရ ယင်နဲ့ယန်

သီအိုရီကို တော်တော်လေး

သဘောတူပါတယ်”

ယန်ယဲ့က “အကြီးအကဲ၊

ငါမင်းနဲ့တွေ့ဆုံပြီးကတည်းက မင်းက

လှည့်စားတက်တဲ့လူမဟုတ်ဘူးဆိုတာ

နားလည်လိုက်တယ်။ မင်းငါ့ကို

အသုံးချချင်တာကြောင့် ဒီကို

လာခိုင်းတာလို့ ပြတ်ပြတ်သားသား ပြောခဲ့တယ်။ ဒါပေမဲ့ ငါလာခဲ့သေးတယ်။ အဲ့ဒါကြောင့် မင်း ငါ့ကို ကျေးဇူးပြုန်ဆပ်ရမယ်။ ဒီတော့ ဒါဟာ ပွင့်ပွင့်လင်းလင်း လုပ်ဆောင်မဲ့ အစီအစဉ်ဖြစ်တော့ ငါက ငြင်းလို့မရဘူး”

သက်လတ်ပိုင်းအမျိုးသားက “မင်းဘာပြောချင်တာလဲ...”ဟုမေးလိုက်သည်။

ယန်ယဲ့က အသက်ပြင်းပြင်းရှူပြီး

“ငါ့နောက်မှာ

မကောင်းဆိုးဝါးရတနာတစ်ခုရှိနေတယ်

ဆိုတာ မင်းသိမှာသေချာတယ်။

အကြီးအကဲ မင်းငါ့ကို အသုံးချတာကို

ဘယ်လိုမှမထင်ဘူး။ ဒါပေမဲ့

ငါ့နောက်ကနေ

တကောက်ကောက်လိုက်လာတဲ့

ဒီပစ္စည်းကို သတ်လို့ရမလား ဒါမှမဟုတ်

မောင်းထုတ်လိုက်ရင်လည်း
အဆင်ပြေတယ်”

မကောင်းဆိုးဝါးလက်နက်။

သူ့နံဘေးတွင် ကပ်လျက်ပါလာသော
ဆူးပင်တစ်ပင်လိုပင်။
အချိန်မီမဖယ်နိုင်ပါက
စားဝင်အိပ်ပျော်နိုင်မည်မဟုတ်ပေ။
အကြောင်းမှာ

ထိုမကောင်းဆိုးဝါးလက်နက်က

မည်သည့်အချိန်တွင်

ထဖောက်လာမည်ကို

မသိသောကြောင့်ဖြစ်သည်။

Translated by NyiNyiSoe

May Be:

..အပိုင်း ၂၄၁၁

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

သက်လတ်ပိုင်းအမျိုးသားက ခဏကြာ

တိတ်ဆိတ်သွားပြီး

“ဒီမကောင်းဆိုးဝါးရတနာကို

လောလောဆယ် မထိရင်

အကောင်းဆုံးလို့ ထင်တယ်”

ယန်ယဲ့က အံ့သြသွားပြီး “ဘာလို့လဲ”

သက်လတ်ပိုင်းအမျိုးသားက
“ဒါကနည်းနည်း ထူးခြားတယ်” ဟု
ပြန်ဖြေသည်။

ယန်ယွဲ့က “ပြီးတော့…”

သက်လတ်ပိုင်းအမျိုးသားက “ဒါပါပဲ”
ဟု ပြန်ဖြေသည်။

ယန်ယဲ့သည်

စကားမပြောနိုင်လောက်အောင်ခံစားလို

က်ရသည်။

တစ်ချိန်တည်းမှာပင်

သက်လတ်ပိုင်းအမျိုးသားက "ကလေး

ငါက ကူညီဖို့ငြင်းနေတာမဟုတ်ဘူး။

ငါလည်း ဒါကို

အကူအညီမဲ့သလိုဖြစ်နေတာ။ ဒါက

တကယ်ကို ကြီးမားတဲ့ အရာတစ်ခုပဲ။

သူ့ဆီက ပြန်ရမဲ့ပြဿနာက
မင်းထင်ထားတာထက်
အများကြီးပိုကြီးမားတယ်”

ယန်ယဲ့က
“အမြဲတမ်းငါ့နောက်မှာရှိနေတယ်။ ဒါက
ဘယ်လိုအရာမှန်း မသိနိုင်ဘူး။ ဒီအရာက
တစ်ခုခုထဖောက်မှာကြောက်တယ်”

သက်လတ်ပိုင်းအမျိုးသားက
“ဘာကိုကြောက်တာလဲ။ မင်းကို
အခုချက်ချင်းဝါးမျိုလို့မရဘူး။
ဒါကြောင့် လျစ်လျူရှုထားလိုက်။
လက်နက်လမ်းစဉ်အကြောင်း
ပြောရအောင်။ ကလေး၊ မင်းအတွက်နဲ့
ငါ့မှာနကိုတောင် ဖယ်ချထားတယ်”

စကားပြောနေစဉ် သူက ယန်ယွဲ့ဆီသို့
ရွှေရောင်ကဒ်ပြားတစ်ပြား

ပစ်ပေးလိုက်ပြီး “ဒါဟာ သိုင်းအင်ပါယာ အကယ်ဒမီရဲ့ ဝင်ခွင့်စာ။ မင်းအဲ့ဒီကို သွားတက်လိုက်”

ယန်ယဲ့သည် သူ့အသံတွင် အနည်းငယ် အထင်အမြင်သေးမှု ပါဝင်လာကာ “အကြီးအကဲ၊ မင်းက ငါ့ကို အကယ်ဒမီတက်ခိုင်းနေတာလား…။ ငါလိုအပ်မယ်ထင်လို့လား…။

မင်းကိုလိမ်…”

သက်လတ်ပိုင်းအမျိုးသားက

ဒေါသတကြီးပြောလိုက်သည်။

“သိုင်းအင်ပါယာအကယ်ဒမီဆိုတာ

ဘာလဲမင်းသိလား…။ ငါလည်း အဲ့က

ဘွဲ့ရခဲ့တာ”

ယန်ယဲ့က ခေါင်းခါလိုင်ပြီး

“ငါငြင်းတယ်။ ငါ ဒီပြိုင်ပွဲကို

ဝင်ပြိုင်ပြီးတာနဲ့

ဒီကနေထွက်သွားတော့မယ်။ ဒါငါတို့ရဲ့

သဘောတူညီချက်ပဲ။

ဒါကြောင့်အခြားနေရာတွေမှာ

အချိန်ဖြုန်းဖို့ ငြင်းဆန်တယ်”

သက်လတ်ပိုင်းအမျိုးသားက အကြာကြီး

ငြိမ်သက်သွားပြီး

“သိုင်းအင်ပါယာအကယ်ဒမီကို

ဘယ်သူတည်ထောင်တာလဲသိလား...”

ဟုမေးလိုက်သည်။

ယန်ယဲ့က ခေါင်းခါလိုက်ပြီး “မသိဘူး ငါစိတ်လည်း မဝင်စားဘူး”

သက်လတ်ပိုင်းအမျိုးသားက “တစ်စုံတစ်ယောက်က ယန်လို့ အမည်ပေးထားတယ်”

ယန်ယဲ့သည်အံ့အားသင့်သွားသည်။ ယန်မျိုးရိုးနာမည်ပေးထားတယ်။

ယန်ယဲ့က အံ့အားသင့်သွားပြီး “မင်းဘာကိုဆိုလိုတာလဲ...”ဟုမေးလိုက်သည်။

သက်လတ်ပိုင်းအမျိုးသားက ယန်ယဲ့ကို စိုက်ကြည့်ကာ “ဒါတော့ ငါလည်းမသိဘူး။ ကလေးအဲ့ဒီနေရာက သာမန်မဟုတ်ဘူး။ တပည့်တွေက ဘယ်သူတွေလဲ သတိလား...။ သူတို့ရဲ့

တပည့်တွေက

မဟာမျိုးနွယ်စုကြီးလေးခုရဲ့

ကြီးကျယ်ခမ်းနားတဲ့

ဉာဏ်ကြီးရှင်တွေချည်းပဲ

အခြားမျိုးနွယ်ခြားအသီးသီးက

အကောင်းတကာအကောင်းဆုံးဉာဏ်

ကြီးရှင်တွေ”

သူကခနရပ်ပြီး “ဒါကို လောကသုံးပါးမှာ

နံပါတ်(၁)အကယ်ဒမီလို့

သတ်မှတ်နိုင်တယ်။ တာအိုလမ်းစဉ်နဲ့

ငါ့လက်နက်လမ်းစဉ်က

ဘိုးဘေးအဆက်ဆက်တောင်

အံ့ဒီနေရာမှာ

ဂုဏ်ထူးဆောင်အကြီးအကဲတွေ”

ယန်ယဲ့က “ဒါက

အရမ်းအားကောင်းတာပဲလား...”

သက်လတ်ပိုင်းအမျိုးသားက

ရယ်မောရင်း

“သိုင်းအင်ပါယာအကယ်ဒမီက

ကြီးကျယ်ခမ်းနားရုံတင်မကဘူး။

တကယ်

ကြောက်စရာကောင်းတဲ့အပိုင်းက

မဟာမျိုးနွယ်စုကြီးလေးခုရဲ့

ဘိုးဘေးတွေက မိတ်သဟာယဖွဲ့ဖို့

လုပ်ဆောင်နေကြတာပဲ။ ဒါအပြင်

အကယ်ဒမီက အမြဲတမ်း ကြားနေတယ်။
ဘယ်တိုက်ပွဲကိုမှ ဝင်ပြီးမစွက်ဖက်ဘူး။
ဟုတ်တယ် အဓိကကတော့
သူတို့ဟာမူလအစရှိလို့ပဲ”

ယန်ယဲ့က အံ့သြသွားသည်။
“မူလအစလား…။ အဲ့ဒါက ဘာလဲ…”

သက်လတ်ပိုင်းအမျိုးသားက “မင်း နတ်မျိုးနွယ်အကြောင်းသိတယ်။ ဟုတ်တယ်မလား…”ဟုမေးသည်။

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

သက်လတ်ပိုင်းအမျိုးသားက ဆက်ပြောသည်။ “နတ်မျိုးနွယ်အရှေ့မှာ ဘယ်မျိုးနွယ်ရှိခဲ့လဲဆိုတာ မင်းသိလား…”

ယန်ယဲ့က မျက်မှောင်ကြုတ်ကာ
"အကြီးအကဲ ဘာကိုဆိုလိုချင်တာလဲ..."

သက်လတ်ပိုင်းအမျိုးသားက
ဤသို့ရှင်းပြသည်။ "နတ်မျိုးနွယ်အပြင်
မျိုးနွယ်ခြားတွေနဲ့
အခြားမျိုးနွယ်ခြားအသီးသီးက
နတ်မျိုးနွယ် မတိုင်ခင်က
သမိုင်းအကြောင်းကို

လက်တွေ့ကျကျမသိကြဘူး။

မှတ်တမ်းမရှိလို့။ နတ်မျိုးနွယ်တောင်မှ

မှတ်တမ်းတွေအများကြီးရှိမှာမဟုတ်ဘူး

”

ယန်ယွဲ့က “ဒါဟာ

သိုင်းအင်ပါယာအကယ်ဒမီနဲ့

ဘယ်လိုသက်ဆိုင်လဲ...”

သက်လတ်ပိုင်းအမျိုးသားက

“သိုင်းအင်ပါယာအကယ်ဒမီက

မူလအစရှိနေလို့ပဲ။ မူလအစက

ငါတို့လက်ရှိသိထားတဲ့

သမိုင်းခေတ်မတိုင်မီ

ယဉ်ကျေးမှုမှတ်တမ်းတွေပါတဲ့

ကျောက်အမျိုးအစားဖြစ်တယ်။

တစ်ချို့အထူးကျောက်တုံးတွေက

ပုံရိပ်တွေကိုပုံဖော်နိုင်စွမ်းရှိတယ်။

သမိုင်းမတိုင်မီခေတ်က ယဉ်ကျေးမှုရဲ့
အထွတ်အမြတ် ပညာရှင်အချို့က
ဒီကျောက်တုံးတွေမှာ
မှတ်တမ်းတင်ထားတဲ့ လေ့ကျင့်မှု
ဒါမှမဟုတ်
တိုက်ပွဲဝင်တဲ့ပုံတွေပါရှိနေတယ်။ ဒီ
ကျောက်တုံးတွေကို အခုအချိန်ထိ
ထိန်းသိမ်းထားတယ်။ နားလည်လား...”

ယန်ယဲ့က မျက်မှောင်ကြုတ်ပြီး
“အဲ့ဒီခေတ်က ပညာရှင်တွေဟာ
အရမ်းသန်မာသလား…”

သက်လတ်ပိုင်းအမျိုးသားက
ခေါင်းညိတ်သည်။
“အင်မတန်အားကြီးတယ်။
သမိုင်းမတင်မီ ယဉ်ကျေးမှုက ငါတို့ထက်
အများကြီးသာတယ်။ မူလမျိုးနွယ်စုထဲမှ
မဟာမျိုးနွယ်ကြီး လေးခုကို

လေ့လာပြီးတဲ့နောက် ရောက်လာတဲ့
ကောက်ချက်တစ်ခု”

ယန်ယဲ့က အသံတိုးတိုးနှင့်
ပြောလိုက်သည်။ “သူတို့တွေ
အရမ်းသန်မာနေရင်
ဘာလို့ပျောက်ကွယ်သွားတာလဲ...။ဒါအ
ပြင် သူတို့က သဲလွန်စ မရှိဘဲ
ပျောက်သွားခဲ့တယ်”

သက်လတ်ပိုင်းအမျိုးသား

မျက်လုံးပြူးပြီး "ဒါကိုဖြေဖို့ ငါက

ဘယ်သူမို့လို့လဲ...။

ပျက်စီးသွားတာပဲဖြစ်ဖြစ်၊

အခြားစကြဝဠာတစ်ခုခုကို

ထွက်သွားတာပဲဖြစ်ဖြစ် အဲ့ဒါဟာ ငါတို့နဲ့

ဘာမှမဆိုင်ဘူး။ မင်းကို

သိုင်းအင်ပါယာအကယ်ဒမီကို

သွားစေချင်တဲ့အကြောင်းအရင်းက

ရိုးရိုးသားသားပြောရရင် မင်းအတွက်

ငါလုပ်ပေးနိုင်တာပဲ”

“ငါ့အတွက်လား...”

ယန်ယဲ့က သူ့မျက်လုံးများတွင်

အနည်းငယ် ထူးဆန်းသောအမူအရာဖြင့်

သူ့ကို စိုက်ကြည့်နေသည်။

သက်လတ်ပိုင်းအမျိုးသား

ဒေါ်သတကြီးနှင့် “ဒီအကြည့်က

ဘာသဘောလဲ ဟော့ကောင်။

မင်းပတ်ဝန်းကျင်မှာ ချည်နှောင်ထားတဲ့

ကံတားတွေက

အရမ်းများပြားလွန်းတယ်။ မင်းက ငါ့ရဲ့

လက်နက်လမ်းစဉ် တာအိုလမ်းစဉ်နဲ့

အခြားရေဝဲတွေ ကြားထဲကို

ရောက်သွားပြီ။ ရိုးရိုးသားသားပြောရရင်

ဒီကံတရားကြိုးတွေကို ဖြေရှင်းဖို့

အချိန်ရောက်တာနဲ့

မင်းအသက်ရှင်နေနိုင်မယ်ဆိုတာတောင်

ငါ့မယုံကြည်ဘူး။ ဒါပေမဲ့ မင်းသာ

သိုင်းအင်ပါယာအကယ်ဒမီကို သွားပြီး

အဆင့်အတန်း ကောင်းကောင်းရရင်

အကယ်ဒမီရဲ့ အားကိုးနဲ့ဆိုရင်

အသက်ရှင်ဖို့

အခွင့်အလမ်းပိုကောင်းလာလိမ့်မယ်”

ယန်ယဲ့က “အကြီးအကဲ

တစ်ခုခုတွေ့လိုက်ပြီးလား...”

သက်လတ်ပိုင်းအမျိုးသားက

ခေါင်းညိတ်ပြီး “ရိုးရိုးသားသားပြောရရင်

မင်းကို ဒီလိုလုပ်ခိုင်းတာ

ငါနည်းနည်းတော့ နောင်တရတယ်။

ငါ့အသိအရ မင်းကို

သတ်ချင်နေတာဟာ။

ငါ့လက်နက်လမ်းစဉ်က

အဖွဲ့ဝင်တွေတင်မကဘူး။ ဗုဒ္ဓလမ်းစဉ်နဲ့ တာအိုလမ်းစဉ်မှာတောင်မှ မင်းကို သတ်ချင်နေတဲ့လူတွေရှိနေတယ်။ ဒါပေမဲ့ အခုအချိန်မှာ အရမ်းကြီးရှေ့တိုးမလာဝံ့ကြဘူး။ အားလုံးက မင်းအနောက်ရပ်နေတဲ့လူကို အခြေအနေစောင့်ကြည့်နေကြတာ”

“ငါ့နောက်မှာ ရပ်နေတဲ့လူလား…”

ယန်ယဲ့က အံ့အားသင့်သွားပြီး

“ငါ့နောက်မှာ

တစ်ယောက်ယောက်ရှိလို့လား...။

အဲ့ဒါက ဘယ်လိုမျိုးလဲ ငါဘာလို့အဲ့ဒါကို

မသိရတာလဲ...”

သက်လတ်ပိုင်းအမျိုးသားက

တစ်စုံတစ်ယောက်မှမရှိရင်

မင်းအခုလောက်ဆို

အကြိမ်တစ်ရာလောက်

သေသွားလောက်ပြီ။ အဲ့ဒါကိုမေ့လိုက်

အကြောင်းနှစ်ချက်ကြောင့် မင်းကို

သိုင်းအင်ပါယာအကယ်ဒမီကို

သွားတက်စေချင်တာ။ ပထမအချက်က

မင်းကို ငါ့လက်နက်လမ်းစဉ်အတွက်

မူလအစတစ်ခုရဖို့ ငါတို့

လက်နက်လမ်းစဉ်ကို

ကိုယ်စားပြုနိုင်မယ်လို့ မျှော်လင့်တယ်။

မင်းဒါကိုလုပ်နိုင်ရင်  ငါတို့ဘိုးဘေးက

မင်းကို သေချာပေါက်

ကျေးဇူးဆပ်လိမ့်မယ်”

ဤအချိန်တွင်

သက်လတ်ပိုင်းအမျိုးသား၏လေသံက

လေးနက်လာသည်။ “ငါတို့ရဲ့ ဘိုးဘေးက

မင်းအပေါ်

ကျေးဇူးအကြွေးတင်သွားရင် မင်းအနာဂ

တ်အတွက် သေချာပေါက်အကျိုးရှိမှာ

ငါအလေးအနက်ပြောနေတာ”

ယန်ယဲ့က နှုတ်ဆိတ်နေခဲ့သည်။

ဤအချိန်တွင်

သက်လတ်ပိုင်းအမျိုးသားက

နောက်တစ်ခုရှိသေးတယ်“မင်းက

လူတွေအများကြီးရဲ့ အကြည့်ထဲကို

တကယ်ပဲ ဝင်ရောက်သွားတယ်။

အရင်တုန်းကဆို မင်းဟာ

အခြားမျိုးနွယ်ခြားထဲမှာပါရုံလောက်ပဲ။

ငါတို့လို ရေဝဲထဲမှာ မပါဝင်ခဲ့ဘူး။

ဒါကြောင့်မင်းဘယ်လောက်ပဲ

သန့်မာနေပါစေ။ ငါတို့အတွက်

အပြင်လူသက်သက်ပဲ။ အခုတော့မင်းက

ဒီမူလစက်ဝိုင်းရဲ့

အစိတ်အပိုင်းတစ်ခုဖြစ်နေပြီ။ ပိုပြီး

ပြင်းထန်တဲ့အကြည့်တွေက

မင်းအပေါ်ကို ဆင်းသက်လာနေကြပြီး။

ကောင်းတဲ့အရာ မကောင်းတဲ့အရာ။

ကောင်တဲ့အချက်ကတော့ အချို့က
မင်းကို ရင်းနှီးမြုပ်နှံဖို့
ရွေးချယ်ကြတာပဲ။ မကောင်းတဲ့
အချက်ကတော့ အချို့က မင်းကို
သတ်ဖို့ကြိုးစားကြလိမ့်မယ်"

ယန်ယဲ့က ခေါင်းခါလိုက်ပြီး
"အရမ်းရှုပ်ထွေးတယ်"

သက်လတ်ပိုင်းအမျိုးသား

ခေါင်းညိတ်သည်။

“ငါလည်းရှုပ်ထွေးစရာတွေကို

မကြိုက်ဘူး ဒါပေမဲ့ ငါတို့မတက်နိုင်ဘူး

တချို့အရာတွေကို ငါတို့

ရှောင်လို့မရဘူးလေ”

သူက ခဏရပ်ပြီး “နောက်ဆုံးတစ်ခုပဲ

အကြီးအကဲယွမ်

မင်းသူ့ကိုသိတယ်မလား…”

ယန်ယဲ့က ခေါင်းညိတ်သည်။

“ငါသိပါတယ်”

သက်လတ်ပိုင်းအမျိုးသားက “သူ့ကိုပိုပြီး

ရိုရိုသေသေနေတာ

မင်းအတွက်မကောင်းဘူး။

နားလည်လား...”

ယန်ယဲ့က “သူက ဘယ်သူလဲ…”

ဟုမေးလိုက်သည်။

သက်လတ်ပိုင်းအမျိုးသားက

ခေါင်းခါလိုက်ပြီး “အဖြေလည်း

ငါမသိဘူး။ ဘယ်သူပဲဖြစ်ဖြစ် ငါဒီကို

ရောက်တဲ့အခါ သူက

သတ်ဖြတ်ခြင်းလမ်းကြောင်းမှာ

ရှိနေတယ်။ လက်နက်လမ်းစဉ်ရဲ့

နောက်ခံသမိုင်းအကြောင်းကိုသိတဲ့ ငါတို့

ဘိုးဘေးက ဘိုးဘေးတစ်ယောက်ပဲရှိတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူက ဘယ်သူဖြစ်နေနေ မကောင်းတဲ့ ရည်ရွယ်ချက်မရှိစေရဘူး”

ယန်ယဲ့က ခေါင်းညိတ်သည်

“နားလည်ပါတယ်”

သက်လတ်ပိုင်းအမျိုးသားက

“ဝင်ခွင့်စာမှာ

သိုင်းအင်ပါယာအကယ်ဒမီရဲ့

တည်နေရာရှိတယ်။ အတန်းမစခင်

တစ်လပဲ ကျန်တော့တာဆိုတော့ မင်းက

ကိုယ့်ကိုယ်ကိုနှိမ့်ချပြီး

ပြဿနာမဖြစ်အောင်ရှောင်ပါ”

ယန်ယွဲ့က ရုတ်တရက် မေးလိုက်သည်

“တစ်ယောက်ယောက်က ငါ့ကို

ပြဿနာလာရှာရင် ဘာဖြစ်မလဲ…”

သက်လတ်ပိုင်းအမျိုးသားက

"မင်းရဲ့ဓားက ဘာအတွက်ထားတာလဲ...။

အခြားဘာကိုမှ ငါအာမ မခံနိုင်ပေမဲ့ ။

လက်နက်ကမ္ဘာမှာ မင်းကို

တစ်ယောက်ယောက်က  သတ်ရင်

အဲ့ဒီလူက ဘယ်သူပဲဖြစ်ဖြစ်

မင်းကိုယ်စား သေချာပေါက်

လက်စားချေမယ်လို့ ငါအာမခံရဲတယ်။

ငါတို့ဘိုးဘေးက လွဲရင်ပေါ့။

နောက်ဆုံးတော့ ငါက သူ့အတွက်

ပြိုင်ဘက်မဟုတ်ဘူးလေ”

ယန်ယဲ့က “ငါသေတဲ့အထိ

မင်းစောင့်မှာလား…။ ငါမသေခင်

မကူညီနိုင်ဘူးလား…”

သက်လတ်ပိုင်းအမျိုးသားက

“အာ…ငါအချိန်စေ့ပြီ။

အတိုချုံးပြောရရင် သတိထား…”

စကားပြောပြီးနောက် ခန်းမအထဲမှ
ပျောက်ကွယ်သွားသည်။

ယန်ယဲ့က “သိုင်းအင်ပါယာအကယ်ဒမီ။
ယန်မျိုးနွယ်ဟု
တိုးတိုးလေးရေရွတ်လိုက်သည်။

ဤအချိန်တွင် အကြီးအကဲယွမ်က
မွန်မြတ်ခြင်းခန်းမအထဲတွင်
ပေါ်လာခဲ့သည်။

အကြီးအကဲ ယွမ်က

“သူထွက်သွားပြီလား...”

ယန်ယဲ့က  ခေါင်းညိတ်ပြပြီး

အကြီးအကဲယွမ်ကို

စိုက်ကြည့်လိုက်သည်။

သူက“သူဟာ လက်နက်လမ်းစဉ်ရဲ့

သမိုင်းတစ်လျှောက်မှာ

ထူးချွန်ထက်မြက်သူ အနည်းငယ်ထဲက

တစ်ယောက်ပဲ။ ကံမကောင်းစွာဘဲ

သူ့နှလုံးသားက

လက်နက်လမ်းစဉ်မှာဘယ်တုန်းကမှ

မရှိခဲ့ဘူး။ မဟုတ်ရင်သူက

သတ်ဖြတ်ခြင်းလမ်းကြောင်းရဲ့

တံဆိပ်ပြား သခင်ဖြစ်ခဲ့ရင်

အခုအခြေအနေအတိုင်း

အင်အားကျဆင်းသွားမှာ မဟုတ်ဘူး”

သူက ယန်ယဲ့ကို စိုက်ကြည့်ပြီး

"တကယ်တော့ မင်းလည်းမဆိုးပါဘူး။

မင်းကအရမ်းပြတ်သားတယ်။

မင်းလိုလူတွေကို ငါသဘောကျတယ်။

ဒါပေမဲ့..."

ယန်ယဲ့၏မသိစိတ်က "ဒါပေမဲ့

ဘာဖြစ်တာလဲ..."

အဘိုးကြီးက ခေါင်းကိုအနည်းငယ်

ခါယမ်းလိုက်သည်။ “ဒါပေမဲ့ မင်းက

နည်းနည်းအစွန်းရောက်လွန်းတယ်။

လွန်ကဲတဲ့ အကျင့်စရိုက်က မင်းကို

မရေမတွက်နိုင်တဲ့ရန်သူတွေ

ရှိလာစေတယ်”

translated by NyiNyiSoe

..အပိုင်း ၂၄၁၂

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

ယန်ယဲ့က ပြုံးပြီး "အကြီးအကဲ၊ ဒီလောကမှာ ပြီးပြည့်စုံတဲ့ လူတစ်ယောက်ရှိသလား..."

အဘိုးကြီးက ခေါင်းခါလိုက်သည်။

ယန်ယဲ့က ရယ်မောပြီး “တွေ့လား ပြီးပြည့်စုံတဲ့လူဆိုတာ မရှိပါဘူး”

အဘိုးကြီးက ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ပြီး ခေါင်းညိတ်ပြသည်။“မင်းမှာ အဲ့ဒီလူငယ်ရဲ့ တံဆိပ်ပြားရှိတယ်မလား…”

ယန်ယဲ့က “ဟုတ်တယ်”

အဘိုးကြီးက “ငါ့ကို
ခဏလောက်ပေးစမ်း”ဟုပြောကာ
ယန်ယဲ့ကို စိုက်ကြည့်နေသည်။

ယန်ယဲ့က ပြုံးပြီး “ကောင်းပြီ”

ယန်ယဲ့ကဘာသူ့လက်ညှိုးကို
ပွတ်ဆွဲလိုက်ရာ တံဆိပ်ပြားက
မူလစေတီအထဲမှ

ချက်ချင်းပြန်ထွက်လာကာ အဘိုးကြီးရှေ့သို့ဆင်းလာခဲ့သည်။ တံဆိပ်ပြား ပေါ်လာသည်နှင့် ပျံထွက်သွားပုံရသော်လည်း အဘိုးကြီးက ပေါ့ပေါ့ပါးပါးပုတ်လိုက်ရာ ချက်ချင်းငြိမ်သွားသည်။

အဘိုးကြီးက တံဆိပ်ပြားကို စိုက်ကြည့်ရင်း “မင်းနည်းနည်းလေး တုံ့ဆိုင်းနေတယ်ဆိုရင်တောင် မင်းဆီက

ငါယူမှာမဟုတ်ဘူး။ ဒါပေမဲ့ မင်းငါ့ကို အံ့ဩသွားစေတယ်”

ယန်ယဲ့က အံ့ဩသွားပြီး “အကြီးအကဲ ဘာကိုဆိုလိုတာလဲ...”

အဘိုးကြီးက “ဒါဟာ ရှေးဖြစ်ဟောလမ်းကြောင်းမှာ အတော်လေး အဆင့်အတန်းမြင့်တဲ့သူနဲ့ သက်ဆိုင်တယ်။ ဒါကြောင့်

မင်းသိမ်းထားရင်

ကပ်ဘေးတွေရှိလာနိုင်တယ်။ အဲ့ဒါကို

မင်းမကြောက်ဘူး။ ဒါပေမဲ့ အဲ့ဒီလူက

မင်းကို ချက်ချင်းတိုက်ခိုက်ရင်

အဲ့ဒီကလေးရဲ့ မူလခန္ဓာကိုယ်က မင်းကို

ကူညီမပေးဘူးဆိုရင် သေလိမ့်မယ်”

“အဲ့ဒီကလေး…”

ယန်ယဲ့သည် အံ့အားသင့်သွားသည်။

သို့သော် သိပ်မကြာလိုက်ပေ။

အကြီးအကဲယွမ်က

သိုင်းပညာဦးရီးတော်အကြောင်း

ပြောနေကြောင်း နားလည်လိုက်သည်။

အကြီးအကဲယွမ်က သူ့ကို ကလေးလို့

ခေါ်တာလား…။

ဤအတောအတွင်းအကြီးအကဲ

ယွမ်က“မင်းအတွက်

ငါသိမ်းထားလိုက်မယ်။

သူထွက်သွားတဲ့အခါ မင်းဆီ

ပြန်ပေးမယ်” စကားပြောပြီးနောက်

လှည့်ထွက်သွားသည်။

ယန်ယဲ့က ရုတ်တရက် မေးလိုက်သည်။

“အကြီးအကဲ ငါ့ကိုဘာလို့

ကူညီနေတာလဲ…”

အဘိုးကြီးက ရပ်လိုက်ပြီး "ငါ့အတွက်

အချိန်ပေးစရာ

အများကြီးမကျန်တော့ဘူး"

ဟုပြောခဲ့သည်။ စကားပြောပြီးနောက်

ခန်းမထဲက

ပျောက်သွားသည်။ ယန်ယွဲ့သည်

နှုတ်ဆိတ်နေခဲ့သည်။

၁၅မိနစ်ခန့်အကြာတွင်

လေ့ကျင့်ရေးကွင်းပြင်ထဲ၌

သက်လတ်ပိုင်းအမျိုးသားတစ်ဦး
ရုတ်တရက် ပေါ်လာသည်။

ပညာရှင် တစ်ပိုင်းအဆင့်။

သက်လတ်ပိုင်းအမျိုးသားက
မွန်မြတ်ခြင်းနန်းတော်ရှိရာကို
မျှော်ကြည့်ပြီး သူ့ညာလက်ကို
ဆန့်ထုတ်လိုက်သည်။ ထိုနောက်
တိုက်ခိုက်ရန်ပြင်လိုက်စဉ် သူ့ရှေ့ကနေ

အဘိုးကြီးတစ်ယောက် ရုတ်တရက် ပေါ်လာသည်။

အဘိုးကြီးက သူ့လက်ကို ဖြောက်လိုက်ပြီး သူ့လက်ထဲတွင် “ဒါဟာ ငါနဲ့အတူရှိနေတယ်” ဟူသော စာသားပေါ်လာသည်။

သက်လတ်ပိုင်းအမျိုးသားက

အဘိုးကြီးကို

စိုက်ကြည့်ရင်း“ငါ့ကိုပြန်ပေးမှာလား...”

အဘိုးကြီးက ခေါင်းခါပြသည်။

သက်လတ်ပိုင်းအမျိုးသားက

ခေါင်းညိတ်ပြီး “မင်းဟာ ငါ့

လက်နက်ကမ္ဘာမှာ

လျှို့ဝှက်ဆန်းကြယ်ဆုံးလူလို့

သူတို့ပြောကြတယ်။ ဒီနေ့
မင်းဘယ်လောက်
လျှို့ဝှက်ဆန်းကြယ်လဲဆိုတာ
ငါကြည့်ချင်တယ်”

သက်လတ်ပိုင်းအမျိုးသား၏အသံက
ရုတ်တရက် ရပ်တန့်သွားသည်။

အဘိုးကြီးကသူ့ရှေ့တွင် ရုတ်တရက်
ပေါ်လာပြီး သက်လတ်ပိုင်းအမျိုးသားနှင့်

ခြေတစ်လှမ်းသာ ဝေးတော့သည်။

သို့သော် အဘိုးကြီးက သူ့ရှေ့တွင် မည်သို့ပေါ်လာသည်ကို သတိမထားမိလိုက်ပေ။

အဘိုးကြီးက

သက်လတ်ပိုင်းအမျိုးသားကို

စိုက်ကြည့်ကာ “မင်းရဲ့ အရှိန်အဝါကို

အခြေခံပြီး ပညာရှင်အဆင့်ကိုရောက်ဖို့

တစ်နှစ်လောက်အချိန်ယူရလိမ့်မယ်။

ငါဒီနေ့ ဒီကိစ္စမှာ

ဝင်စွက်ဖက်တော့မယ်ဆိုတော့
မင်းမကျေနပ်လို့ရင် အခုကစလို့
နောက်တစ်နှစ်ကြာမှ ပြန်လာခဲ့”

စကားပြောပြီးနောက် အဘိုးကြီးက
သူ့ညာလက်ကို ရုတ်တရက်
ဝှေ့ယမ်းလိုက်သည်။

“အုန်း…”

သက်လတ်ပိုင်းအမျိုးသားက

လွင့်ထွက်သွားကာ ကီလိုမီတာ

(၁၀၀၀၀)အကျော်မှ

အစောင့်အရှောက်တောင်တန်းသို့

ထိမှန်သွားခဲ့သည်။

သက်လတ်ပိုင်းအမျိုးသားသည်

အလွန်အလှမ်းဝေးသော

တောင်တန်းပေါ်တွင် မတ်တတ်ရပ်ကာ

အဝေးဆီသို့ ပြန်လှည့်ကြည့်လိုက်သည်။

သူ၏ မျက်လုံးထဲတွင် စူးစမ်းလိုစိတ်၊
အံ့ဩမှုနှင့် လေးနက်မှုတို့ရှိသည်။ သူ၏
အမူအရာသည်
အလွန်လေးနက်နေခဲ့သည်။ အဘိုးကြီးက
လျှို့ဝှက်ဆန်းကြယ်ပြီး
အလွန်သန်မာသည်ကို
သိထားသော်လည်း
ထိုမျှသန်မာနေမည်ကိုတော့
မမျှော်လင့်ထားခဲ့ပေ။

“အဲ့ဒီလူအိုကြီးက ဘယ်သူလဲ…”

သက်လတ်ပိုင်းအမျိုးသား၏
စိတ်ထဲတွင် မေးခွန်းများ ပြည့်နေ၏။

မွန်မြတ်ခြင်းခန်းမ။

အကြီးအကဲယွမ် က ယန်ယဲ့အရှေ့တွင်
ပေါ်လာသည်။ တံဆိပ်ပြားက
ယန်ယဲ့ရှေ့တွင် လွင့်မျောနေသည်။

လက်ရှိတွင် တံဆိပ်ပြားက

ငြိမ်သက်နေသည်။ တစ်ခုခုကို

ကြောက်နေပုံရသည်။

အကြီးအကဲယွမ်က “ဒါကို

ဟာကျူလီတံဆိပ်ပြားလို့ခေါ်တယ်။

အဲ့ဒါက ရှေးဖြစ်ဟောလမ်းကြောင်းရဲ့

မြင့်မြတ်အဆောင်( ၆)ခုအထဲက( ၁) ခုပဲ။

သန်မာနေတဲ့အကြောင်းအရင်းက

သူ့အထဲမှာ ဟာကျူလီစွမ်းအင်ပါနေလို့”

ယန်ယဲ့က အံ့သြသွားပြီး

“ဟာကျူလီလား…”

အကြီးအကဲယွမ်က “အကန့်အသတ်မရှိ

ခွန်အားကို ပိုင်ဆိုင်ထားတဲ့

နတ်မျိုးနွယ်ရဲ့ စစ်သည်တော်။

အရမ်းပြင်းထန်တယ်။ ဒါပေမဲ့ နှစ်တွေက

တိုက်ပွဲမှာ ကျဆုံးသွားခဲ့တယ်။

အဲ့ဒီနောက်မှာ လက်နက်လမ်းစဉ်ရဲ့

အကြီးအကဲတစ်ယောက်က သူ့ရဲ့
ခွန်အားကို ဒီတံဆိပ်ပြားထဲမှ
ချိတ်ပိတ်လိုက်တယ်။ အသုံးပြုတဲ့သူက
အဆောင်ကိုသုံးပြီး
ဟာကျူလီစွမ်းအားကို ယာယီ
ငှားယူနိုင်တယ်”

သူက ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ပြီး
“မင်းရဲ့ ရုပ်ခန္ဓာက မဆိုးဘူးဆိုတာ

ငါသတိထားမိတယ်။ ဒါကြောင့်

မင်းအတွက် ပြီးပြည့်စုံတယ်”

ယန်ယဲ့က တံဆိပ်ပြားကို

သိမ်းယူလိုက်ပြီး “ကျေးဇူးတင်ပါတယ်”

သက်လတ်ပိုင်းအမျိုးသားအားရိုက်ထုတ်

လိုက်သော အကြီးအကဲယွမ်ကို ကြည့်ရင်

အနည်းဆုံး ပညာရှင်တစ်ပါးဖြစ်ကြောင်း

သိလိုက်သည်။

ပညာရှင်တစ်ပါး။

သို့သော် ယန်ယွဲ့သည်

နာမည်သာရှိတော့သည်

သတ်ဖြတ်ခြင်းလမ်းကြောင်းတွင်

အကြီးအကဲယွမ်

ဆက်နေရသည့်အကြောင်းအရင်းကို

နားမလည်ခဲ့ပေ။ သို့သော် သူသည်

မမေးခဲ့ပေ။ အကြောင်းမှာ

အကြီးအကဲယွမ်က ဖြေချင်စိတ်မရှိလျှင်
မေးလိုက်သည့်တိုင်
ထူးခြားမည်မဟုတ်ပါ။

အကြီးအကဲယွမ်က  တံဆိပ်ပြားကို
ပေးပြီးသည်နှင့် မွန်မြတ်ခြင်းခန်းမမှ
ပြန်ထွက်သွားခဲ့သည်။ ယန်ယဲ့သည်
သူ့ရှေ့ရှိ တံဆိပ်ပြားကို
စိုက်ကြည့်နေပြီးနောက်
သွေးတစ်စက်ချလိုက်သည်။

ဟာကျူလီအဆောင် ပြင်းထန်စွာ

တုန်လှုပ်သွားသည်။ ခုခံနေတာပါ။

ယန်ယွဲ့၏ မျက်လုံးများ

အနည်းငယ်မှေးကျဉ်းသွားသည်။

“လက်အောက်ခံမလား ဒါမှမဟုတ်

မင်းကို ငါဖျက်ဆီးရမလား...”

စကားပြောပြီးနောက် သူ့လက်ထဲတွင်

ဓားတစ်ချောင်းပေါ်လာသည်။

အခြားမဟုတ်ပေ။ အဓိပတိဓားကို ထုတ်ယူလိုက်သည်။ ၎င်းက ဟာကျူလီအဆောင်ကို လုံးဝ ဖျက်ဆီးနိုင်စွမ်းရှိသည်။ အဆုံးတွင် အဆောင်က တုန်ခါနေခြင်းမရှိတော့ဘဲ ငြိမ်သက်သွားပြီး ၎င်းသည် အစွမ်းထက်ရတနာဖြစ်သောကြောင့်ကို ယပ်ပိုင်အသိစိတ်ရှိခဲ့သည်။ ခုခံမှု ရပ်တန့်သွားသည်နှင့် ယန်ယွဲ့သည်

ချက်ချင်းပင် ၎င်းနှင့်

ဆက်သွယ်လိုက်သည်။

သူ၏နှလုံးသားထဲမှ စိတ်ဆန္ဒတစ်ခု

ထုတ်လိုက်ရာ တံဆိပ်ပြားက သူ့ရှေ့တွင်

လွင့်မျောနေသည်ကို

ငေးကြည့်ရင်း သူ့မျက်နှာတွင်

အပြုံးတစ်ခုပေါ်လာသည်။

ဤအခိုက်အတန့်တွင် သူသည်

ဓားနှစ်ချောင်း။ အဓိပတိဓားနှင့်

တရားစီရင်ခြင်းတို့ဖြစ်သည်။ ထိုပြင်

မြင့်မြတ်သောအတောင်ပံများ။

ထိုထူးဆန်းသော လက်အိတ်တစ်စုံနှင့်

ဟာကျူလီအဆောင်လည်း

ရှိနေပါသည်။ တစ်နည်းအားဖြင့် လက်ရှိ

သူ့တွင်

ထူးခြားသောရတနာအများအပြားရှိနေပါ

သည်။ နတ်ဘုရားရတနာတွေ။

သူ့၏လက်ရှိအင်အားနှင့် ရတနာ
လက်နက်များအပေါ်အခြေခံ၍
အလယ်အလတ် စျာန်သခင်များကို
ကြောက်နေစရာမလိုတော့ပေ။

ယန်ယဲ့သည်
သိုင်းအင်ပါယာအကယ်ဒမီအတွက်
ဝင်ခွင့်ဖိတ်ခေါ်စာကို ထုတ်ယူလိုက်ပြီး
၎င်းကို စိုက်ကြည့်ရင်း
တိတ်ဆိတ်သွားခဲ့သည်။ အမှန်တော့

သူသည် သိုင်းအင်ပါယာအကယ်ဒမီကို မသွားချင်ပေ။ သူသည် သိုင်းအင်ပါယာအကယ်ဒမီကို အထင်အမြင်သေးသောကြောင့်မဟုတ်ပါ ။

သို့ရာတွင် အကျိုးကျေးဇူးများ ရှိနေသောကြောင့် သွားဖို့ သဘာဝကျကျ စီစဉ်ထားပါသည်။ ထိုပြင် သမိုင်းမတိုင်မီ ခေတ်က ယဉ်းကျေးမှုကို

လေ့လာကြည့်လိုခဲ့သည်။

သူတွင်အချိန်နှစ်ပတ်သာ ရှိခဲ့၏။

ယန်ယဲ့သည်

ကျင့်ကြံနေဖို့မလုပ်တော့ပေ။

အကြောင်းမှာ သူ၏ဓားတာအိုနှင့်

ကျင့်ကြံမှုအဆင့် နှစ်ခုစလုံးက

ပိတ်ဆို့နေသည့် အခြေအနေသို့

ရောက်ရှိနေပြီးဖြစ်သည်။

ထိုကြောင့်ကျင့်ကြံခြင်းသည်

များစွာပြောင်းလဲမည်မဟုတ်ပေ။

နောက်နှစ်ပတ်အတောအတွင်း

ယန်ယဲ့နေတိုင်းလုပ်ဆောင်နေသည့်

အရာမှာ နှင်းပွင့်နှင့် တန်ရှူတို့နှင့်အတူ

မွန်မြတ်ခြင်းတောင်တန်းတစ်ဝိုက်သို့

လှည့်ပတ်ကစားခြင်းပင်ဖြစ်သည်။

နှင်းပွင့်က အပြင်သို့

မထွက်ရဲခြင်း၏အကြောင်းအရင်းမှာ

အကြီးအကဲယွမ်ရှိနေခြင်းပင်။ သို့သော်
ထိုမကောင်းဆိုးဝါးရတနာက
အကြီးအကဲယွမ်ကို ရှင်းရှင်းလင်းလင်း
ကြောက်သောကြောင့် သူ့နောက်ကို
မလိုက်ခဲ့ပေ။ သို့သော်
အကြီးအကဲယွမ်က နှင်းပွင့်ကို
မွန်မြတ်သောတောင်တန်းမှ
ထွက်မသွားရန်
သတိပေးထားခဲ့သည်။ ယန်ယွဲ့သည်

သဘာဝအားဖြင့် နှင်းပွင့်ကို

နောက်ထပ်မလွှတ်ပေးဝံပေ။

ထိုကလေးလေးက လုံးဝကို

ဆိုးသွမ်းနေပါပြီ။ ထို့ကြောင့်

မကောင်းဆိုးဝါးရတနာများမရှိလျှင်ပင်

သူ့အတွက် ပြဿနာရှာနေတုန်းပါ။

ထို့ပြင် သူသည်

မွန်မြတ်ခြင်းတောင်တန်းသို့

လှည့်ပတ်သွားနေစဉ် နှင်းပွင့်နှင့်

တန်ရှူတို့ကို အမြဲလိုလို အနားသို့ ခေါ်ထားခဲ့သည်။

နှင်းပွင့်နှင့် တန်ရှူတို့ကို ပထမဆုံးမြင်သောအခါ အကြီးအကဲယွမ်က အတော်လေးသိချင်သွားခဲ့သည်။ အထူးသဖြင့် တန်ရှူ။ အကြီးအကဲယွမ်က တန်ရှူ၏နောက်ခံအကြောင်းအရာကို

အဓိကထားမေးခဲ့သည်။ ယန်ယဲ့သည်
သူသိထားသောအရာများကို
အကြီးအကဲယွမ်အားပြောပြခဲ့သည်။

အကြီးအကဲယွမ်က နားထောင်ပြီး
ထွက်သွားခဲ့သည်။
အချိန်များတဖြည်းဖြည်းကုန်ဆုံးသွားသ
ည်။ မျက်စိတစ်မှိတ်အတွင်း
နှစ်ပတ်ကုန်သွားသည်။ ယန်ယဲ့သည်
မွန်မြတ်ခြင်းတောင်တန်းမှ ထွက်ခွာပြီး

သိုင်းအင်ပါယာအကယ်ဒမီသို့

ထွက်သွားရန်ပြင်သည်။ သို့သော်လည်း

လူအုပ်စုတစ်ခုက ယန်ယွဲ၏လမ်းကို

ပိတ်ဆို့လိုက်သည်။

အချို့က

စုလန်ကဲ့သို့မျက်နှာရင်းနှီးနေသော

လူများဖြစ်သည်။ ဤအချိန်တွင်

စုလန်က အုပ်စု အစွန်းတွင် ရပ်နေသည်။

၎င်းတို့ကို လူငယ်တစ်ဦးက

ဦးဆောင်ထားသည်။ လူငယ်က ခရမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထားကာ ခရမ်းရောင်ခေါက်ယပ်တောင်တစ်ချောင်းကို ကိုင်ဆောင်ထားသည်။

ယန်ယဲ့က လူအုပ်ကို စိုက်ကြည့်လိုက်ပြီး “ဘာလဲ…”မေးလိုက်သည်။

ခရမ်းရောင်ဝတ်ရုံလူငယ်က ရယ်မောပြီး  “မင်း လက်နက်ကမ္ဘာကနေ

ထွက်သွားတော့မယ်လို့ ငါတို့ကြားတယ်။
အစ်ကိုယန်ကို လိုက်ပို့ပေးဖို့
ငါတို့လာခဲ့တာ”

ယန်ယဲ့က ခေါင်းညိတ်ပြပြီး
ထွက်သွားရန် ပြင်လိုက်သည်။
သူသည်ဤလူများနှင့်
အချိန်မဖြုန်းလိုပေ။

ခရမ်းရောင်ဝတ်ရုံလူငယ်က ရုတ်တရက်

ရှေ့တိုးလာကာ “အစ်ကိုယန်

မင်းရှေ့ဆက်သွားမဲ့

ခရီးက ရှည်လျားပြီး

အန္တရာယ်ရှိနိုင်တယ်။ ဒါကြောင့်

မင်းသတိထားရမယ်”

ယန်ယဲ့က လူငယ်ကို

တစ်ချက်ကြည့်လိုက်ပြီး

“ချုံပုတ်တစ်ပိုက်မှာ ပတ်ရိုက်နေရတာကို

ထပ်လိုက် တက်နိုင်ရင် မင်းငါ့ဆီကို

တိုက်ရိုက်လာခဲ့”

စကားပြောပြီးနောက်

အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲကာ

ကောင်းကင်ယံ၌

ပျောက်ကွယ်သွားသည်။

ခရမ်းရောင်ဝတ်ရုံလူငယ်က

ရယ်မောရင်း “သူက

လက်နက်ကမ္ဘာကနေ ထွက်သွားတာနဲ့
ပြဿနာတွေအများကြီး ငါတို့ဆီကနေ
ဖယ်ရှားဖြစ်လိမ့်မယ်။ ဟား…ဟား…”

စုလန်က ရုတ်တရက် “အစ်ကိုမိုလီ
ငါတို့လည်းသွားရအောင်”

လူငယ်က ခေါင်းညိတ်ပြီး “အားလုံး
ငါတို့လက်နက်လမ်းစဉ်ရဲ့
တံဆိပ်ပြားသခင်က

ဘယ်လောက်အားကောင်းလဲ

ကြည့်လိုက်ရအောင်”

စကားပြောပြီးနောက် အားလုံး

နေရာမှာပင် ပျောက်သွားခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့သည်

လက်နက်ကမ္ဘာမှထွက်လာပြီး

အကန့်အသတ်မဲ့ အာကာသပြင်ဘက်သို့

ဝင်ရောက်သွားခဲ့သည်။

Translated by NyiNyiSoe

May Be:

..အပိုင်း ၂၄၁၃

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

ယန်ယွဲ့သည် ခရမ်းရောင်ဝတ်ရုံလူငယ်

ပြောသည့်စကားကို လုံးဝဂရုမစိုက်ခဲ့ပေ။

သူသည် ၎င်းတို့ကို
သူ၏ပြိုင်ဘက်များဟု
လုံးဝမယူဆထားခဲ့ပေ။
သူနှင့်ပြဿနာလာရှာရဲပါက
ပိုကောင်းပါသည်။ နောက်ဆုံးတွင်
ဓားလွှဲလိုက်ရုံသာ မဟုတ်ပါလား။

ယန်ယွဲ့သည် ပတ်ဝန်းကျင်ကို
မော့ကြည့်လိုက်ပြီး အဆုံးမဲ့ကြယ်တာရာ
ကောင်းကင်ပြင်၏အနက်ပိုင်းထဲသို့

တိုးဝင်သွားသည်။  နှစ်နာရီခန့်အကြာတွ
င် ယန်ယွဲ့သည် ရုတ်တရက်
ရပ်တန့်သွားသည်။ သူ့ရှေ့တွင်
လူတစ်စုပေါ်လာခဲ့သည်။
ခရမ်းရောင်ဝတ်ရုံလူငယ်
ဦးဆောင်သောအဖွဲ့ပင်ဖြစ်သည်။
နောက်ဆုံးတော့
ရောက်လာနေတုန်းပဲလား။

ယန်ယွဲ့သည် ခရမ်းရောင်ဝတ်ရုံလူငယ်ကို စိုက်ကြည့်ကာ
“ရှေးဖြစ်ဟောလမ်းကြောင်းလား…”

လူငယ်က ခေါင်းညိတ်ပြီး “တကယ်ပါပဲ အစ်ကိုယန် မင်းက ငါ့ရှေးဖြစ်ဟောလမ်းကြောင်းကလူတွေ အများကြီးကို သတ်လိုက်တယ်။ ဒါဟာ ငါတို့ကို ပြောင်းပြောင်းတင်းတင်းစော်ကားလိုက်

တာပဲ။ ဒါကြောင့် ဒီအတိုင်းထားခဲ့တာ
မှားတယ်လို့မထင်ဘူးလား...”

ယန်ယဲ့က ခေါင်းညိတ်သည်
“ဒါဖြစ်သင့်ပါတယ် ပြီးတော့မင်းကို
ငါသတ်ပြီး
ရှေးဖြစ်ဟောလမ်းကြောင်းကို
ပြန်ပို့ပေးလိုက်မယ်။ ဒါငါလုပ်သင့်
လုပ်ထိုက်တာမဟုတ်လား...”

စကားပြောပြီးသည်နှင့်

နေရာမှာပင်ပျောက်သွားခဲ့သည်။ အလ

င်းတန်းတစ်ခု ဖျတ်ခနဲ

လင်းလက်လာသည်။

ယန်ယဲ့ပျောက်သွားသည့်အချိန်တွင်

လူတိုင်း၏အမူအရာများ သိသိသာသာ

ပြောင်းလဲသွားသည်။

ခရမ်းရောင်ဝတ်ရုံလူငယ်က မီတာ

(၃၀၀)အကွာသို့

ချက်ချင်းပြန်ဆုတ်သွားခဲ့သည်။
သို့သော်လည်း အလင်းတန်းများက
သူ့ရှေ့သို့ ရောက်လာနေတုန်းပါ။

“ချိုးဖျက်စမ်း…”

အသံအချို့ ရုတ်တရက်
ထွက်ပေါ်လာသည်။
စွမ်းအင်လှိုင်းအနည်းငယ်က ယန်ယွဲ့၏

တိုက်ခိုက်မှုကို ခုခံကာ

ချက်ချင်းချေဖျက်ပစ်လိုက်သည်။

ယန်ယဲ့က စုလန်နှင့် အခြားလူတိုင်းကို

တစ်ချက်ကြည့်လိုက်ပြီး “ဒါဆို

မင်းတို့ငါ့ကို အုပ်စုဖွဲ့တိုက်ခိုက်မှာလား…”

စုလန်က “အစ်ကိုယန်မင်းရဲ့ ခွန်အားက

အံ့သြစရာပဲ။

တစ်ယောက်ချင်းတိုက်ခိုက်ဖို့ ငါတို့ထဲက

ဘယ်သူမှမယှဉ်နိုင်ဘူး။ ဒါကြောင့် မင်းကိုငါတို့ အုပ်စုလိုက်တိုက်ခိုက်ဖို့ ငါတို့ရွေးချယ်ခဲ့တယ်။ မင်းစိတ်မဆိုးဘူးမဟုတ်လား…”

ယန်ယဲ့ကပြုံးပြီး “မင်းပြောတာမှန်တယ်။ မင်းတို့လို အမှိုက်တစ်စုရှိနေတဲ့အခါ ငါဘာလို့စိတ်ဆိုးရမှာလဲ…။ လာပါ ငါ့ကို အတူတူတိုက်ခိုက်ကြစမ်း”

“မင်ဘယ်လောက်သန်မာလဲ
ငါကြည့်ရအောင်”

စကားပြောပြီးသည်နှင့် စုလန်၏
လက်ထဲတွင် လှံတစ်ချောင်းပေါ်လာပြီး
ယန်ယဲ့ဆီသို့ လှမ်းပစ်လိုက်သည်။
တိုက်ခိုက်မှုက အလွန်လျင်မြန်လှသည်။
ယန်ယဲ့၏ ယခင်စားချက်ထက်တောင်
ပိုမြန်နေသေး၏။ သို့သော် ယန်ယဲ့သည်
တည်ငြိမ်နေခဲ့သည်။ ရှေ့သို့

ခြေတစ်လှမ်းတိုးကာ
သူ၏ဓားကိုပိုင်းချလိုက်သည်။

“ဘုန်း…”

ပတ်ဝန်းကျင်သည် တုန်လှုပ်သွားပြီး
စုလန်က (၁)ကီလိုမီတာ အကွာအထိ
လွင့်ထွက်သွားခဲ့သည်။ သူ့ကိုယ်သူ
ရပ်တန့်လိုက်သည်နှင့် လက်ထဲမှ လုံက

ကွဲအက်သွားကာ ပါးစပ်ထောင့်မှ
သွေးများစီးကျလာသည်။

“ယန်ယဲ့ရဲ့
တစ်ချက်တည်းတိုက်ခိုက်ချက်က
ဒီလောက်တောင်
အစွမ်းထက်တာလား…”

ဤနေရာရှိလူတိုင်းသည်
သူတို့၏မျက်နှာပေါ်တွင် လေးနက်သော

အမှုအရာများရှိနေကြသည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့က

အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲကာ

ခရမ်းရောင်ဝတ်ရုံလူငယ်ဆီသို့

ခုန်ဝင်သွားသည်။ ယန်ယဲ့

တိုက်ခိုက်လာသည်နှင့်

ခရမ်းရောင်ဝတ်ရုံလူငယ်နှင့် လူတိုင်း

အကြည့်ချင်းဖလှယ်ကာ

အုပ်စုဖွဲ့တိုက်ခိုက်လိုက်ကြသည်။

သူတို့အမြင်အရတော့ ယန်ယဲ့ဟာ
မည်မျှကြီးကျယ် ခမ်းနားနေပါစေ
အကန့်အသတ်ကရှိနိုင်သည်။
သူတို့၏ကျင့်ကြံမှုအဆင့်က ယန်ယဲ့ထက်
သာလွန်နေသောကြောင့်
ပူးပေါင်းတိုက်ခိုက်လျှင်
အဆုံးသတ်ပေးနိုင်သည်။

ထို့ပြင် သူတို့ကလက်နက်ကမ္ဘာတွင်
ရှိတော့သဖြင့် ယန်ယဲ့ကို

သတ်လိုက်လျှင်ပင်

သိုင်းပညာဦးရီးတော်ကို

ကြောက်နေစရာမလိုတော့ပေ။ ထို့ပြင်

၎င်းတို့ ကိုယ်တိုင်ကိုက

အဆင့်မြင့်အာဏာပိုင်များ၏အကူအညီ

ပင်ရှိနေသေးသည်။ အရာရာတိုင်းကို

တွက်ဆပြီးမှ လုပ်ဆောင်ခဲ့ကြသည်။

သို့သော်လည်း ယန်ယွဲ့သည်

သူတို့ထင်ထားသည်ထက်

ပိုသန့်မာမည်ဟုတော့

မမျှော်လင့်ထားခဲ့ကြပေ။

“အုန်း…”

ယန်ယဲ့၏ ခန္ဓာကိုယ်ထဲမှ

အဖြူရောင်အလင်းတန်းများ

ပေါက်ကွဲထွက်လာသည်။

ယန်ယဲ့၏အနောက်ဘက်တွင်

ရောမနဂါးဖြူကြီးတစ်ကောင်ပေါ်လာသ

ည်။ တစ်ချိန်တည်းမှာပင်
ယန်ယွဲ့၏ခန္ဓာကိုယ်တစ်ဝိုက်၌
ရွှေရောင်အလင်းဖျော့ဖျော့
အလွှာလေးတစ်ခုပေါ်လာသည်။

ကောင်းကင်တိမ်နဂါး။

ယန်ယွဲ့သည် ကောင်းကင်တိမ်နဂါးကို
ဆင့်ခေါ်လိုက်ပြီးနောက် သူ၏ရုပ်ခန္ဓာနှင့်
အကာအကွယ်စွမ်းအားဟာ

အကြိမ်အနည်းငယ် တိုးလာခဲ့သည်။

ဤအခိုက်အတန့်တွင်

ခရမ်းရောင်ဝတ်ရုံလူငယ်နှင့်

အခြားလူတိုင်း

စိတ်ပျက်လက်ပျက်ဖြစ်သွားသည်။

အကြောင်းမှာ သူတို့၏တိုက်ခိုက်မှုက

ယန်ယဲ့၏အကာအကွယ်စွမ်းရည်ကို

လုံးလုံးလျားလျား

ချေဖျက်နိုင်စွမ်းမရှိလို့ပါဘဲ။

ဤအချိန်တွင် ယန်ယဲ့က သူ့ကိုယ်သူ

ခုခံကာကွယ်ရန်

စွန့်လွှတ်ထားလိုက်သည်။ သူသည်

လူအုပ်ဆီသို့ ခုန်ဝင်သွားပြီး ဓားကို

ဝှေ့ယမ်းလိုက်သည်။ လူတိုင်းက

ယန်ယဲ့ကဲ့သို့ အလားတူ

အကာအကွယ်စွမ်းရည်မျိုး

မပိုင်ထားသောကြောင့် အချိန်

(၁၅)မိနစ်ခန့်အကြာတွင် (၅)ယောက်

အသတ်ခံလိုက်ရသည်။

ဤအချိန်တွင် လူတိုင်း

ထိတ်လန့်သွားကြသည်။

နှစ်ယောက်လောက်က

ထွက်ပြေးချင်သော်လည်း

ယန်ယဲ့၏ဓားက သူတို့ထက်

မြန်နေခဲ့သည်။

ဓားအလင်းတန်းနှစ်ချက်က ကီလိုမီတာ

(၅၀၀)ကျော်အကွာတွင်
လင်းလက်သွားပြီးနောက်
ခေါင်းပြတ်နှစ်လုံး လေထဲသို့
ပျံတက်သွားခဲ့သည်။

ဤအချိန်တွင် ခရမ်းရောင်ဝတ်ရုံလူငယ်၊
စုလန်နှင့် အခြား လူငယ်သုံးယောက်သာ
ကျန်တော့သည်။ ယန်ယဲ့သည်
ခရမ်းရောင်ဝတ်ရုံလူငယ်ဆီသို့
ဖြည်းညင်းစွာ လျှောက်လာခဲ့သည်။

“အုန်း…”

သို့သော်လည်း ခဏအကြာတွင်

ယန်ယဲ့သည် (၁)ကီလိုမီတာအကွာအထိ

ပြန်ဆုတ်သွားခဲ့သည်။

ခရမ်းရောင်ဝတ်ရုံလူငယ်ရှေ့တွင်

သက်လတ်ပိုင်းအမျိုးသားတစ်ယောက်

ပေါ်လာခဲ့သည်။

သက်လတ်ပိုင်းအမျိုးသားက ယန်ယဲ့ကို

အေးစက်စက်စိုက်ကြည့်ပြီးနောက်

ခရမ်းရောင်ဝတ်ရုံလူငယ်ကို

စိုက်ကြည့်ကာ “မင်းရဲ့ မောက်မာတဲ့

အပြုအမူအတွက်

နောက်မှအပြစ်ပေးမယ်”

စကားပြောပြီးနောက်

ယန်ယဲ့ကိုစိုက်ကြည့်ရင်း

“မင်းမကျေမနပ်ဖြစ်ရင်

ရှေးဖြစ်ဟောလမ်းကြောင်းကို လာပြီး

ငါ့ကိုလာရှာလှည့်”

ယန်ယဲ့၏ပါးစပ်ထောင့်တွင်

ရက်စက်သော အပြုံးတစ်ခုပေါ်လာကာ

“ငါအခု မကျေနပ်ဘူး”

စကားပြောပြီးနောက် ယန်ယဲ့၏ပုံရိပ်က

အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲကာ

အဝေးသို့ ပျောက်သွားသည်။

သူ၏ဦးတည်ရာက
လက်နက်ကမ္ဘာဆီသို့။

လက်နက်ကမ္ဘာ။

ယန်ယဲ့သည် လက်နက်ကမ္ဘာသို့
လျင်မြန်စွာပြန်ရောက်လာပြီးနောက်
ရှေးဖြစ်ဟောလမ်းကြောင်းသို့
တည့်တည့်သွားခဲ့သည်။ ဤအချိန်တွင်

အကြီးအကဲယွမ်က သူ့ရှေ့တွင် ရုတ်တရက် ပေါ်လာခဲ့သည်။

အကြီးအကဲယွမ်က “မင်းထွက်သွားပြီးတော့ ဘာလို့ပြန်လာတာလဲ...”

ယန်ယဲ့က “တစ်ခုခုဖြစ်သွားပြီးမှတော့ ငါထွက်သွားလို့မရသေးဘူး”

အကြီးအကဲယွမ်က “ဒါက

ကြီးကြီးမားမားတော့ မဟုတ်ဘူး။

ကြီးမြတ်တဲ့

ယောက်ျားကောင်းတစ်ယောက်က

အခြေအနေအရ ပြုမူနိုင်ရမယ်။

အခုထွက်သွားရင် မင်းကို

ပြဿနာမရှာတော့ဘူးလို့

ငါအာမခံတယ်။

သိုင်းအင်ပါယာအကယ်ဒမီကို

မင်းဘာပြဿနာမှမရှိဘဲ

ရောက်သွားနိုင်မှာပါ”

ယန်ယဲ့ကပြုံးပြီး “အကြီးအကဲယွမ်

မင်းရဲ့ ကောင်းမွန်၍

ရည်ရွယ်ချက်တွေအတွက်

ငါကျေးဇူးတင်ပါတယ်။

လူကြီးလူကောင်းတစ်ယောက်အတွက်

လက်စားချေဖို့က

ဘယ်တော့မှနောက်မကျသေးပေမဲ့ ငါက

လူကြီးလူကောင်းမဟုတ်ဘူး
ရှေးဖြစ်ဟောလမ်းကြောင်းက
လူတွေဟာ ငါ့ကို သတ်ချင်နေတယ်။
မအောင်မြင်တော့
သူတို့အကြီးအကဲတစ်ယောက်
ရောက်လာတယ်။ ဒါဟာ မိုက်ရိုင်းတာပဲ”

စကားပြောပြီးသည်နှင့်
အကြီးအကဲယွမ်အား အရိုအသေပြုကာ
အဝေးဆီသို့ ပျောက်ကွယ်သွားသည်။

အကြီးအကဲယွမ်က ခေါင်းခါပြီး

"လူငယ်က ဒီလိုစိတ်ထားရှိတာ

နည်းနည်းတော့

ကျေနပ်စရာကောင်းတယ်"

ထိုနောက်အကြီးအကဲယွမ်က

တိုးတိုးလေးပြောလိုက်သည်။

"ရှေးဖြစ်ဟောလမ်းကြောင်းက

အပေါင်းအသင်းတွေက တော်တော်လေး

မိုက်မဲတယ်။

ဒီကလေးထွက်သွားမဲ့အချိန်မှ သူတို့

လုပ်ရတာလား…။ ဘယ်လောက်တောင်

ဉာဏ်မရှိလိုက်တာလဲ…”

စကားပြောပြီးသည်နှင့်

အကြီးအကဲယွမ်သည် နေရာမှာပင်

ပျောက်ကွယ်သွားခဲ့သည်။

ရှေးဖြစ်ဟောလမ်းကြောင်း။

ယန်ယဲ့သည် ဓားပျံကို စီးနင်းလျက်

ရှေးဖြစ်ဟောင်တောင်ခြေသို့

ဆင်းသက်လာသည်။ သူ၏မျက်လုံးထဲမှ

အေးစက်စက်အငွေ့အသက်များ

တဖျတ်ဖျတ်တောက်ပလာကာ

ကောင်းကင်အထက်သို့

လွင့်မျောသွားသည်။

ရှေးဖြစ်ဟောင်တောင်တန်းကို

ငုံ့ကြည့်နေရင်း သူ၏မျက်လုံးများက

ရက်စက်ကြမ်းကြုတ်မှုများ

တဖြည်းဖြည်းပေါ်လာခဲ့သည်။

ခဏမျှတိတ်ဆိတ်သွားပြီးနောက်

ယန်ယဲ့က ဆန်းကြယ်ချီစွမ်းအင်ဖြင့်

အသံကို ထုတ်ဖော်လိုက်သည်။

“ရှေးဖြစ်ပေဟာလမ်းကြောင်းမှာ

မရေမတွက်နိုင်တဲ့

ညာဏ်ကြီးရှင်တွေရှိတယ်ဆိုတာ

ငါကြားဖူးတယ်။ ငါယန်ယဲ့က
ပညာရှင်တစ်ပါးမဟုတ်ပေမဲ့
ကိုယ်တိုင်ခံစားကြည့်ချင်တယ်”

ယန်ယဲ့သည် ရှေးဖြစ်ဟောတောင်တန်းမှ
တစ်ဆင့်လာသူ၏အသံကို
တမင်တကာတုန်ခါအောင်ပြုလုပ်ခဲ့သည်
။ ထို့ကြောင့်
ရှေးဖြစ်ဟောလမ်းကြောင်းတစ်ခုလုံးသ
ည် အသံလှိုင်းကြောင့် တုန်ခါသွားသည်။

ဂုင်းသည်

ရှေးဖြစ်ပေဟာလမ်းကြောင်းတင်မဟုတ်

ဘဲ လက်နက်ကမ္ဘာတစ်ခုလုံးကိုပင်

ထိတ်လန့်သွားစေခဲ့သည်။

ယန်ယဲ့သည် တိုက်ခိုက်ရန် စပြီး

စိန်ခေါ်ခဲ့သည်။

ထို့ကြောင့်မရေမတွက်နိုင်သော

ပညာရှင်များ၏ စိတ်အာရုံအသိများ

စုပြုံကျရောက်လာသည်။
ရှေးဖြစ်ဟောတောင်ထိပ်တွင်
သက်လတ်ပိုင်းအမျိုးသားတစ်ဦး
ရုတ်တရက် ပေါ်လာသည်။ ၎င်းသည်
စုလန် အခြားလူတိုင်းကို
ကယ်တင်သွားခဲ့သော
သက်လတ်ပိုင်းအမျိုးသားဖြစ်သည်။

သက်လတ်ပိုင်းအမျိုးသားက ယန်ယဲ့ကို
စိုက်ကြည့်ရင်း “မင်းအတွက်

ဘေးကင်းကင်းနဲ့ ထွက်သွားဖို့

မလိုလောက်ဘူးလား…”

“မဟုတ်ဘူး”

ယန်ယဲ့က ပြုံးပြီး “မင်းငါ့ကို

သတ်ပစ်ချင်နေတာမဟုတ်လား…။

လာပါ ငါအခုဒီမှာ ရပ်နေတယ်”

ယန်ယဲ့က သူ့ကိုယ်သူ ညွှန်ပြပြီး “ဒီနေ့

ငါယန်ယဲ့က

ရှေးဖြစ်ဟောလမ်းကြောင်းရဲ့

လူငယ်မျိုးဆက်တစ်ခုလုံးကို

သေတဲ့အထိ စိန်ခေါ်လိုက်မယ်”

သေခြင်းရှင်ခြင်း တိုက်ခိုက်ခြင်း။

သာမန်လေ့ကျင့်မှုတစ်ခုမဟုတ်ခဲ့ပေ။

သက်လတ်ပိုင်းအမျိုးသား၏

မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားသည်။ ညာလက်သီးကို

ဖြည်းညင်းစွာ ဆုပ်လိုက်သည်။

ဤအချိန်တွင် ဝေးမှ ရယ်မောသံ

ရုတ်တရက် ထွက်ပေါ်လာသည်။

“ဟား...ဟား... တကယ့်ကို

ပွဲကြီးပွဲကောင်းပဲ”

စကားသံ ကျယ်လောင်စွာ

ထွက်ပေါ်လာသည်နှင့် မရှေးမနှောင်းပင်

ယန်ယွဲ့၏ နောက်ကွယ်၌

အဖြူရောင်ဝတ်စုံဝတ်

သက်လတ်ပိုင်းအမျိုးသားတစ်ဦး

ရုတ်တရက် ပေါ်လာသည်။ ၎င်းသည်

သတ်ဖြတ်ခြင်းလမ်းကြောင်း၏

ဦးရီးတော်ဖြစ်သည်။ သို့သော်

သူ၏ပုံရိပ်က အစစ်အမှန်ဖြစ်သည်။

သက်လတ်ပိုင်းအမျိုးသားက
သိုင်းပညာဦးရီးတော်ကို
မျက်မှောင်ကြုတ်ကာ ကြည့်နေသည်။

သို့သော် သိုင်းပညာဦးရီးတော်က
ဂရုမစိုက်ဘဲ ယန်ယဲ့ကို
လက်ညှိုးထိုးပြကာ “လဲ့ရီ မင်းသူ့ကို
တိုက်ခိုက်ရဲရင် ငါမင်းကို
သတ်ပစ်မယ်ဆိုတာ သေချာတယ်။
ငါတို့ဘိုးဘေးက တားရင်တောင်

ငါမင်းကို လွှတ်ပေးမှာမဟုတ်ဘူး။
မယုံရင် စမ်းကြည့်လို့ရတယ်"

လဲ့ရီ၏အမူအရာက
ချက်ချင်းပင်ဆိုးရွားသွားသည်။

သိုင်းပညာဦးရီးတော်က ယန်ယွဲ့ကို
လှည့်ကြည့်လိုက်ပြီး
"ရှေးဖြစ်ဟောလမ်းကြောင်းရဲ့
ညက်ကြီးရှင် အားလုံးကို

တိုက်ခိုက်ချင်တာ

သေချာရဲ့လား…။ မင်းရှုံးရင်

ကယ်တင်မှာမဟုတ်ဘူးလို့ ကြိုပြီး

သတိပေးထားပါရစေ။ ဒါပေမဲ့

စိတ်မပူပါနဲ့ ဘယ်သူကမှ မင်းကို

အနိုင်ကျင့်လို့မရသလို စည်းမျဉ်းတွေကို

ဘယ်သူကမှ ချိုးဖျက်လို့မရပါဘူး”

ယန်ယဲ့က သက်လတ်ပိုင်းအမျိုးသားကို လှည့်ကြည့်ပြီး “အကြီးအကဲ မင်းရဲ့ အစိကခန္ဓာကိုယ်က ဒီမှာတောင်မရှိဘူး”

သိုင်းပညာဦးရီးတော်က “မင်းဒါကို စိတ်ပူနေစရာမလိုပါဘူး” ဟု ပြန်ဖြေသည်။

ယန်ယဲ့က ခေါင်းညိတ်ပြီး ရှေးဖြစ်ဟောင်းတောင်တန်းဆီသို့

စိုက်ကြည့်ရင်း “ဘာလဲ ရှေးဖြစ်ဟောလမ်းကြောင်းမှာ ဘယ်သူမှ တိုက်ခိုက်နိုင်စွမ်းမရှိတော့ဘူးလား…။ ငါ့ကို တိုက်ခိုက်ဖို့ ဆန္ဒမရှိကြဘူးလား…”

“ယန်ယဲ့”

ကောင်းကင်ယံမှ ဒေါသတကြီး အော်ဟစ်သံ ပဲ့တင်ထပ်လာသည်။ အလင်းတန်းများ ဆင်းသက်လာသည်။

အချိန်တော်တော်ကြာပြီးနောက်
ယန်ယွဲ့အရှေ့တွင် လူငယ်တစ်ယောက်
ပေါ်လာသည်။

“မင်းမတိုက်ခိုက်ချင်ဘူးလား…”

ထိုလူငယ်က ယန်ယွဲ့ကို အေးစက်စွာ
စိုက်ကြည့်ပြီး “လာ
တိုက်ခိုက်ကြရအောင်။

မင်းပြောတဲ့အတိုင်း ငါတို့ သေတဲ့အထိ

တိုက်ခိုက်ကြတာပေါ့”

Traslated by NyiNyiSoe

..အပိုင်း ၂၄၁၄

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

“မင်းမတိုက်ခိုက်ချင်ဘူးလား…”

ထိုလူကယန်ယဲ့ကို အေးစက်စွာ ကြည့်လိုက်သည်။ “လာပါ တိုက်ခိုက်ရအောင် မင်းပြောတဲ့အတိုင်း ငါတို့ သေတဲ့အထိ တိုက်ခိုက်မယ်”

ထိုစကားပြောပြီးသည်နှင့် လူငယ်က တိုက်ခိုက်ရန် ပြင်လိုက်သည်။

ယန်ယဲ့က သူ့လက်ဝါးကို

မြှောက်လိုက်သည်။

သူ့လက်ဝါးထက်တွင်

ဓားတစ်ချောင်းလွင့်မျောနေသည်။

ခဏအကြာတွင် ဓားအလင်းတန်းတစ်ခု

ဖျတ်ခနဲ လင်းလက်လာသည်။

မရဏဓား။

မရဏာစားချက်က အတိတ်ကထက်

အစပေါင်းများစွာ

အားကောင်းလာခဲ့သည်။ အထူးသဖြင့်

သူသည် စားဝိဉာဉ်နည်းစနစ်ကို

နားလည်ပြီးနောက်တွင်ပါ။

ကျင့်ကြံမှုအဆင့်ကလည်း

မြင့်တက်လာခဲ့သည်။ ထို့ကြောင့် ၄င်းကို

ယခင်နဲ့ နှိုင်းယှဉ်နိုင်စွမ်းမရှိဟု

ဖော်ပြနိုင်သည်။

ယန်ယွဲ့ တိုက်ခိုက်လိုက်သောအခါ

လဲ့ရီ၏အမူအရာက သိသိသာသာ

ပြောင်းလဲသွားသည်။ သူသည် ယန်ယွဲ့ကို

တားချင်နေသော်လည်း

အစွမ်းထက်အရှိန်အဝါတစ်ခုက

လဲ့ရီအပေါ်သို့ ရုတ်ခြည်း

ပိတ်လှောင်သွားသည်။

ထိုအော်ရာပိုင်ရှင်က

သိုင်းပညာဦးရီးတော်ပင်။ ထိုအချိန်တွင်

ရှေ့ဖြစ်ပဟောလမ်းကြောင်းမှ
လူငယ်၏ခေါင်းမှ
လေထဲသို့ပြန်တက်သွားသည်။
သူ၏ခေါင်းပြတ်မှ စမ်းရေတွင်းကဲ့သို့
သွေးများစီးကျလာသည်။

ထိုအချိန်တွင် ယန်ယဲ့က သူ့ဓားကိုချကာ
လဲ့ရှီကို စိုက်ကြည့်ရင်း "ငါ့ကိုတိုက်ခိုက်ဖို့
ဒီထက်သန်မာတဲ့လူတွေ မရှိဘူးလား..."

ထိုစကားပြောလိုက်သည်နှင့်
ရှေ့ဖြစ်ဟောလမ်းကြောင်းမှ
ကျယ်လောင်သော ကျိန်ဆဲသံများ
ထွက်ပေါ်လာသည်။ ယန်ယွဲ့သည်
ရှေ့ဖြစ်ဟောလမ်းကြောင်းကို
ပြောင်ပြောင်တင်းတင်းစော်ကားနေသည်
မဟုတ်ပါလား...။ လူတိုင်းက
သွေးပူနေသောကြောင့်
မရေမတွက်နိုင်သော

ညဏ်ကြီးရှင်များက
ကောင်းကင်ထက်သို့
ပြန်တက်လာကြသည်။

"အခုချက်ချင်းပြန်သွားကြစမ်း..."

လဲ့ရီက ဒေါသတကြီး
ရုတ်တရက်ဆိုသလို အော်ငိုက်လိုက်ရာ
လူတိုင်း ၁ ကီလိုမီတာအကွာသို့
ပြန်ဆုတ်သွားလိုက်ရသည်။

“အကြီးအကဲလဲ့ ငါသူ့ကို
တိုက်ခိုက်ပါရစေ”

ထိုအချိန်တွင် လူငယ်တစ်ယောက်က
“ငါတို့ရဲ့ ရှေ့ဖြစ်ဟောလမ်းကြောင်းကို
ပေါ်တင်စော်ကားနေတယ်။ ငါ…”

“အပိုစကားတွေရပ်လိုက်”

ယန်ယဲ့က လဲ့ရီ၏နောက်ကွယ်မှ

လူငယ်အုပ်စုကို ဓားဖြင့်ထိုးချိန်လျက်

"အချိန်ဖြုန်းနေတာဆို ရပ်လိုက်။

မင်းတို့အားလုံး ငါ့ကို

အတူတူတိုက်ခိုက်နိုင်တယ်။ ကောင်းပြီ

ငါမင်းတို့ကို တစ်ယောက်တည်း

တိုက်ခိုက်မယ်"

"ငါမင်းကို

အမှုအကျင့်လေးတွေသင်ပေးမယ်"

ဒေါသတကြီးအော်သံထွက်ပေါ်လာပြီး

နောက် လူအုပ်ထဲမှ

လူငယ်တစ်ယောက်ခုန်ထွက်လာကာ

ယန်ယဲ့ကို တိုက်ခိုက်လိုက်သည်။

ထိုအချိန်တွင် ယန်ယဲ့၏ဓားက

ရုတ်တရက် ပျောက်ကွယ်သွားသည်။

ထိုနောက် လဲ့ရီ၏အမူအရာက

ပြောင်းလဲသွားသည်။ သူသည်

ယန်ယဲ့၏တိုက်ခိုက်မှုကို တားဆီးရန်

ပြင်လိုက်စဉ် သိုင်းပညာဦးရီးတော်က
ခပ်တိုးတိုးလေသံဖြင့် ပြောလိုက်သည်။

“စမ်းကြည့်လိုက်”

လဲ့ရီက မျက်နှာပျက်သွားကာ သိုင်းပညာ
ဦးရီးတော်ကို စိုက်ကြည့်နေသည်။
ထိုအချိန်တွင် ခေါင်းပြတ်တစ်လုံးက
လေထဲသို့ ပြန်တက်သွားသည်။
လဲ့ရီ၏မျက်နှာက အတော်လေးကို

ဆိုးရွားသွားခဲ့သည်။ သို့သော် ထိုမျှနှင့် အဆုံးမဟုတ်သေးပါ။ ယန်ယဲ့က သူ့စားကို မြှောက်လိုက်ပြီး လူအုပ်ကို စိုက်ကြည့်ကာ အေးစက်စက်ပြောလိုက်သည်။

“ရှေ့ဖြစ်ဟောလမ်းကြောင်းက ငါ့ကို မသတ်ချင်ဘူးလား…။ ငါကအခု မင်းတို့ရှေ့မှာ ရပ်နေတယ်။ လာပါ ဒါကို လာသတ်လှည့်”

“ပြန်သွားကြစမ်း

မင်းတို့အရင်ပြန်သွားကြ”

လဲ့ရီက ဒေါသတကြီး

အော်ငေါက်လိုက်သည်။

ယန်ယဲ့က ရုတ်တရက်

လျှောင်ပြောင်လိုက်သည်။ “ဘာလဲ

မင်းတို့အခုမှ

သရဲဘောကြောင်နေတာလား…။
ရှေ့ဖြစ်ဟောလမ်းကြောင်းတစ်ခုလုံးမှာ
ဘောရှိတဲ့လူ တစ်ယောက်မှ
မရှိတော့ဘူးလား…”

“မင်းကိုသတ်မယ်…”

ထိုစကားသံနှင့်အတူ
လူငယ်တစ်ယောက်ခုန်ထွက်လာသည်။

တစ်ချိန်တည်းမှာပင်

ယန်ယွဲ့၏လက်ဝါးပေါ်ရှိ

လည်ပတ်နေသောဓားက ဖျတ်ခနဲ

ပျောက်သွားသည်။

“ဆူး...”

အလင်းတန်းတစ်ခု လင်းလက်လာသည်။

ထိုလူငယ်၏အသံက လေထဲမှာပင်

ပွဲတင်ထပ်နေကာ သူ့ခေါင်းက လေထဲသို့ လွင့်ပျံသွားသည်။

ထိုနောက် ယန်ယွဲ့သည် ရှေ့ဖြစ်ပဟောလမ်းကြောင်းမှ အခြားအဖွဲ့ဝင်များကို စိုက်ကြည့်ပြီး "နောက်ထပ် ဘယ်သူလာမလဲ..."

"ယန်ယွဲ့"

လဲ့ရီက

သတ်ဖြတ်ချင်စိတ်အပြည့်ပါသောလေ

သံဖြင့်

တစ်လုံးချင်းပြောလိုက်သည်။ "မင်းဘာ

လိုချင်လို့လဲ..."

"ငါဘာလိုချင်လို့လဲ...ဟုတ်လား..."

ယန်ယွဲ့က လဲ့ရီကိုစိုက်ကြည့်ရင်း "မင်းက

ငါဘာလိုချင်လို့လဲလို မေးနေတာလား...။

မင်းရဲ့ ရှေ့ဖြစ်ဟောလမ်းကြောင်းက

ငါ့လက်နက်ကမ္ဘာကို ဝင်လာတာနဲ့ သတ်ဖို့

ဆက်တိုက်ကြံစည်ခဲ့တယ်။ ဒါပေမဲ့

အဲ့ဒါတင်မကဘူး။ငါပြန်ထွက်သွားမဲ့အ

ချိန်တောင်မှ ငါ့ကို သတ်ဖို့

အဖွဲ့တစ်ဖွဲ့စေလွှတ်လိုက်တယ်။

အခုငါဘာလိုချင်လဲလို့

မေးနေတာလား...။ မင်းငါ့ကို

မသတ်ချင်ဘူးလား…။ ကောင်းပြီ လာ

ငါဒီမှာ ရပ်နေတယ်”

အဝေးမှ လူငယ်အုပ်စုကို လှမ်းကြည့်ရင်း

“ဘာလဲ

ရှေ့ဖြစ်ဟောလမ်းကြောင်းတကယ်ကို

သရဲဘောကြောင်တဲ့

လူတွေချည်းပဲလား…။

တကယ်သာဆိုရင် ငါ့ကိုပြောပါ

ငါအခုချက်ချင်းထွက်သွားပေးမယ်။ ငါ

က မိန်းကလေးတွေကို

အနိုင်ကျင့်တက်တဲ့

အမျိုးအစားမဟုတ်ဘူး”

ထိုစကားကြားသောအခါ

အားလုံး၏မျက်နှာက

နီမြန်းသွားကြသည်။ တချို့က

မထိန်းနိုင်ဘဲ ယန်ယဲ့ဆီသို့

ခုန်ဝင်လိုက်သည်။

မည်သူမျှ သည်းမခံနိုင်တော့ပေ။

လူတိုင်းယန်ယဲ့အား

တိုက်ခိုက်နေသည်ကို မြင်သောအခါ

လဲ့ရှီ၏အမူအရာက သိသိသာသာ

ပြောင်းလဲသွားသည်။

တားရန်ပြင်လိုက်သည်။

သို့သော် ဤအချိန်ယန်ယဲ့၏ ခန္ဓာကိုယ်မှ နဂါးဖြူကြီးတစ်ကောင်ပေါ်လာသည်။

ကောင်းကင်တိမ်နဂါး။

ယန်ယဲ့က ထပ်ပြီးတိုက်ခိုက်လိုက်သောအခါ လဲ့ရီ၏အမူအရာက ပို၍ပင် ဆိုးရွားလာခဲ့သည်။ သို့သော် သူသည် မလှုပ်ရှားဝံ့။

သိုင်းပညာဦးရီးတော်၏အကြည့်က

သူ့အား

အမြဲမပြတ်စောင့်ကြည့်နေခဲ့လို့ပင်။

“အား...”

ထိုအခိုက်အတန့်တွင် အော်ဟစ်သံများ

အဆက်မပြတ်ထွက်ပေါ်လာသည်။

လဲ့ရီက ပတ်ဝန်းကျင်ကို

လှည့်ကြည့်လိုက်ရာ ယန်ယွဲ့သည်

လူငယ်အုပ်စုထဲ၌ စပါးရိတ်သူကဲ့သို့ ဖြစ်နေသည်ကို တွေ့လိုက်ရသည်။ သူဖြတ်သွားလေရာ ခေါင်းများ ပျံတက်သွားသည်။ မရပ်မနား သတ်ဖြတ်နေပုံပါ။

ယန်ယဲ့၏ခွန်အားက သာမန်မည်သူမဆို ခံနိုင်ရည်ရှိသောအရာမဟုတ်ပေ။ သို့မဟုတ် အလယ်အလတ်စျာန်သခင်နှင့် အဆင့်တူဟု ပြောရပေမည်။

ပညာရှင်တစ်ပိုင်းအဆင့် သို့မဟုတ်
ပညာရှင်များသာလျှင် ယန်ယဲ့ကို
ဖိနှိပ်နိုင်မည်ဖြစ်သည်။

ရှေ့ဖြစ်ဟောလမ်းကြောင်း၏
လူငယ်မျိုးဆက်များနှင့်
ပတ်သက်၍တော့ အနည်းဆုံး ဤနေရာရှိ
ညာဏ်ကြီးရှင်များက လုံးဝမယှဉ်နိုင်ပါ။
အချိန်ကြာလာလေလေတစ်ယောက်ပြီး

တစ်ယောက်

အသတ်ခံရလေပင်ဖြစ်သည်။

လှဲ့ရီက ငြိမ်သက်သွားသည်။

သူ၏မျက်လုံးထဲ၌

ရက်စက်ကြမ်းကြုတ်သောအမူအရာ

ရုတ်တရက် ပေါ်လာသည်။

ထိုနောက်သူသည် ယန်ယဲ့ကို

စိုက်ကြည့်ကာ သူ့ညာလက်ကို

ရှေ့သို့ဆန့်ထုတ်လိုက်သည်။

ထိုခဏလေးမှာပဲ

မမြင်နိုင်သော။စွမ်းအားလှိုင်းတစ်ခုက

ယန်ယဲ့၏ ပုံရိပ်ကို ထိမှန်သွားသည်။

ယန်ယဲ့၏ပုံရိပ်က (၁)ကီလိုမီတာအကွာ

သို့ လွင့်ထွက်သွားသည်။ လဲ့ရီက

နောက်ဆုံးတွင် မထိန်းနိုင်တော့ဘဲ ဝင်ပြီး

စွက်ဖက်လိုက်တော့သည်။ ယန်ယဲ့၏

ရှေ့ဖြစ်ဟောလမ်းကြောင်း၏ဉာဏ်ကြီး

ရှင်များကို

အဆက်မပြတ်သတ်ဖြတ်နေသည်ကို
မြင်သောအခါ သူ့ကိုယ်သူ
မထိန်းနိုင်တော့ပေ။ အကြောင်းမှာ
ယန်ယဲ့ကိုသာ ဆက်ပြီး
သတ်ခွင့်ပြုထားလျှင်
ရှေ့ဖြစ်ဟောလမ်းကြောင်းသည်
ညာဏ်ကြီးရှင် တစ်ယောက်မျှ
ရှိတော့မည်မဟုတ်ပေ။ ၎င်းသည်
ရှေ့ဖြစ်ဟောလမ်းကြောင်းအတွက်

ကြီးမားသောထိုးနှက်ချက်ပင်ဖြစ်သည်။

ထို့ကြောင့် သူက မဖြစ်မနေ

လုပ်ဆောင်ရပါမည်။

သိုင်းပညာဦးရီးတော်က သူ့အား

တိုက်ခိုက်ခဲ့လျှင်ပင်

သေချာပေါက်လုပ်ဆောင်ရမည်။

မဟုတ်ပါက သိုင်းပညာဦးရီးတော်က

မသိကျိုးကျွန်ပြုထားလျှင်ပင်

ရှေ့ဖြစ်ဟောလမ်းကြောင်းက
တောင့်ခံနိုင်မည်မဟုတ်ပေ။

ထို့ပြင် သူ့အမြင်အရတော့
သိုင်းပညာဦးရီးတော်က
ဤနေရာတွင်မရှိဘဲ ကိုယ်ပွားတစ်ခုသာ
ရှိနေသောကြောင့် အခွင့်အရေးရခဲ့သည်။
ယန်ယဲ့သည် သူ့ရင်ဘက်ကို
ငုံ့ကြည့်လိုက်သည်။ ဤအချိန်တွင်
သူ့ရင်ဘက်က သွေးနီရောင်

လက်ဝါးရာတစ်ခု ရှိနေကာ
အတွင်းဒဏ်ရာရသွားခဲ့သည်။

ယန်ယဲ့၏ပါးစပ်ထောင့်မှ
ရက်စက်ကြမ်းကြုတ်သောအမူအရာပေါ်
လာကာ လဲ့ရီကို မော့ကြည့်လိုက်သည်။
သို့သော် သိုင်းပညာဦးရီးတော်က
ရုတ်တရက်တားလိုက်သည်။

“ဆက်ပြီးမတိုက်ခိုက်နဲ့ ရပ်လိုက်တော့”

ယန်ယဲ့က သိုင်းပညာဦးရီးတော်ကို စိုက်ကြည့်လိုက်သည်။

သူက ဘာမှမထူးခြားဘဲ “ကဲအခုတော့ ပွဲကြည့်ဖို့ အလှည့်ကျပြီ”

စကားပြောပြီးသည်နှင့် သူ၏ညာလက်သီးကို ဆတ်ခနဲ ဆုပ်ကာ လှဲ့ရီကို

ထိုးချလိုက်သည်။ လဲ့ရီ၏အမူအရာက သိသိသာသာ ပြောင်းလဲသွားသည်။ သူ့လက်ဝါးနှစ်ဖက်ကိုပူးကပ်လျက် ခုခံလိုက်သည်။

“ဘုန်း…”

လဲ့ရီ၏ပတ်ပတ်လည်ရှိ အာကာသပြင်သည် တုန်ခါသွားသည်။ ထိုအခိုက် တုန်ခါနေသော

အာကာသပြင်ထဲမှ ပြင်းထန်သော
စွမ်းအားလှိုင်းများ ဖြာထွက်လာသည်။
ထိုနောက် လူတိုင်း၏ ထိတ်လန့်ေသာ
အကြည့်များအောက်တွင် လဲ့ရီကို
အထပ်ထပ်ကာရံထားသော
ကြားကွက်လပ်အလွှာတိုင်းက  တစ်ခုချ
င်းစီ ပြိုကျလာတော့သည်။

တစ်ချိန်တည်းမှာပင် လဲ့ရီ၏ပုံရိပ်က ရှေ့ဖြစ်ဟောင်းတောင်ပေါ်သို့ ထိုချသွားသည်။

“ဂျုန်း…”

တောင်တန်းကြီးတစ်ခုလုံး ပြင်းထန်စွာ တုန်ခါသွားသည်။ သို့သော်လည်း သိုင်းပညာဦးရီးတော်က မရပ်တန့်သေးပါ။ သူက

ရှေ့ဖြစ်ဟောတောင်တန်းပေါ်သို့ ခုန်ဆင်းလိုက်သည်။ သို့သော် သူ့ရှေ့မလှမ်းမကမ်းတွင် အဘိုးတစ်ယောက် ရုတ်တရက် ပေါ်လာခဲ့သည်။

အဘိုးကြီးက သိုင်းပညာဦးရီးတော်ကို ငုံ့ကြည့်ကာ "ကျုံးယွဲ့၊ ဒါဟာ လိုအပ်သလား..."ဟုမေးလိုက်သည်။

ယန်ယွဲ့က သိုင်းပညာဦးရီးတော်ကို

တစ်ချက်ကြည့်လိုက်သည်။

“သူ့နာမည်က ကျုံယွဲ့လား...”

သိုင်းပညာဦးရီးတော်ကျုံးယွဲ့ကရယ်မောပြီး ယန်ယွဲ့ကို လက်ညှိုးထိုးပြကာ

“ဒီကလေးကို ငါကိုယ်တိုင်

ဒီကိုခေါ်လာခဲ့တာ။ ဒါပေမဲ့

သူဒီကိုရောက်တာနဲ့ မင်းရဲ့

ရှေ့ဖြစ်ဟောလမ်းကြောင်းက

သတ်ဖို့ကြံစည်နေတယ်။ အားလုံးက

လူငယ်မျိုးဆက်တွေချည်းပဲဆို

ငါစိတ်မဝင်စားဘူး။

ရှေ့ဖြစ်ဟောလမ်းကြောင်းရဲ့

လူငယ်မျိုးဆက်တွေက

သူ့ကိုသတ်နိုင်ရင် သေသင့်တယ်။

ဒါပေမဲ့…”

စကားပြောနေရင်းဖြင့်

ကျုံ့ယွဲ့၏မျက်နှာက အေးစက်သွားကာ

“မင်းရဲ့ ရှေ့ဖြစ်ဟောလမ်းကြောင်းက လူငယ်မျိုးဆက်တွေက သူ့ကို မယုံနိုင်ဘူး။ ဒါကြောင့်မျိုးဆက်ဟောင်းတွေကို ဆက်တိုက်စေလွှတ်လိုက်တယ်”

“သေစမ်း...”

"ငါ့သတ်ဖြတ်ခြင်းလမ်းကြောင်းက
အတိတ်ကလို လွယ်လွယ်နဲ့
အနိုင်ကျင့်ခံမယ်လို့ ထင်နေသလား..."

ကျုံးယဲ့က
လက်ညှိုးငေါက်ငေါက်ထိုးကာ
"လူအိုကြီး၊
ငါမင်းကိုအခွင့်အရေးမပေးဘူးမပြောနဲ့။
လဲ့ရှီရဲ့ခေါင်းကို
ကိုယ်တိုင်ဖြတ်ခိုင်းလိုက်။ ဒါဆို

အခုချက်ချင်းလွှတ်လိုက်မယ်။

မဟုတ်ရင် ငါဒီနေ့

ရှေ့ဖြစ်ဟောလမ်းကြောင်းတစ်ခုလုံးကို

ဖျက်ဆီးပစ်လိုက်မယ်”

သိုင်းပညာဦးရီးတော်ထံမှ

ခြိမ်းခြောက်စကားကြောင့်

အဘိုးကြီး၏မျက်နှာက

အလွန်ဆိုးရွားလာသည်။

ထိုအချိန်တွင် ကျုံးယွဲ့က ရုတ်တရက် "၃ ကနေ ၁ အထိ နောက်ပြန်ရေတွက်မယ်။ သူ့ခေါင်းကိုမတွေ့ရင် ဒီနေ့ငါ့ကို ဘယ်သူမှ မတားနိုင်စေရဘူး"

ထိုနောက် သူက ယန်ယွဲ့ကို လှည့်ကြည့်ပြီး "ကောင်လေး မင်းက ရေတွက်လိုက်"

Translated by NyiNyiSoe

May Be:

..အပိုင်း ၂၄၁၅

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

ယန်ယဲ့က ခဏမျှ ထိတ်လန့်သွားပြီး

“၃...,၂...၁...”

ကျုံးယဲ့၏မျက်ခွံများ

လှုပ်ယမ်းသွားသည်။ သူသည် ယန်ယဲ့ကို

တစ်ချက်စိုက်ကြည့်လိုက်ပြီး

မျက်လုံးမှိတ်ထားလိုက်သည်။

ထိုခဏလေးမှာပဲ သူ့ပတ်ပတ်လည်ရှိ

အာကာသပြင်သည် တုန်ခါသွားသည်။

ထိုနောက် အာကာသပြင်

အနက်ရှိုင်းဆုံးနေရာဆီမှ

စူးရှသောအလင်းတန်းတစ်ခု ရုတ်တရက် လင်းလက်လာသည်။

အသက်ရှူချိန် (၁၀) ရှိုက်စာခန့်အကြာတွင် ကျုံးယဲ့၏ ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်လာသည်။

သူ့ရဲ့ ပင်မခန္ဓာကိုယ်ရောက်လာပြီ။

ထိုမြင်ကွင်းကြောင့်

အဘိုးကြီး၏အမူအရာက

အလွန်လေးနက်လာခဲ့သည်။

ထိုအချိန်တွင် ကျုံးယွဲ့က

မျက်လုံးပြန်ဖွင့်လိုက်သည်။

ခဏအကြာတွင်

သူ၏လက်ဝါးတစ်ဖက်ကိုဆန့်ကာ

အဘိုးကြီးကို ရိုက်ချလိုက်သည်။

အဘိုးကြီး၏အမူအရာက

သိသိသာသာပြောင်းလဲသွားသည်။

သို့သော် တုံ့ပြန်နိုင်လိုက်ခြင်းမရှိဘဲ

အဘိုးကြီး၏ခန္ဓာကိုယ်သည်

အပိုင်းပိုင်းပေါက်ကွဲသွားသည်။

ချက်ချင်းအသတ်ခံလိုက်ရတာလား…”

ထိုမြင်ကွင်းကြောင့် ဘေးနားတွင်

ရပ်နေသော ယန်ယွဲ့ပင် မျက်ခွံများ

တစ်ဆက်ဆက်လှုပ်ယမ်းသွားသည်။

အကြောင်းမှာ ထိုအဘိုးကြီးက

အနည်းဆုံးပညာရှင်တစ်ပိုင်းအဆင့်

ဖြစ်သောကြောင့်ပင်။ သို့သော် သူသည်

ထိုကဲ့သို့ အသတ်ခံလိုက်ရသည်။

အဘိုးကြီးကို သတ်လိုက်ပြီးနောက်

ကျုံ့ယွဲ့၏အကြည့်က

ရှေ့ဖြစ်ဟောတောင်ပေါ်သို့

ကျဆင်းသွားသည်။ ထိုနောက် ခုန်ထကာ

သူ၏ညာလက်ကို ဆန့်လိုက်ပြီး

ပုတ်လိုက်သည်။

ထိုခဏလေးအတွင်းမှာပဲ ကျုံးယဲ့၏

လက်ဝါးမှ ပြင်းထန်သော

စွမ်းအားလှိုင်းများ ပေါက်ကွဲလာကာ

ရှေ့ဖြစ်ဟော တောင်ကြီးကို

လွှမ်းခြုံသွားသည်။

ဤအခိုက်အတန့်တွင်

ရှေ့ဖြစ်ဟောတောင်တန်းတစ်ခုလုံး

တုန်လှုပ်သွားသည်။ ကျုံးယဲ့က

ရှေ့ဖြစ်ဟောတောင်တန်းကို

တစ်ခါတည်း ဖျက်ဆီးပစ်လိုပုံရသည်။

သို့သော်လည်း တောင်ထိပ်တည့်တည့်မှ

ပြင်းထန်သော စွမ်းအားလှိုင်းတစ်ခု

လွင့်ကာလာ ကျုံးယဲ့၏ စွမ်းအားလှိုင်းကို

ချေဖျက်သွားသည်။

ကျုံးယဲ့၏နှုတ်ခမ်းထောင့်တွင်

အေးစက်စက် အပြုံးတစ်ခုက“ဘာလဲ...။

မင်းနောက်ဆုံးတော့

လှုပ်ရှားလာပြီးလား…”

ထိုစကားပြောပြီးနောက်

လက်ဖဝါးကိုမြှောက်ကာ

ရိုက်ချလိုက်သည်။

“အုန်း…”

ထိုစွမ်းအားလှိုင်းများ ချက်ချင်း
ကြေမွသွားခဲ့သည်။ ထိုအချိန်
တောင်ထိပ်ပေါ်၌
ပုံရိပ်တစ်ခုပေါ်လာသည်။ ၎င်းကို
အဖြူရောင်အလင်းများဖြင့်
ဖုံးလွှမ်းထားသောကြောင့်
အခြားသူများက လုံးဝမမြင်နိုင်ပေ။

ကျုံးယွဲ့က အေးစက်စက်ရယ်မောရင်း
“ဟန်ရှန်း၊ မင်းရဲ့ ပင်မခန္ဓာကိုယ်ကို

အသုံးပြုလိုက်။ ဒီတိုက်ပွဲကို နှစ်တစ်ထောင်နီးပါးစောင့်နေခဲ့တာ”

“ဟန်ရှန်း”

ရှေ့ဖြစ်ဟောလမ်းကြောင်း၏ တံဆိပ်ပြားသခင်။

ဟန်ရှန်းက “ကျုံးယွဲ့၊ မင်းကိုယ်မင်း အရမ်းယုံကြည်နေတာထင်တယ်”

“ယုံကြည်နေတာလား…”

ကျုံးယဲ့က တဟားဟားရယ်မောရင်း

ဟန်ရှန်းကို လက်ညှိုးထိုးပြပြီး

ခဏကြာသည်အထိ

ရယ်မောလိုက်သည်။ ထိုနောက်

“ဟန်ရှန်း၊ မင်းကိုငါ

အထင်သေးတာမဟုတ်ဘူး။ ဒါပေမဲ့

လက်နက်လမ်းစဉ်ရဲ့

တည်ထောင်သူဘိုးဘေးက

ငါ့ကိုမတားဘူးဆိုရင်

ရှေ့ဖြစ်ဟောလမ်းကြောင်းက

ဖျက်ဆီးခံရလိမ့်မယ်”

စကားပြောပြီးနောက်သူ၏လက်များကို

ဝှေ့ယမ်းလိုက်ရာ

လက်နက်ကမ္ဘာတစ်ခုလုံးတုန်ခါလာသည်

။

“ကျုံးယွဲ့၊ စိတ်ထိန်းစမ်း...”

အဝေးမှ အသံတစ်သံ ရုတ်တရက် ထွက်ပေါ်လာပြီးနောက် ဤနေရာတွင် အဘိုးကြီးတစ်ယောက်က ရုတ်တရက် ထွက်ပေါ်လာသည်။ ထို့ပြင်အခြား သက်လတ်ပိုင်းအမျိုးသား သုံးယောက်လည်း ရောက်လာကြသည်။ သေချာသည်မှာ ထိုလူများက

အခြားလမ်းကြောင်းများ၏

တံဆိပ်ပြားသခင်များဖြစ်သည်။

အဘိုးကြီးက “ကျုံးယဲ့၊

မင်းတို့နှစ်ယောက်စလုံးပိုင်ဆိုင်တဲ့

စွမ်းအားက လက်နက်ကမ္ဘာရဲ့ အူတိုင်ကို

ထိခိုက်ဖို့ လုံလောက်တယ်။

ကျေးဇူးပြုပြီး

လက်နက်လမ်းစဉ်တစ်ခုလုံးအတွက်

ထည့်တွက်ပေးကြပါ”

ကျုံ့ယွဲ့နှင့်ဟန်ရှန်းတို
နှစ်ယောက်စလုံး၏ခွန်အားက
အလွန်ကြောက်စရာကောင်းသော
အဆင့်တွင်ရှိနေသည်။ အကယ်၍
ထိုနှစ်ယောက်သာတိုက်ခိုက်လျှင်
ရှေ့ဖြစ်ဟောတောင်တန်းတစ်ခုတည်း
သာ ထိခိုက်မည်မဟုတ်ပေ။
လက်နက်လမ်းစဉ်တစ်ခုလုံးသည်

အန္တရာယ်မှ

လွတ်မြောက်နိုင်မည်မဟုတ်ပေ။

“လက်နက်လမ်းစဉ်တစ်ခုလုံးလား…”

ကျုံးယွဲ့က

အေးစက်စက်ပြောလိုက်သည်။

“ရှေ့ဖြစ်ဟောလမ်းကြောင်းတုန်းက

ဘာလို့အဲ့လိုမတားတာလဲ…။

ငါ့သတ်ဖြတ်ခြင်းလမ်းကြောင်းကို

ဖျက်ဆီးဖို့ သူ့တပ်ဖွဲ့တွေကို

စေလွှတ်လိုက်တုန်းက မင်းတို့တွေ

ဘယ်ချောင်မှာသွားပြီးသေနေတာလဲ…”

စကားပြောပြီးနောက် သူ့လက်ကို

အနည်းငယ်မြှောက်လိုက်ရာ

ကြက်သွေးရောင်

လှံတစ်ချောင်းပေါ်လာသည်။ ထိုနောက်

ဆတ်ခနဲ့ ခုန်ထပြီး ဟန်ရှန်းကို

ထိုးချလိုက်သည်။

“ဆူး…”

ထိုအချိန်တွင် ကမ္ဘာတစ်ခုလုံးသည် သာမန်နေရာတစ်ခုလိုဖြစ်လာသည်။ တစ်ချိန်တည်းမှာပင် ကောင်းကင်ယံ၌ မရေမတွက်နိုင်သော လှံပုံရိပ်များ ပေါ်လာသည်။ လှံပုံရိပ်များက ဟန်ရှန်းနှင့် ရှေ့ဖြစ်ပေါ်တောင်တန်းတစ်ခုလုံးအား

ပြင်းထန်သောမုန်တိုင်း မုန်တိုင်းကြီး

တစ်ခုသဖွယ် ဖုံးလွှမ်းထားသည်။

အကယ်၍ လှုံ့ချက်သော

တည့်တည့်ထိမှန်သွားလျှင်

ဟန်ရှန်းအပြင် ရှေ့ဖြစ်ဟောတောင်တန်း

တစ်ခုလုံး

တည်ရှိနေတော့မည်မဟုတ်ပေ။

ဟန်ရှန်းက သဘာဝအတိုင်း ကျုံးယဲ့ကို

ဖျက်ဆီးရန် ခွင့်မပြုပေ။ သူ့လက်ထဲမှ

ဆားကို လေထဲသို့ ရုတ်တရက်
ပစ်လွှတ်လိုက်ကာ ကောင်းကင်အပြည့်
ဖုံးလွှမ်းထားသော လှုံပုံရိပ်များကို
ထိုးချလိုက်သည်။

တစ်ချိန်တည်းမှာပင်
ရောမအလင်းတန်းကြီးတစ်ခုက
ရှေ့ဖြစ်ပဟောတောင်တန်းတစ်ခုလုံးကို
လွှမ်းခြုံသွားခဲ့သည်။ ထိုနောက်တွင်
မရေမတွက်နိုင်သော

အဖြူရောင်အလင်းတန်းများ လေထဲသို့ လွင့်ပျံလာသည်။

သို့ရာတွင် ကျုံးယွဲ့၏ ပါးစပ်ထောင့်မှ လျှောင်ပြောင်ရယ်မောရင်း လက်ကို ဝှေ့ယမ်းပြီး ထပ်မံဖိချလိုက်သည်။

“အုန်း…”

ကောင်းကင်ယံအပြည့် ဖုံးလွှမ်းထားသော လုံ့ပုံရိပ်များက လေထဲကနေ အရှိန်ပြင်းပြင်းနှင့် ပစ်ချလိုက်သည်။

"ဘုန်း...ဘုန်း...ဘုန်း...”

ချက်ချင်းပင် ပေါက်ကွဲသံများ ကျယ်လောင်စွာထွက်ပေါ်လာပြီး ပတ်ဝန်းကျင်တစ်ခုလုံး ပြင်းထန်စွာတုန်ခါသွားခဲ့သည်။ ထိုပြင်

ရှေ့ဖြစ်ဟောတောင်တန်း

ပတ်ပတ်လည်၌ရှိ တောင်ကုန်းငယ်များပင်

တစ်စစီပြိုကျလာသည်။ လောက၏

အဆုံးသတ်နေ့ ရောက်လာသလိုပင်။

အခြားလမ်းကြောင်းသခင်များ၏

အမူအရာများက သိသိသာသာကို

ဆိုးရွားနေခဲ့သည်။ သို့ရာတွင် မည်သူမျှ

မတားဝံ့ကြပေ။

ဤအချိန်တွင် ကျုံးယဲ့က

ရှေ့ဖြစ်ဟောလမ်းကြောင်းကိုသာ

တိုက်ခိုက်နေသည်ကို

ကောင်းကောင်းသိထားကြသည်။

အကယ်၍ သူတို့တိုက်ခိုက်လိုက်သည်နှင့်

ကျုံးယဲ့နှင့် ရန်သူဖြစ်သွားပေမည်။

လက်ရှိတွင် ကျုံးယဲ့က

အရှုံးတစ်ယောက်လိုဖြစ်နေသောကြောင့်

ဒေါသထွက်သွားလျှင်

နောက်ဆက်တွဲအကျိုးဆက်ဟာ
လမ်းကြောင်းကြီးငါးခုစလုံး
ခံနိုင်ရည်ရှိမည်မဟုတ်ပေ။

သို့သော် လမ်းကြောင်းသခင်အသီးသီးက
အချင်းချင်းပူးပေါင်းလျက်
ဤနေရာကို  ပြန်ပြီး ပြုပြင်လိုက်သည်။
ဤအချိန်တွင် တိုက်ပွဲက
ဆက်ဖြစ်နေတုန်းပင်။
ရှေ့ဖြစ်ဟောတောင်တန်းတစ်ဝိုက်ရှိ

တောင်ကုန်းငယ်များ
လုံးလုံးလျားလျားပျောက်ကွယ်သွားပြီး
ဖြစ်သည်။

ရှေ့ဖြစ်ဟော တောင်ထိပ်တွင်
ကျုံးယဲ့၏အမူအရာက ပို၍ပင်
တင်းမာလာပြီး“ဟန်ရှန်း၊
လွန်ခဲ့တဲ့နှစ်တွေတုန်းက
ဖြစ်ပျက်ခဲ့တာတွေကို
ပြန်သွားကြည့်ရအောင်။ မင်းရဲ့

ရှေ့ဖြစ်ဟောလမ်းကြောင်းက

ငါ့သတ်ဖြတ်ခြင်းလမ်းကြောင်းကို

ဖျက်ဆီးပစ်တယ်။ အခုငါက မင်းရဲ့

ရှေ့ဖြစ်ဟောလမ်းကြောင်းကို

ဖျက်ဆီးပြီး ဒီလောကကနေ

ပျောက်ကွယ်သွားအောင် လုပ်တော့မယ်”

စကားပြောပြီးသည်နှင့် ရှေ့သို့

ခြေတစ်လှမ်းတိုးကာ လှံကို

ပစ်လွှတ်လိုက်သည်။

ဤအခိုက်အတန့်တွင်

လက်နက်ကမ္ဘာတစ်ခုလုံးသည်

အသွင်ပြောင်းလဲသွားခဲ့သည်။ လုံချက်မှ

ဖိအားကို

တောင့်ခံထားနိုင်စွမ်းမရှိတော့ပေ။ ဘေး

နားရှိ အဘိုးကြီးတစ်ယောက်က

ခေါင်းခါလိုက်သည်။ အကြောင်းမှာ

ထိုတိုက်ခိုက်မှုက ဟန်ရှန်းကို

ရည်ရွယ်ထားသော်လည်း

ဤတိုက်ခိုက်မှုသာ ကျရောက်လာခဲ့သော်

ရှေ့ဖြစ်ဟောတောင်တန်း၏

ထက်ဝက်ခန့်ပျက်သုဉ်းသွားရပေမည်။

အထွတ်အမြတ်ပညာရှင်နှစ်ဦးအကြားမှ

တိုက်ပွဲသည်

သာမန်မည်သူမှခံနိုင်ရည်မရှိပေ။

ရှေ့ဖြစ်ဟောလမ်းကြောင်းမှ

မရေမတွက်နိုင်သောအဖွဲ့ဝင်များသည်

ကောင်းကင်ကို

ထိတ်လန့်စွာမျှော်ကြည့်နေကြသည်။

လှံချက်ကျဆင်းလာသည်နှင့်

လူတိုင်းအသတ်ခံရမည်ဖြစ်ကြောင်း

အလိုလို ခံစားမိခဲ့သည်။

ဤအခိုက်အတန့်တွင်

သတ်ဖြတ်ခြင်းလမ်းကြောင်း၏

သိုင်းပညာဦးရီးတော်က မည်မျှ

ထိတ်လန့်စရာကောင်းသည်ကို

နောက်ဆုံးတွင် သိပ်လိုက်ရလေသည်။

သို့သော် ရွှေရောင်လုံ

ဆင်းသက်လာခါနီးတွင်

ပတ်ဝန်းကျင်တစ်ခုလုံးသည်

ရုတ်ခြည်းရပ်တန့်သွားသည်။

ယန်ယဲ့သည် မျက်မှောင်ကြုတ်ပြီး

ကောင်းကင်ကိုမော့ကြည့်လိုက်သည်။

ကျုံးယဲ့ပင် ထိုနေရာ၌ ရွှေ့လျားနေသမျှ

ရပ်တန့်နေခဲ့သည်။

ခဏမျှတိတ်ဆိတ်သွားပြီးနောက်

ဤနေရာမှ
စွမ်းအင်အားလုံးပျောက်ကွယ်သွားခဲ့သ
ည်။

“တစ်စုံတစ်ယောက်က တိုက်ပွဲကို
တားလိုက်တယ်”

ယန်ယွဲ့၏မျက်လုံးများသည် အနည်းငယ်
ကျဉ်းမြောင်းသွားသည်။ အကယ်၍
သူ့အထင်မမှားလျှင်

လက်နက်ဖန်ဆင်းရှင်ရောက်လာခြင်းဖြစ်နိုင်သည်။ ဤအချိန်မှာပဲ ကောင်းကင်ယံမှ ရွှေရောင်တံဆိပ်ပြားတစ်ခုလွင့်မျောလာကာ ယန်ယွဲ့ရှေ့တွင် ပေါ်လာသည်။

ထိုနောက် "ဒီနေ့ကစပြီး ယန်ယွဲ့က ငါ့လက်နက်လမ်းစဉ်ရဲ့ တံဆိပ်ပြားသခင်ပါ။ ဒီနေ့ ဒီမှာ

ဖြစ်ပျက်ခဲ့တာတွေက

အခုအဆုံးသတ်သွားလိမ့်မယ်”

ယန်ယဲ့က ရွှေရောင်တံဆိပ်တုံးကို

ပြန်တွန်းထုတ်လိုက်သည်။

“စိတ်မကောင်းပါဘူး။

သတ်ဖြတ်ခြင်းလမ်းကြောင်းရဲ့

တံဆိပ်ပြားသခင်ဖြစ်ဖို့

ငါငြင်းဆန်တယ်”

ထိုစကားကြားသောအခါ လူတိုင်းက ယန်ယဲ့ကိုစိုက်ကြည့်နေသည်။ သိုင်းပညာဦးရီးတော်ကျုံးယဲ့သည်ပင် ယန်ယဲ့ကို စိုက်ကြည့်နေသည်။

ယန်ယဲ့က ကောင်းကင်ကို မျှော်ကြည့်နေရင်း အနည်းငယ်ပြုံးပြီး "လက်နက်ဖန်ဆင်းရှင်၊ လက်နက်လမ်းစဉ်မှာ ငါ့ရဲ့တည်ရှိမှုက ထူးခြားမှုမရှိဘူး။ ဒါပေမဲ့

ငါထွက်မသွားခင်မှာ

တစ်ခုခုပြောချင်သေးတယ်။

မင်းရဲ့လက်နက်လမ်းစဉ်က

တရားမျှတမှုရှိသလား…”

အထက်မှ ခဏတိတ်ဆိတ်သွားပြီး

အသံတစ်သံပြန်ထွက်လာသည်။

“ဆက်ပြောပါ…”

ယန်ယဲ့က ပြုံးပြီး

“ရှေ့ဖြစ်ဟောလမ်းကြောင်းငါ့ကို သတ်ဖို့

ကြိုးစားတဲ့အခါ မင်းဘယ်ချောင်မှာ

သွားပုန်းနေတာလဲ...။ အခုငါတို့က

သူတို့ကို သတ်ဖို့လုပ်နေတဲ့ အချိန်မှာ

မင်းကိုယ်တိုင်ထွက်လာပြီး

တားလိုက်တယ်။ လက်နက်ဖန်ဆင်းရှင်၊

မင်းကိုယ်တိုင်ကမှ တရားမျှတတယ်လို့

ထင်သလား...”

သိုင်းပညာဦးရီးတော်ကမူ

နှုတ်ဆိတ်နေခဲ့သည်။

ကျန်လူတိုင်းလည်း ငြိမ်နေသည်။

အကြောင်းမှာ သူတို့က ယန်ယဲ့ကဲ့သို့

မရှိမသေ မပြောဝံ့သောကြောင့်

နှုတ်ဆိတ်နေကြ၏။

ယန်ယဲ့က မထူးခြားဟန်ဖြင့်

ဆက်ပြောလိုက်သည်။

“ငါက  တံဆိပ်ပြားသခင်ဖြစ်လာရင်တော

င်မှ ငါ့ကိုတိုက်ခိုက်ခွင့်ရှိတယ်။ ဒါပေမဲ့

ငါကျတော့ ဘယ်သူ့ကိုမှ

တိုက်ခိုက်လို့မရဘူး။ ဒီတော့

ဘာထူးလဲ...။ ငါ့အမြင်အရတော့ ဒါဟာ

အဓိပ္ပါယ်မရှိဘူး။ ဟုတ်တယ် ဒါတွေက

ငါ့ကိုယ်ပိုင်မကျေနပ်ချက်တွေဘဲ။

ဘယ်လိုပဲဖြစ်ဖြစ်က ငါမရှိရင်တောင်

လက်နက်လမ်းစဉ်က

လက်နက်လမ်းစဉ်ဖြစ်နေတုန်းပဲ။

သတ်ဖြတ်ခြင်းလမ်းကြောင်းလည်း

ဒီလိုပဲ”

Translated by NyiNyiSoe

..အပိုင်း ၂၄၁၆

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

ထိုနောက် ယန်ယဲ့သည် ကျုံးယဲ့ကို လက်သီးဆုပ်ပြီး ဆက်ပြောလိုက်သည်။

“စီနီယာကျုံးယဲ့၊ ငါတို့ရဲ့ သဘောတူညီချက်ကို ပြီးအောင်လုပ်ဖို့ ငြင်းပယ်လိုက်တာမဟုတ်ဘူး။ ဒါပေမဲ့ ငါမလုပ်နိုင်ဘူး။ လက်နက်လမ်းစဉ်ထဲက တစ်ယောက်ယောက်က ငါ့ကို အနိုင်ကျင့်ခဲ့ရင် သူတို့ကို ပြန်ပြီး အနိုင်ကျင့်မယ်လို့ မင်းပြောခဲ့တယ်။

အခုတော့

အဲ့ဒီပညာရှင်တစ်ပိုင်းအဆင့်က

အသက်ရှင်နေသေးတယ်။ ငါမင်းကို

အပြစ်တော့မတင်ပါဘူး။ ဒါပေမဲ့

ငါဆက်နေရင် တနေ့နေ့မှာ

ဘယ်လိုသေလို့ သေမှန်းတောင်

သိမှာမဟုတ်ဘူးလို့ ခံစားမိတယ်။ ဒီတော့

နှုတ်ဆက်လိုက်ပါတယ်”

စကားပြောပြီးနောက်

လှည့်ထွက်သွားသည်။ သူသည် လုံးဝ

မတွန့်ဆုတ်ပေ။

ကျုံးယဲ့က ရုတ်တရက် တားလိုက်သည်။

“ခဏလေး...”

ယန်ယဲ့က ရပ်တန့်လိုက်ပြီး ကျုံးယဲ့ကို

စိုက်ကြည့်လိုက်သည်။

ကျုံးယဲ့က ကောင်းကင်ကို မော့ကြည့်ရင်း

“ဘိုးဘေး၊ ငါ့ရဲ့

သတ်ဖြတ်ခြင်းလမ်းကြောင်းပျက်စီး

သွားတဲ့အချိန်မှာ မင်းက

ဒီလောကထဲမှာမရှိဘူး။ ဒါကြောင့်

ငါမင်းကိုအပြစ်မတင်ပါဘူး။ မင်းငါ့ကို

လက်စားချေဖို့ တားမြစ်လိုက်တာက

လက်နက်လမ်းစဉ်က

အတွင်းရေးတိုက်ပွဲတွေဖြစ်မလာအောင်

တားဆီးချင်လို့ ။ ငါဒါကို

သဘောပေါက်တယ်။ ဒါပေမဲ့ အခု

ငါကသတ်ဖြတ်ခြင်းလမ်းကြောင်းကို

ပြန်ပြီး တည်ထောင်ချင်နေတာ။

ရှေ့ဖြစ်ဟောလမ်းကြောင်းက ငါတို့ကို

ပြန်ပြီးတည်ဆောက်ဖို့ တားနေတုန်းပဲ။

ဒါပေမဲ့ ငါထပ်ပြီးလုပ်တဲ့အခါ မင်းငါ့ကို

နောက်တစ်ကြိမ် တားပြန်တယ်။

ဒီလိုဆိုတော့

ငါ့သတ်ဖြတ်ခြင်းလမ်းကြောင်းကို

ဘာလို့ဆက်ထားနေရမှာလဲ…”

စကားပြောပြီးနောက်

ကောင်းကင်သို့ဦးညွှတ်ကာ “အဲ့ဒီကလေး

ယန်ယဲ့ပြောတဲ့အတိုင်း

လက်နက်လမ်းစဉ်မှာ ငါရှိနေရင်တောင်

ထူးထူးခြားခြား ဘာမှမဖြစ်ဘူး။

လက်နက်လမ်းစဉ်က ငါတို့မရှိရင်တောင်

လက်နက်လမ်းစဉ် ဖြစ်နေတုန်းပဲ”

သူက ဟန်ရှန်းကို

ရုတ်တရက်ကြည့်လိုက်သည်။

“ဒီအချိန်ကစလို့ ငါကျုံးယဲ့က

လက်နက်လမ်းစဉ်ရဲ့

အဖွဲ့ဝင်မဟုတ်တော့သလို။

လက်နက်ကမ္ဘာမှာ

ဆက်ပြီးမနေတော့ဘူး။ ဒါပေမဲ့ မင်းရဲ့

လက်နက်လမ်းစဉ်က

တစ်ယောက်ယောက်ကို အပြင်ကမ္ဘာမှာ

ငါတွေ့ခဲ့ရင်အကုန်လုံးကိုသတ်ပစ်မယ်”

ရှေ့ဖြစ်ဟောလမ်းကြောင်းမှ လူတိုင်း

၎င်းတို့၏မျက်နှာပေါ်တွင်

အလွန်ဆိုးရွားသော အမူအရာများ

ရှိနေကြသည်။ ကျုံးယွဲ့၏ခွန်အားက

အလွန်ကြောက်စရာကောင်းလှသည်။

ထိုကြောင့်

တည်ထောင်သူဘိုးဘေး(လက်နက်ဖန်ဆ

င်းရှင်)သာ တားဆီးခြင်းမရှိလျှင်
ရှေ့ဖြစ်ဟောလမ်းကြောင်းကို
အသာထား
မဟာမျိုးနွယ်စုကြီးလေးခုပင်လျှင်
ကလဲ့စားချေမှုကို
ခံနိုင်ရည်ရှိမည်မဟုတ်ပေ။

ဤအချိန်တွင် ကျုံးယဲ့က
ယန်ယဲ့ကိုစိုက်ကြည့်ကာ “ငါတို့
သွားကြရအောင်”

ယန်ယဲ့က တစ်ခုခုပြောချင်သော်လည်း

ကျုံ့ယဲ့က ခေါင်းခါပြလိုက်သည်။

“မေ့ထားလိုက်တော့။ ဒီမှာဆက်နေတာက

ဘာမှမရဘူး။ မတက်နိုင်ဘူး

ငါတို့လက်သီးတွေက

သူတို့လောက်မကြီးမားဘူး

ထွက်သွားတာပဲကောင်းတယ်"

စကားပြောပြီးနောက် ညာလက်ကို

ဝှေ့ယမ်းကာ ယန်ယဲ့နှင့်အတူ

ထွက်သွားရန်ပြင်သည်။

သို့သော် သူတို့ရှေ့ရှိ မြင်ကွင်းက

လျင်မြန်စွာ ပြောင်းလဲသွားသောကြောင့်

နှစ်ယောက်စလုံး

အမူအရာများအနည်းငယ်

ပြောင်းလဲသွားသည်။ သို့သော်

ယန်ယဲ့၏စိတ်ထဲတွင် ကျိုးယဲ့၏အသံက

“မခုခံနဲ့”

ယန်ယဲ့က ချက်ချင်း ရပ်လိုက်သည်။
အချိန်တော်တော်ကြာသွားပြီးနောက်
သူတို့ရှေ့ရှိမြင်ကွင်းက
ငြိမ်သက်သွားသည်။ ထိုအချိန်တွင်
သူတို့နှစ်ယောက်က
တိမ်တိုက်များအကြား သို့မဟုတ်
တိမ်တိုက်များအထက်တွင် ရှိနေသည်။
လက်နက်ကမ္ဘာ၏တိမ်တိုက်များမဟုတ်
ပေ။ တိမ်ထုတစ်ခုပေါ်၌ ဆံပင်ဖြူများ

ပခုံးထက်ထိ

ကျဆင်းနေသောအဘိုးကြီးတစ်ယောက်

တင်ပျဉ်ခွေထိုင်နေခဲ့သည်။

အဘိုးကြီး၏ပုံရိပ်ကို ဖျတ်ခနဲ

မြင်လိုက်သော်လား ယန်ယွဲ့သည်

လုံးဝမသိနိုင်သလိုခံစားလိုက်ရသည်။

သို့သော်လည်း သူသည် အဘိုးကြီး၏

ပုံရိပ်မှန်ကို  ခန့်မှန်းနိုင်ခဲ့သည်။ သူသည်

လက်နက်လမ်းစဉ်၏ဘိုးဘေးပင်
ဖြစ်သည်။

“မင်းတို့နှစ်ယောက်စလုံး
ဒေါသထွက်နေကြတာပဲ”

လက်နက်ဖန်ဆင်းရှင်က ရုတ်တရက်
ပြောလိုက်သည်။
“မင်းတို့နှစ်ယောက်စလုံးအတွက်
တော်တော်မတရားဘူးဆိုတာငါသိပါတ

ယ်။ ဒါပေမဲ့ မင်းတို့ ငါ့ဆီက ဘာကို

မျှော်လင့်လဲ...။

မင်းတို့ဘက်ကရပ်တည်ရင်  နှစ်ယောက်

စလုံးရဲ့ စရိုက်ကိုအခြေခံပြီး။

မင်းတို့နှစ်ယောက်စလုံးက

လက်နက်လမ်းစဉ် တစ်ခုလုံးကို

ဖျက်ဆီးပစ်မှာ မဟုတ်လား...”

နှစ်ယောက်သား စကားမပြောဘဲ

တိတိဆိတ်နေကြသည်။

တစ်ချိန်တည်းတွင်

လက်နက်ဖန်ဆင်းရှင်က

ဆက်ပြောသည်။ “ကလေးလေးယှဲ့၊

လက်နက်လမ်းစဉ်က နောက်ထပ်

အတွင်းရေးတိုက်ပွဲတွေ

ထပ်ဖြစ်လို့မရတော့ဘူးဆိုတာ

မင်းလည်း ကောင်းကောင်းသိမှာပါ။

ခေတ်သစ်တစ်ခုရောက်လာပြီးဆိုတော့

နတ်မျိုးနွယ်က

နောက်တစ်ကြိမ်ပေါ်လာမှာမဟုတ်ဘူး

လား…။ အခြားသမိုင်းမီခေတ်က

မျိုးနွယ်ခြားတွေလည်း

ထွက်ပေါ်လာနိုင်တယ် ငါတို့အားလုံးက

အတိတ်ခေတ်ကလို

စည်းလုံးညီညွတ်နေတာမျိုးမဟုတ်ဘူး။

မျိုးနွယ်စုတွေနဲ့ မျိုးနွယ်ခြားအသီးသီးက

ကိုယ်ပိုင် စည်းမျဉ်းတွေ နယ်မြေတွေကို

အုပ်ချုပ်နေရတယ်။ တကယ်လို့ ငါတို့က

အတွင်းရေးတိုက်ပွဲဖြစ်နေရင်
လက်နက်ကမ္ဘာမှာ မရေမတွက်နိုင်တဲ့
အသက်ပေါင်းများစွာ ဆုံးရှုံးနိုင်တယ်။
ငါကိုယ်တိုင်တောင်
အသက်ဆုံးရှုံးသွားနိုင်တယ်။ ဒါက

တမင်ချဲ့ကာပြောတာမဟုတ်ဘူး”

ကျုံးယဲ့က “ဘိုးဘေး၊ ဒါဆို ဟန်ရှန်းက
ငါ့သတ်ဖြတ်ခြင်းလမ်းကြောင်းကို

ဖျက်ဆီးတုန်းက ဘာလို့
ခွင့်ပြုလိုက်ရတာလဲ”

“ဒါက ငါ့ရဲ့ သတိ ပေါ့လျော့မှုပဲ”

လက်နက်ဖန်ဆင်းရှင်က
ရှင်းပြလိုက်သည်။
“ဒါပေမဲ့ရှေ့ဖြစ်ဟောလမ်းကြောင်းက
မင်းရဲ့ သတ်ဖြတ်ခြင်းလမ်းကြောင်းကို
တိုက်ခိုက်တဲ့အခါ

အခြားလမ်းကြောင်းသခင်တွေက
ဘာလို့မတားတာလဲ
သိလား…အကြောင်းအရင်းကို
မင်းသိပေမဲ့
တကယ့်အကြောင်းအရင်းအမှန်ကိုတော့
မသိဘူး။ သတ်ဖြတ်ခြင်းလမ်းကြောင်းရဲ့
သတ်ဖြတ်ခြင်း စိတ်ဆန္ဒက
ပြင်းထန်လွန်းတယ်။ မင်းရဲ့
တပည့်တွေက လူတိုင်းကိုအထင်သေးပြီး

သူတို့ကိုယ်သူတို့
လက်နက်လမ်းစဉ်မှာရှိတဲ့
လမ်းကြောင်းအားလုံးရဲ့
ခေါင်းဆောင်အဖြစ်
သက်မှတ်ထားကြတယ်။ မင်းရဲ့
စီနီယာအစ်ကိုက ဒါကို
ကောင်းကောင်းမထိန်းချုပ်နိုင်ခဲ့ဘူး”

လက်နက်ဖန်ဆင်းရှင်ကခေါင်းယမ်းလို
က်ပြီး “ငါသူတို့ကို

အကျိုးသင့်အကြောင်းသင့် တားဆီးဖို့
ကြိုးစားလိုက်သေးတယ်။ ဒါပေမဲ့ သူက
တကယ်ကို အလေးအနက် မထားခဲ့ဘူး။
တာအိုလမ်းစဉ်၊ ဗုဒ္ဓလမ်းစဉ်၊
ကွန်ဖြူးရှပ်လမ်းစဉ်ရဲ့
လူငယ်မျိုးဆက်တွေနဲ့အတူ
အာကာသအဆုံးလမ်းကြောင်းကို
သွားတဲ့အချိန်မှာ ဟန်ရှန်းက
သတ်ဖြတ်ခြင်းလမ်းကြောင်းကို

ဖျက်ဆီးလိုက်တယ်။ ဒီအခြေအနေကို

ငါလည်း ဘယ်တုန်းကမှ

မမျှော်လင့်ထားဘူး”

ကျုံးယဲ့က “ဒါဆို မင်းသူ့ကို ဘာလို့

အပြစ်မပေးတာလဲ…”

လက်နက်ဖန်ဆင်းရှင်က

“ထောင်ဒဏ်(နှစ်ပေါင်း ၅၀၀အထိ)

အကျဉ်းချထားတာ

မလုံလောက်ဘူးလား…”

ဟုမေးလိုက်သည်။

ကျုံးယဲ့က အနည်းငယ်

မျက်မှောင်ကြုတ်လိုက်သည်။

အကြောင်းမှုကား….

လက်နက်ဖန်ဆင်းရှင်က ရှင်းပြသည်။

“ငါအတိတ်ကအရာတွေကို

ထပ်ပြီးမပြောချင်ပါဘူး။ ဒါပေမဲ့

ရှေ့ဖြစ်ဟောလမ်းကြောင်းက

ခေါင်းဆောင်တစ်ယောက်မရှိရင်

အခြားလမ်းကြောင်းတွေရဲ့

ဖိအားပေးတာကို ခံရမှာ“

လက်နက်ဖန်ဆင်းရှင်က ထိုအချိန်တွင်

ယန်ယဲ့ကို စူးစိုက်ကြည့်ကာ

“အစတုန်းကတော့

ရှေ့ဖြစ်ဟောလမ်းကြောင်းနဲ့ပြဿနာကို

အပျော်သဘောနဲ့

သူ့ကိုရွေးချယ်ခဲ့တယ်လို့ပဲ

ငါထင်ခဲ့တယ်။ ဒါကြောင့် သူ့ကို စစ်မှန်တဲ့

လက်နက်တံဆိပ်အစစ်

ငါမပေးလိုက်ဘူး။  ဒါပေမဲ့

မင်းအလေးအနက်ထားဖို့

ငါဘယ်တုန်းကမှ မမျှော်လင့်ထားခဲ့ဘူး။

မင်ရွေးချယ်ထားတဲ့သူက

အရမ်းထူးခြားတဲ့လူပဲ”

ကျုံးယံ့ကို “ငါကံစမ်းကြည့်ဖို့

သေဆုံးခြင်းကမ္ဘာကို သွားခဲ့တယ်။

အဲ့ဒီမှာ ကံကောင်းထောက်မပြီး

သူနဲ့တွေ့ရတာပဲ”

လက်နက်ဖန်ဆင်းရှင်က

ခေါင်းညိတ်ပြသည်။

ယန်ယံ့ကိုစိုက်ကြည့်ရင်း

ငါထင်တာမမှားရင် မင်းမှာ

တာအိုလမ်းစဉ်ရဲ့ အမွေအနှစ်လည်း ရှိတယ်မဟုတ်လား...”

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။ ဖန်ဆင်းရှင် တစ်ပါးရှေ့တွင် လှည့်ကွက်ကစားသည်က လူမိုက်သာဖြစ်သည်။ သူက ဖုံးကွယ်မထားတော့ပေ။

လက်နက်ဖန်ဆင်းရှင်က

“တာအိုလမ်းစဉ်မှာ မင်းနာမည်က

ဘယ်လိုခေါ်လဲ…”

ယန်ယဲ့က “နဝမမြောက်စား”

“နဝမမြောက်စား”

လက်နက်ဖန်ဆင်းရှင်က

တိုးတိုးလေးပြောလိုက်သည်။

“တာအိုဖန်ဆင်းရှင်က

အရမ်းအလေးအနက်ထားပုံပဲ”

ယန်ယဲ့က “ငါက တာအိုလမ်းစဉ်ရဲ့

နဝမမြောက်ဆက်ခံသူဖြစ်နေတော့

မင်းကဘာလို့ လက်နက်လမ်းစဉ်ထဲ့

အမွေအနှစ်ကို

ဆက်ခံခွင့်ပြုလိုက်တာလဲ...”

လက်နက်ဖန်ဆင်းရှင်ကပြုံးပြီး

“ပထမအချက် ငါ့လက်နက်လမ်းစဉ်နဲ့

တာအိုလမ်းစဉ်အကြားမှာ ဆက်စပ်မှု

နည်းနည်းရှိတယ်။ ငါတို့က

မဟာမိတ်တွေမဟုတ်ပေမဲ့

ဆက်ဆံရေးက သိပ်မဆိုးပါဘူး။

ဒုတိယအချက်အနေနဲ့

တစ်ယောက်ယောက်က လမ်းစဉ်နှစ်ခုရဲ့

အမွေအနှစ်ကို ဘာကြောင့်

မဆက်ခံနိုင်တာလဲ…”

ယန်ယဲ့က “တာအိုလမ်းစဉ်နဲ့

လက်နက်လမ်းစဉ်အကြားမှာ

တိုက်ပွဲဖြစ်ရင် ဘယ်လိုဖြစ်မလဲ…။ ငါက

တာအိုလမ်းစဉ်ကို ကူညီလိုက်မှာ

မတွေးမိဘူးလား..”

လက်နက်ဖန်ဆင်းရှင်က ပြုံးပြီး

“ဘာလို့ဒီလိုထင်ရမှာလဲ…။ ငါ့အမြင်အရ

ဒီလိုနေမျိုးရောက်လာလို့

မင်းငါ့လက်နက်လမ်းစဉ်ကို

ထောက်ခံနေမယ်ဆိုရင် ငါတို့က

အစွမ်းထက်ပညာရှင်တစ်ယောက်ရဲ့

အကူအညီကို ရနိုင်မဖျာ

မဟုတ်ဘူးလား…”

ယန်ယဲ့က လက်နက်ဖန်ဆင်းရှင်ကို

တစ်ချက်ကြည့်လိုက်ပြီး "မင်းရဲ့

အကောင်းမြင်မှုကို ငါလေးစားပါတယ်"

ထိုစကားက

သူ၏နှလုံးသားမှထွက်ပေါ်လာသည်။

သူ့ကိုယ်တိုင် အပါအဝင် လူတော်တော်

အများစုဟာ အပျက်သဘောကိုသာ

တွေးမိတက်ကြသည်။

အပျက်သဘောဆောင်သော

အတွေးများက

မကောင်းတာတော့မဟုတ်ပေ။

ရလာဒ်ကြောင့် လူတစ်ယောက်ဟာ

အထီးကျန်ဆန်နေမည် ဟု

ပြောရပေမည်။

လက်နက်ဖန်ဆင်းရှင်က ယန်ယဲ့ကို

ခဏကြာစိုက်ကြည့်ပြီး

“မင်းတို့နှစ်ယောက်စလုံးက

အရမ်းထူးခြားတဲ့အတွက် ငါလည်း

အလေးအနက်ထားရမယ်။

သူက ယန်ယဲ့ဆီသို့ ရွှေရောင်

တံဆိပ်ပြားတစ်ခု ပစ်ပေးလိုက်ပြီး

“ဒါဟာ သတ်ဖြတ်ခြင်းလမ်းကြောင်းရဲ့

စစ်မှန်တဲ့ လက်နက်တံဆိပ်ပဲ။

လမ်းကြောင်းခြောက်သွယ်မှာ

အဆင့်(၃)နေရာမှာရှိတယ်။ မင်းအတွက်

ပြီးပြည့်စုံတဲ့ နည်းစနစ် တစ်ခုရှိတယ်”

ကျုံးယဲ့က “ကလေး အဲ့ဒါက
အရမ်းပြီးပြည့်စုံတယ်“

ယန်ယဲ့က ရွှေတံဆိပ်ပြားကို
တစ်ချက်ကြည့်လိုက်ပြီး “ငါက
ညာဏ်မမီတဲ့လူမျိုးမဟုတ်ဘူး။ မင်းငါ့ကို
ပြသနေတဲ့ ကြင်နာမှုကို
ငါနားလည်တယ်။ ဒါပေမဲ့ ငါသာ
လက်နက်လမ်းစဉ်မှာရှိနေပြီးတော့

သတ်ဖြတ်ခြင်းလမ်းကြောင်းရဲ့

တံဆိပ်ပြား သခင်ဖြစ်နေရင်

ရှေ့ဖြစ်ဟောလမ်းကြောင်းနဲ့

အခြားလမ်းကြောင်းတွေက ထပ်ပြီး

တိုက်ခိုက်ဖို့ ကြံစည်နေဦးမှာပဲ။ အဲ့ဒါကို

ငါမကြောက်ဘူး။ သူတို့တိုက်ခိုက်လို့

...

ငါပြန်ပြီးတိုက်ခိုက်ရင် နောက်တစ်ကြိမ် ထပ်တားမှာပဲမဟုတ်လား။ ငါ့အမြင်ပြောရရင် သူတို့က ငါ့ကို တိုက်ခိုက်နိုင်တယ်။ ဒါပေမဲ့ ငါသာပြန်ပြီး မတိုက်ခိုက်နိုင်ရင် ငါ့ဓားနဲ့ တာအိုနှလုံးသားက လုံးဝအဓိပ္ပါယ်မဲ့သွားနိုင်တယ်”

ကျိုးယဲ့၏နှုတ်ခမ်းများ တဆက်ဆက် လှုပ်ယမ်းသွားသည်။ တစ်ခုခုပြောချင်

သော်လည်း အဆုံးတွင်
ဘာမှပြန်မပြောပေ။

လက်နက်ဖန်ဆင်းရှင်က ရုတ်တရက်
ပြောလိုက်သည်။ “မင်းစိတ်မပူပါနဲ့။
မင်းမှာ ငါ့အသိအမှတ်ပြုမှုကို ရရှိထားလို့
အခြား လမ်းကြောင်းသခင်တွေက
မင်းကို ပြဿနာရှာတော့မှာမဟုတ်ဘူး။
အနည်းဆုံးတော့ သူတို့က
ပွင့်ပွင့်လင်းလင်း လုပ်ရဲမှာမဟုတ်ဘူး။

ဒါအပြင်

ကျုံးယွဲ့ထွက်ပေါ်လာတဲ့နောက်မှာ

ဘယ်သူကပြဿနာရှာရဲတော့မှာလဲ…”

Translated by NyiNyiSoe

May Be:

..အပိုင်း ၂၄၁၇

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

ယန်ယဲ့က ပခုံးတွန့်လိုက်ပြီး "ငါနည်းနည်း ကြောက်နေသေးတယ်"

သိုင်းပညာဦးရီးတော်ကျုံးယဲ့၏မျက်ခုံး များ လှုပ်ယမ်းသွားသည်။ "ဒီကလေးက လှည့်ကွက်တွေ ထပ်ပြီး ကစားနေပြန်ပြီ"

လက်နက်ဖန်ဆင်းရှင်က မည်သူနည်း။

ယန်ယဲ့တွေးနေသည့်အရာကို

မသိဘဲနေမည်လော။ ထို့ကြောင့် သူသည်

ယန်ယဲ့ကို ခဏစိုက်ကြည့်ပြီး

ရွှေရောင်တံဆိပ်ပြားတစ်ခု

ပစ်ပေးလိုက်သည်။ သူက

“ဒီမှာ ငါ့ရဲ့ နတ်ဘုရား စိတ်အာရုံအသိ

ပါနေတယ်။ ပညာရှင်တစ်ပါးကို

မသတ်နိုင်ရင်တောင်မှ အဲ့ဒီပညာရှင်က

ရှေ့ဆက်တိုးရဲ့မှာမဟုတ်ဘူး။

အဆင်ပြေလား…”

ယန်ယဲ့ကပြုံးပြီး အမြန်ယူလိုက်သည်။

“ဒါပေါ့ အဆင်ပြေပါတယ်”

ယန်ယဲ့က ခဏတုံ့ဆိုင်းသွားပြီး

“ဘိုးဘေး၊ ငါတို့က

မိသားစုတစ်ခုတည်းက

အစိတ်အပိုင်းတွေဖြစ်နေပြီး ဒါကြောင့်

ငါ့နောက်မှ

မကောင်းဆိုးဝါးရတနာလိုက်နေတာကို

ဘိုးဘေးမြင်နိုင်မယ်ထင်တယ်။

ဒီအရာက ငါ့နောက်ကို

လိုက်နေတာကြာပြီ။ မင်းဒါကိုဖျက်ဆီးဖို့

ကူညီပေးနိုင်မလား...”

“သူက ဒါကို လုပ်ရဲမှာလား...”

ယန်ယွဲ့၏နောက်ကနေ အသံတစ်သံ

ထွက်ပေါ်လာပြီး သွေးနီရောင်

မျက်နှာပေါ်လာသည်။

ယန်ယဲ့၏ ဆံပင်များသည် အဆုံးမဲ့

ထောင်မတ်နေ၏။

"ဒီမကောင်းဆိုးဝါးရတနာက ဘာလဲ...။

ငါ့ရှေ့မှာ ဖန်ဆင်းရှင်တစ်ပါးရှိနေတယ်။

ဖန်ဆင်းရှင်ကိုတောင်မှ

မကြောက်ဘူးလား..."

ယန်ယဲ့သည်

ကျောရိုးတစ်လျောက်အေးစက်သွားသ

ည်။

“ဖန်ဆင်းရှင်”

ဤတစ်ကြိမ်တွင်တော့ ယန်ယဲ့သည်

တကယ်ကို ထိတ်လန့်သွားပါသည်။

အကြောင်းမှာ သူသည်

လက်နက်ဖန်ဆင်းရှင်ရှေ့တွင်

ရှိသော်လည်း မကောင်းဆိုးဝါးရတနာက

လုံးဝကြောက်လန့်ခြင်းမရှိပေ။

ထိုခဏလေးမှာပဲ ယန်ယဲ့သည်

ဒုက္ခရောက်နေပြီးဖြစ်ကြောင်း

ခံစားလိုက်ရသည်။ ပတ်ဝန်းကျင်သည်

တိတ်ဆိတ်သွားသည်။

သွေးနီရောင်မျက်နှာက

ယန်ယဲ့၏အနောက်ဘက်တွင် ရပ်နေကာ

ရယ်မောနေသည်။

အလွန်ကြောက်စရာကောင်းလှသည်။

လက်နက်ဖန်ဆင်းရှင်က ဘာမပြော

ညာမပြောဖြင့် သူ၏ညာလက်ကို

ရုတ်တရက် ဝှေ့ယမ်းလိုက်သည်။

“ဘုန်း…”

ယန်ယဲ့၏နောက်ကွယ်မှ

ပေါက်ကွဲသံတစ်ချက်

ထွက်ပေါ်လာပြီးနောက်တွင်

သွေးနီရောင်မျက်နှာက

နာကျင်မှုနှင့်အတူ လွင့်မျောလာသည်။

ယန်ယွဲ့သည်

လက်နက်ဖန်ဆင်းရှင်၏တိုက်ခိုက်မှုကို

မြင်သောအခါ အလွန်ဝမ်းသာသွားသည်။

သို့သော်လည်း လက်နက်ဖန်ဆင်းရှင်က

ရုတ်တရက် ပြောင်းလဲသွားသည်။

လက်နက်ဖန်ဆင်းရှင်က

လျစ်လျူရှုထားကာ “မင်းရဲ့ ထူးခြားတဲ့

လက္ခဏာကြောင့် မင်းကို ဒီလောကမှာ

ဘယ်သူမှမသတ်ရဲဘူးလို့ မထင်နဲ့။

မင်းလိုအရာကိုပြောမနေနဲ့

သေခြင်းတရားနဲ့ ထိုက်တန်နေရင်

ကောင်းကင်ဘုံတောင်

ရှင်သန်နိုင်မှာမဟုတ်ဘူး”

သွေးနီရောင်မျက်နှာက “ဒါဆို

ငါတို့လည်း

စောင့်နေပါတယ်”ဟုပြောပြီးနောက်ပျော

က်သွားသည်။

သို့သော် ယန်ယဲ့သည် သူ့နောက်တွင်

ပုန်းနေကြောင်း ခံစားမိသည်။ ယန်ယဲ့က

လက်နက်ဖန်ဆင်းရှင်ကို ကြည့်ပြီး

အကူအညီမဲ့စွာ ရယ်မောရင်း

“အဲ့ဒါဘာလဲ...။ မင်းတောင် ဒါကို ဘာမှ

မလုပ်နိုင်ဘူးလား...”

လက်နက်ဖန်ဆင်းရှင်က

ခဏတာငြိမ်သက်သွားခဲ့ပြီး

“တချို့အရာတွေက

မင်းအခုလောလောဆယ်

မထိသေးတာကောင်းပါတယ်။

ကိုင်တွယ်ရ ခက်နေတဲ့ အချိန်မှာ

မင်းကိုယ်တိုင်က

သာမန်မဟုတ်ဘူးဆိုတာ သတိရပါ။

ဒါကြောင့် ကြောက်နေစရာမလိုပါဘူး။

မကြာခင်သူက ထောင်ချောက်ထဲကို

ကျသွားမယ်ဆိုတာ သေချာတယ်”

ယန်ယွဲ့သည် မျက်နှာပျက်သွားသည်။

လက်နက်ဖန်ဆင်းရှင်က

ချုံပုတ်တစ်ပိုက်တွင်

ပတ်ရိုက်နေရုံသာမက

ဘာမှရှင်းပြခြင်းမရှိပေ။

ဤအချိန်တွင် လက်နက်ဖန်ဆင်းရှင်က ရုတ်တရက် ပြောခဲ့သည်။

“လက်နက်လမ်းစဉ်က အချိန်တစ်ခုအထိ ငြိမ်းချမ်းမှုလိုအပ်တယ်။ တခြားလမ်းကြောင်းတွေလည်းပါတယ်။ ကံကောင်းပါစေ”စကားပြောပြီးနောက် ပျောက်ကွယ်သွားသည်။

ထိုအချိန်တွင် ဇင်းရှေ့ရှိမြင်ကွင်းက ပြောင်းလဲသွားပြီး (၁၅)မိနစ်ခန့်

အကြာတွင် ရှေ့ဖြစ်ဟောတောင်ထိပ်၌

ပေါ်လာကြသည်။ ဤအချိန်တွင်

တစ်ယောက်မှမရှိတော့ပေ။

သိုင်းပညာဦးရီးတော်ကျုံးယဲ့က

“သိုင်းအင်ပါယာ ကျောင်းတော်ကို

သွားလိုက်။ လက်နက်လမ်းစဉ်က

ဘယ်သူမှ လောလောဆယ် မင်းကို

ပြဿနာရှာမှာမဟုတ်ဘူး။

သိုင်းပညာကျောင်းတော်ကို ရောက်တာနဲ့

မင်းက ကိုယ့်ကိုယ်ကို နှိမ့်ချနေတာ အကောင်းဆုံးပဲ။ မာနကြီးတဲ့လူတွေ မောက်မာတက်တဲ့လူတွေက များသော အားဖြင့် ပျောက်သွားတက်ကြတယ်။ လုပ်သင့်တဲ့အခါမှ မောက်မာသင့်တယ်။ ဒါပေမဲ့ မလုပ်သင့်တဲ့အချိန်မှာ နှိမ့်ချသင့်တယ်”

ယန်ယဲ့က ခေါင်းညိတ်ပြီး

“နားလည်ပါတယ်”

ကျုံပြယ့်ကြ “မင်း

သိုင်းအင်ပါယာကျောင်းတော်မှာ

ဝင်ပြီးတာနဲ့ အခြားအင်အားစုတွေ ဝင်ပြီး

စွက်ဖက်တော့မှာမဟုတ်ဘူး။

ကျောင်းတော်မှာ  မင်းသေခဲ့ရင် ငါတို့က

မင်းကို သင်္ဂြိုဟ်ပေးဖို့ပဲ တက်နိုင်တယ်။

မင်းအတွက် ပန်းတိုင်တစ်ခုပဲရှိတာကို

သတိရပါ။ မူလအစနဲ့ အကယ်ဒမီမှာ

ရာထူးတစ်ခု ရနိုင်မလား ဆိုတာပဲ”

သူက ယန်ယဲ့၏ပခုံးကို ပုတ်လိုက်သည်။

"ကောင်းပြီ။ သတိထားပါ"

စကားပြောပြီးနောက်

သိုင်းပညာဦးရီးတော်က

ပျောက်သွားသည်။

ယန်ယဲ့သည်

မျက်မှောင်ကြုတ်လိုက်သည်။

သိုင်းအင်ပါယာကျောင်းတော်က

နေရာကောင်းတစ်ခုမဟုတ်ကြောင်း

သူ၏ပင်ကိုယ်အသိစိတ်အရ

ပြောနေခဲ့သည်။

သို့သော်လည်း သူ့တွင် ရွေးချယ်စရာ

သိပ်မရှိပါ။ ထိုပြင် သူသည် ထိုနေရာနှင့်

မူလအစကို ကြည့်လိုခဲ့သည်။

ယန်ယွဲ့သည် ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီး

ထွက်သွားရန်ပြင်လိုက်ပြီးမှ တစ်ခုခုကို

တွေးမိသွားသည်။

သူသည် မွန်မြတ်ခြင်းတောင်ထိပ်သို့

ချက်ချင်းပြန်သွားခဲ့သည်။

ဤအချိန်တွင် အဘိုးကြီးတစ်ယောက်က

မွန်မြတ်ခြင်းတောင်ပေါ်ရှိ

တတိယနန်းတော် အပြင်ဘက် ရင်ပြင်ကို

တံမြက်လှည်းနေသည်။ ထိုအဘိုးကြီးက အကြီးအကဲယွမ်ပင်ဖြစ်သည်။

ယန်ယဲ့က ပြုံးပြီး "အကြီးအကဲယွမ်"

အကြီးအကဲယွမ်က ဘာမှမထူးခြားဘဲ "မင်းဘာပြောချင်နေတာလဲ...။ လာပြီး နှုတ်ဆက်နေတာများလား..."

ယန်ယဲ့က ငြိမ်သွားသည်။

အကြီးအကဲယွမ်က "ဘာလဲ
မင်းတစ်ခုခုလိုသေးလား..."

ယန်ယဲ့ကပြုံးပြီး
"ငါထွက်သွားတော့မယ်ဆိုတာ
မင်းကိုအသိပေးချင်လို့ လာတာပဲ"

အကြီးအကဲယွမ်က
"သိုင်းအင်ပါယာကျောင်းတော်လား..."

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

အကြီးအကဲယွမ်က

“သိုင်းအင်ပါယာကျောင်းတော်မှာ

ညာဏ်ကြီးရှင်တွေနဲ့ပြည့်နေတယ်။

မျိုးနွယ်ခြားအားလုံးနဲ့

မဟာမျိုးနွယ်စုကြီးလေးခုအပြင်

အဲ့ဒီနေရာမှာ အခြား

လျှို့ဝှက်ဆန်းကြယ်တဲ့

မျိုးနွယ်စုတွေပါရှိနေတယ်။ ဒါကြောင့်
အစစအရာရာ သတိထားပါ”

ယန်ယဲ့က “ကောင်းပါပြီ။
အကြီးအကဲယွမ်လည်း ဂရုစိုက်ပါ”

စကားပြောပြီးနောက် နောက်လှည့်ကာ
ထွက်သွားရန်ပြင်လိုက်သည်။

သို့သော်

အကြီးအကဲယွမ်က  ကျောက်ခဲတစ်လုံး

ကို ယန်ယဲ့ဆီသို့ ပစ်ပေးသည်။

“ရှန်းရှီလို့ခေါ်တဲ့ လူတစ်ယောက်ရှိတယ်”

ယန်ယဲ့က

အကြီးအကဲယွမ်ကိုစိုက်ကြည့်ကာ "ရှန်းရှီ

လား "

အကြီးအကဲယွမ်က ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ပြီး“မင်း မထွက်သွားသေးဘူးလား…”

ယန်ယဲ့က အနည်းငယ် အံ့အားသင့်သွားပြီးနောက် တစ်ခုခုကို နားလည်လိုက်သည်။ သူက အနည်းငယ် ဦးညွှတ်လိုက်သည်။

“ဂရုစိုက်ပါ”

သူက စကားပြောပြီးသည်နှင့်
ကောင်းကင်အထက်သို့ပျောက်ကွယ်
သွားသည်။

အကြီးအကဲယွမ်က
ခေါင်းယမ်းပြီးပြုံးကာ
“သိုင်းအင်ပါယာကျောင်းတော် ဒီကလေး
အဲ့ဒီကိုရောက်လာတာနဲ့
အသက်ဝင်လာလိမ့်မယ်”

သူသည် ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီး “မကြာခင်
ဖြစ်လာတော့မှာပါ”ဟု
ဆက်ပြောခဲ့သည်။

မွန်မြတ်ခြင်းတောင်တန်းမှ
ထွက်ခွာလာပြီးနောက်တွင် ယန်ယဲ့သည်
ဓားပျံကို စီးနင်းလျက်
အလျင်အမြန်ပျံသန်းလာခဲ့သည်။

ဤအခိုက်အတန့်တွင် လက်နက်ကမ္ဘာမှ

ယန်ယဲ့ ထွက်သွားကြောင်း

သတင်းပျံ့သွားသည်နှင့်

မရေမတွက်နိုင်သောလူများ

သက်ပြင်းချကြသည်။ သူတို့သည်

အစပိုင်းတွင် ယန်ယဲ့ကို

အလေးအနက်မထားကြပေ။

သို့သော်လည်း အချို့သော

အဖြစ်အပျက်များ ပြီးဆုံးပြီနောက်တွင်

သတ်ဖြတ်ခြင်းလမ်းကြောင်း၏တံဆိပ်

ပြား သခင်အသစ်အား လျော့တွက်မိမှန်း

သတိပြုမိခဲ့ကြသည်။

ထိုတံဆိပ်ပြားသခင်က

အရှုးတစ်ယောက်ဖြစ်သည်။

သူတို့အမြင်အရတော့ ယန်ယွဲ့နှင့်

ကျုံ့ယီတို့ နှစ်ယောက်စလုံးဟာ

အကျိုးဆက်များကို

လျစ်လျူရှုထားသော
အရှုးနှစ်ယောက်ပင်ဖြစ်သည်။

ယခုအချိန်တွင် အရှုးကြီးနှင့်
အရှုးလေးနှစ်ယောက်စလုံး မရှိတော့ပေ။
လက်နက်ကမ္ဘာသည် နောက်တစ်ကြိမ်
ငြိမ်းချမ်းသွားပြီးဖြစ်သည်။
ဤအတောအတွင်း ယန်ယဲ့သည်
ဓားပျံစီးနင်းလျက် အဆုံးမဲ့ ကြယ်တာရာ

ကောင်းကင်ပြင်ထဲတွင် တစ်ဟုန်ထိုး

ပျံသန်းနေသည်။

သိုင်းအင်ပါယာကျောင်းတော်(သိုင်းကေ

ရာဇ်အကယ်ဒမီ)။

လောကသုံးပါးကိုရောက်လာကတည်းက

ဤလောကသည်

အကန့်အသတ်မရှိသော

အရာခပ်သိမ်းနှင့်ပြည့်နှက်နေသည်ကို

သတိပြုမိခဲ့သည်။ မျိုးနွယ်ခြားအားလုံး၊ မဟာမျိုးနွယ်စုကြီးလေးခု၊ နတ်မျိုးနွယ်၊ သမိုင်းမတင်မီခေတ်၊ မျိုးနွယ်စုနှင့် သိုင်းအင်ပါယာကျောင်းတော်။

လောကသုံးပါးရှိ အဖွဲ့အစည်းများသည် အလွန်ရှုပ်ထွေးသော ဆက်ဆံရေးများရှိကြသည်။ သူသည် ၎င်းတို့အရှေ့တွင် သိသိသာသာ အရေးမပါလှပေ။

ခွန်အား။ အစွမ်းထက်ခွန်အား။

ယန်ယွဲ့သည် လောကသုံးပါး

(စကြဝဠာ)၏

အနက်ရှိုင်းဆုံးနေရာဆီကိုလှမ်းကြည့်လို

က်ရင်း သူ၏မျက်လုံးအထဲတွင်

ပြတ်သားသော ဆုံးဖြတ်ချက်များ

တဖြည်းဖြည်းပေါ်လာသည်။

အလုပ်ကြိုးစားရမယ်။ ယန်ယွဲ့သည်

အရှိန်မြှင့်လိုက်သည်။

တစ်ချိန်တည်းမှာပင် သူ၏အသိစိတ်ကို

ခန္ဓာကိုယ်ထဲသို့ပို့လွှတ်လိုက်သည်။

လက်နက်ဖန်ဆင်းရှင် ပေးအပ်ခဲ့သော

တံဆိပ်ပြားက သူ့ရှေ့တွင်

လွင့်မျောနေသည်။ ၎င်းသည်

သတ်ဖြတ်ခြင်းလမ်းကြောင်း၏

စစ်မှန်သော လက်နက်တံဆိပ်ဖြစ်သည်။

ယန်ယွဲ့သည် သွေးတစ်စက်ချလိုက်ရာ လက်နက်တံဆိပ်က သူ၏နဖူးထဲသို့ ချက်ချင်းတိုးဝင်သွားသည်။ ခဏအကြာတွင် ယန်ယွဲ့၏စိတ်ထဲတွင် အချက်အလက်အချို့ပေါ်လာသည်။

အင်ပါယာသတ်ဖြတ်သူ။
အဆင့်သတ်မှတ်ချက်ထက်ကျော်လွန်သောနည်းစနစ်။

လက်သီးနည်းစနစ်တွေ အားလုံးထဲမှာ

အင်ပါယာ ဖျက်ဆီးသူကို

တစ်ချက်သုံးလိုက်တာနဲ့ ကမ္ဘာကြီးကို

ချေမှုန်းပစ်နိုင်တယ်။

အချိန်တော်တော်ကြာသွားပြီးနောက်

ယန်ယဲ့သည် သူ၏မျက်လုံးများကို

ပြန်ဖွင့်လိုက်သည်။

အင်ပါယာဖျက်ဆီးသူ

လက်သီးနည်းစနစ်ဖြစ်ဖို့ သူလည်း

မမျှော်လင့်ထားပေ။ လက်ရှိအထိ

သူလေ့လာထားသမျှဟာ

ဓားနည်းစနစ်များချည်းသာ။

လက်သီးနည်းစနစ်အချို့ကို

သိကျွမ်းထားသော်လည်း ၎င်းတို့သည်

လိုက်လျောညီထွေဖြစ်အောင်

ပေါင်းလွှန်းနေခဲ့သည်။ ထို့ကြောင့်

တိုက်ပွဲတွင် လက်သီးနည်းစနစ်ကို

တစ်ခါမျှ

မသုံးခဲ့ပေ။ ဓားသာ အသုံးပြုခဲ့သည်။

လက်သီးနည်းစနစ်။

အင်ပါယာဖျက်ဆီးသူ။

ယန်ယွဲ့၏ပါးစပ်ထောင့်တွင် အပြုံးတစ်ခု ရစ်ဝဲလာသည်။ လက်နက်ဖန်ဆင်းရှင် ပြောခဲ့သလိုပင် သူ့အတွက် အလွန်သင့်တော်ပါသည်။ သို့သော် ချက်ချင်းမသင်ယူခဲ့ပေ။

ရှေ့ဖြစ်ဟောလမ်းကြောင်းက သူ့အား

တစ်ချိန်လုံး နှောက်ယှက်နေသောကြောင့်

နောက်ကျနေသည်ဟု ပြောရပါမည်။

Traslated by NyiNyiSoe

..အပိုင်း ၂၄၁၈

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

တစ်ရက်ခန့်အကြာတွင် ယန်ယဲ့သည်
နောက်ဆုံးတွင် ခရီးသွားခြင်းကို
ရပ်လိုက်သည်။ ထိုအချိန်တွင် သူသည်
အဆုံးမဲ့ ကြယ်တာရာကောင်းကင်ထဲ၌
ရှိနေတုန်းပင်ဖြစ်သည်။ သို့သော်
သူ၏မျက်စိအဆုံးတွင် ရောမ
မြို့ကြီးတစ်မြို့ကို
လှမ်းမြင်လိုက်ရသည်။

ဤအခိုက်အတန့်တွင်

အပြာရောင်အလင်းတန်းကြီးတစ်ခုက

သူ့အထက်မှာ လွင့်မျောနေခဲ့သည်။

ရံဖန်ရံခါ တလျှပ်လျှပ်တောက်ပနေသော

ဓားပျံများက

အလင်းအတားအဆီးအလွှာပေါ်မှ

ထွက်ပေါ်လာကြသည်။

မြင်လိုက်ရသောအခါတွင်

ယန်ယွဲ့၏မျက်နှာပေါ်တွင်

လေးနက်သောအမူအရာများပေါ်လာခဲ့သ
ည်။ ထိုစားများတွင် အနိမ့်ဆုံးက
ပညာရှင်အဆင့်ဖြစ်သည်ကို
သတိပြုမိသောကြောင့်ပင်။

“ဘယ်လောက်တောင်
ကြွယ်ဝလိုက်သလဲ...”

ယန်ယွဲ့ က ခေါင်းယမ်းလိုက်သည်။
အမှန်တိုင်းပြောရရင် လုယက်ချင်သလို

ခံစားလိုက်ရသည်။ ယန်ယဲ့သည်

စိတ်ထဲမှ

လက်တွေ့မဆန်သောအတွေးများကို

ချုပ်တည်းလိုက်ပြီး မြို့ဘက်သို့

မြန်မြန်ပျံသန်းသွားလိုက်သည်။

မြို့နှင့် (၃) ကီလိုမီတာခန့်

အကွာသို့ရောက်သောအခါ

မြို့အထက်အလင်းအတားအဆီးမှ

ဓားပျံတစ်စင်း ရုတ်တရက်

ပစ်ချလာသည်။ ခဏအကြာတွင် ဓားက ယန်ယွဲ့ရှေ့တွင်ပေါ်လာပြီး သူ့နဖူးကို ဦးတည်နေသည်။

ယန်ယွဲ့သည် အံ့သြသွားသည်။

ဤအချိန်မှာ သူ့ရှေ့တွင် လူငယ်လေးတစ်ယောက် ရုတ်တရက် ပေါ်လာသည်။

လူငယ်က ယန်ယဲ့ကို ခဏစိုက်ကြည့်ပြီး
“မင်းကဘယ်သူလဲဆိုတာ
ငါသိနိုင်မလား...” ဟုမေးသည်။

ယန်ယဲ့က လူငယ်လေးဆီ
ရွှေရောင်ဖိတ်စာတစ်စောင်
ပစ်ပေးလိုက်ပြီး “လက်နက်လမ်းစဉ်ရဲ့
ယန်ယဲ့ ငါရောက်လာတာကို
သတင်းပို့ဖို့အတွက် ဒီကိုရောက်နေတာ”

“လက်နက်လမ်းစဉ်“

လူငယ်က ခဏထိတ်လန့်သွားပုံရသည်။

“မင်းဒီမှာ

အကယ်ဒမီလာတက်တာလား…”ဟု

မေးလိုက်သည်။

ယန်ယွဲ့က ခေါင်းညိတ်လိုက်သည်။

လူငယ်၏မျက်နှာပေါ်တွင် ထူးဆန်းသော အမူအရာတစ်ခုပေါ်လာပြီး
“ဖွင့်ပွဲပြီးသွားပြီ။
မင်းနောက်တောင်ကျနေပြီ”

ယန်ယဲ့က “ငါဝင်လို့မရတော့ဘူးလား…”

လူငယ်က ခဏတုံ့ဆိုင်းသွားပြီး
“တကယ်မဟုတ်ဘူး။ ခဏလေးစောင့်
ငါသွားမေးလိုက်ဦးမယ်”

စကားပြောပြီးနောက်

လှည့်ထွက်သွားသည်။

ယန်ယဲ့ရှေ့ရှိဓားက တည့်တည့်မတ်မတ်

လွင့်မျောနေတုန်းပင်။ သို့သော်

မည်သွန်တော့ပေ။ ဓားပျံကိုစိုက်ကြည့်ရင်း

ယန်ယဲ့သည် ခဏတုံ့ဆိုင်းသွားပြီး

သူ့ရင်ဘက်ကို ပုတ်လိုက်သည်။

ခဏအကြာတွင် ထိုနေရာမှ

ခေါင်းသေးသေးလေးပြူထွက်လာသည်

။ နှင်းပွင့်က မျက်တောင်ခတ်ပြီး

ပတ်ဝန်းကျင်ကို မော့ကြည့်လိုက်သည်။

အဆုံးတွင် သူမက ယန်ယဲ့ကို

စိုက်ကြည့်နေသည်။

ယန်ယဲ့သည် သူမ၏ခေါင်းလေးကို

ပွတ်သပ်ကာ ဆေးပျံကို

ညွှန်ပြရင်း“ရတနာတစ်ခုမို့လား...”

နှင်းပွင့်က ဓားပျံကိုကြည့်ရင်း

မျက်လုံးသေးသေးလေးများ

အနည်းငယ်တောက်ပလာသည်။

နှင်းပွင့်လေးက ခေါင်းညိတ်ကာ

ဟုတ်မှန်ကြောင်း ပြသသည်။

ယန်ယဲ့က တိုးတိုးလေးပြောလိုက်သည်။

“လှည့်စားလိုက်…အို ငါအဲ့ဒါနဲ့

စကားပြောပြီး ငါတို့နဲ့

လိုက်လာခိုင်းစေချင်တာ

အဆင်ပြေလား…”

နှင်းပွင့်က မျက်တောင်ခတ်ကာ ဓားပျံကို

စိုက်ကြည့်ပြီး သူမ၏

လက်သည်းလေးများကို

စတင်ဝှေ့ယမ်းလိုက်လေသည်။

ခဏအကြာတွင် ဓားက

တုန်တုန်ယင်ယင်ဖြင့်တုန်ပြန်သည်။

အချိန်တော်တော်ကြာပြီးနောက်

နှင်းပွင့်ကယန်ယဲ့ကိုကြည့်ကာ

ကောင်းကင်အထက်ရှိ

အလင်းအတားအဆီးကို ညွှန်ပြသည်။

ယန်ယဲ့က တစ်ချက်ကြည့်လိုက်သည်။

ဓားက အတားအဆီးကနေ

ထွက်မသွားနိုင်ပါ။ သူလုပ်ဆောင်ရမည့်

တာဝန်ကို ပြီးဆုံးအောင်

လုပ်ဆောင်ရပါမည်။

ယန်ယဲ့က ခဏတုံ့ဆိုင်းသွားပြီး "ဒါဆို တာဝန်မကျရင်ရောဟုမေးလိုက်..."

နှင်းပွင့်က နောက်တစ်ကြိမ် ဓားပျံကို စိုက်ကြည့်ကာ နောက်တစ်ကြိမ် စကားပြောလေသည်။ ထိုအတိုင်းပင် ယန်ယဲ့သည် နှင်းပွင့်အား ဓားနှင့်စကားပြောနေသည်ကို ရိပ်မိလိုက်သည်။ သို့သော်လည်း အလဟဿပင်။ ယန်ယဲ့က

ထပ်ပြောချင်သော်လည်း မလှမ်းမကမ်း၌
သက်လတ်ပိုင်းအမျိုးသားတစ်ယောက်
ရုတ်တရက် ပေါ်လာသဖြင့်
ရပ်တန့်လိုက်သည်။

သက်လတ်ပိုင်းအမျိုးသားက
ယန်ယဲ့ကိုစိုက်ကြည့်က
“အကယ်ဒမီကျောင်းတက်ဖို့လာတယ်ဆို
ပြီး ဘာလို့စောစောရောက်မလာတာလဲ...”
ဟုမေးသည်။

ယန်ယဲ့က "ယန်ယဲ့က တချို့အကြောင်းတွေကြောင့် နောက်ကျသွားတာပါ" ဟုပြန်ဖြေသည်။

သက်လတ်ပိုင်းအမျိုးသားက ခေါင်းညိတ်ပြသည်။ "ငါနားလည်တယ်"

ယန်ယဲ့သည် သူ့စိတ်ထဲတွင် သက်ပြင်းတစ်ချက်ချလိုက်သည်။

“ဒီတော့ အကယ်ဒမီက ကိုင်တွယ်ရတာ သိပ်မခက်ပါဘူး”

ဤအချိန်တွင် သက်လတ်ပိုင်းအမျိုးသားက ဆက်ပြောသည်။

“မင်းဘာလို့ပြန်မသွားတာလဲ...။ မင်းဒီမှာ (၁၅)မိနစ်လောက် ထပ်နေရင် ဓားနဲ့ ထိုးသတ်မိလိမ့်မယ်”

ယန်ယဲ့သည် အံ့အားသင့်သွားကာ

စကားပင်မပြောနိုင်တော့ပေ။

ယန်ယဲ့သည် အနည်းငယ်

ရှက်ရွံ့သွားပုံရသည်။

သူစကားပြောရန် ပြင်လိုက်စဉ်

သက်လတ်ပိုင်းအမျိုးသားက

ထွက်ခွာသွားသည်။

ယန်ယဲ့သည် အဝေးကို

လှမ်းကြည့်လိုက်သည်။ ထိုနေရာတွင်

အုံအားသင့်သွားသည်။ “ငါဒီအတိုင်း ထွက်သွားရတော့မှာလား…”

ဤအခိုက်အတန့်တွင် အစောပိုင်းက လူငယ်လေး နောက်တစ်ကြိမ်ပြန်ပေါ်လာသည်။

သူက ယန်ယွဲ့ကို စိုက်ကြည့်လိုက်ပြီး “အစ်ကို မင်းက နောက်ကျရဲလိုက်တာ။ ကံကောင်းစွာနဲ့ပဲ မင်းအကယ်ဒမီကို

မဝင်ရသေးဘူး မဟုတ်ရင် မင်း

ဒီလိုမျိုးအရိုက်ခံရမှာ သေချာတယ်”

ယန်ယဲ့က

ခါးသက်သက်ရယ်မောလိုက်ပြီး

“မတက်နိုင်ဘူးလေ

အကြောင်းအမျိုးမျိုးကြောင့်

နှောင့်နှေးသွားတာ”

လူငယ်က ခဏတုံ့ဆိုင်းသွားပြီး

"တကယ်တော့ မင်းမှာ

အခွင့်အရေးရှိသေးတယ်"

ဟုပြောလိုက်သည်။

"ဟမ်..."

ယန်ယဲ့က လူငယ်ကိုကြည့်ပြီး

"ဘာအခွင့်အရေးလဲ..."

လူငယ်က “အကယ်ဒမီမှာ

စာကြည့်တိုက်တစ်ခုရှိတယ် အဲ့ဒါကို

ကမ္ဘာစာကြည့်တိုက်လို့ခေါ်တယ်။ ယခု

စာကြည့်တိုက်မှူး တွေခေါ်ယူနေတယ်။

ဒီတော့မင်းကိုအခွင့်အရေးပေးလို့ရတယ်

။ ငါးနှစ် ကြာပြီးတာနဲ့ အကယ်ဒမီက

ထပ်မံခေါ် ယူတော့မယ်ဆိုရင် မင်းက

တန်းပြီး လျှောက်ထားနိုင်တယ်”

“စာကြည့်တိုက်မှူးလား...”

ယန်ယဲ့က သူ့မျက်နှာပေါ်တွင်
ထူးဆန်းသောအမူအရာတစ်ခုရှိနေသည်။
“ဒီကောင်က ငါ့ကို
စာကြည့်တိုက်မှူးဖြစ်စေချင်နေတာလား..
.”

လူငယ်က ခေါင်းညိတ်ပြပြီး “ဒါက
အရမ်းရိုးရှင်းတဲ့အလုပ်ပါ။ ဘယ်သူက
စာအုပ်

ငှားယူသွားတာလည်းဆိုတာကို မှတ်တမ်းတင်ပြီး။

အချိန်မီပြန်မပေးတဲ့သူတွေကို လိုက်ရှာရမယ်။ တကယ်ကို အရမ်းရိုးရှင်းပါတယ်

မင်းဘယ်လိုထင်လဲ…”

ယန်ယဲ့ကအနည်းငယ် မျက်မှောင်ကြုတ်လိုက်သည်။

သူငြင်းတော့မည်ဖြစ်သော်လည်း

လူငယ်က ဆက်ပြောသည်။

“အစ်ကို အဲ့ဒါကို စဉ်းစားကြည့်။

အခုထွက်သွားရင် နောက်တစ်ကြိမ်

ဘယ်လိုလုပ် ပြန်လာမလဲ...။

ဖိတ်စာတစ်ခုရဖို့က လူတိုင်းအတွက်

မလွယ်လောက်ဘူးထင်တယ်။ မင်းအခု

ထွက်သွားရင်

ဘယ်လောက်စိတ်ပျက်စရာ

ကောင်းလိုက်မလဲ...”

ယန်ယဲ့သည် ခဏမျှ စဉ်းစားလိုက်သည်။

မှန်သည် လူငယ်ပြောသည့်အတိုင်း

အခုချက်ချင်း ပြန်သွားလျှင်

ရှက်စရာကောင်းမည်ဖြစ်သည်။

နောက်ဆုံးတွင် ကျိုယဲ့က သူ့အတွက်

ဝင်ခွင့်စာတစ်စောင်ရဖို့

အချိန်တော်တော်ကြာသည်အထိ

ကြိုးစားခဲ့ရသည် မဟုတ်ပါလား…”

တစ်ချိန်တည်းမှာပင်လူငယ်က

ဆက်ပြောသည်။ “မင်းစာကြည့်တိုက်မှာ

အလုပ်လုပ်နေတုန်း နည်းပြဆရာက

သဘောကျသည်အထိ

ကောင်းကောင်းလုပ်နိုင်ရင်

အကယ်ဒမီကို ချက်ချင်းဝင်နိုင်လိမ့်မယ်”

"မင်းမှန်တယ်"

ယန်ယဲ့က ခဏကြာစဉ်းစားပြီး
သူ့အမြင်အရတော့ လက်ရှိတွင်
သိုင်းကေရာဇ်ကျောင်းတော်ကို
ဝင်ခွင့်ရဖို့က အရေးကြီးဆုံးဖြစ်သည်။
ယန်ယဲ့ခေါင်းညိတ်လိုက်သည်ကို
မြင်သောအခါ လူငယ်၏မျက်လုံးထဲ
ပျော်ရွှင်မှုများ
တဖျတ်ဖျတ်လင်းလက်သွားသော်လည်း

။ ခဏအကြာတွင်
ပြန်ပြီးပျောက်သွားသည်။

လူငယ်က “အစ်ကို ကျေးဇူးပြုပြီး
ငါနဲ့အတူ လိုက်ခဲ့ပါ”ဟု
ကမန်းကတန်းပြောလိုက်သည်။

စကားပြောပြီးနောက် လမ်းကို
အမြန်လျှောက်သွားသည်။ ယန်ယွဲ့သည်
လူငယ်ကို တစ်ချက်ကြည့်လိုက်ပြီး

သူ့နောက်တစ်ချက်ကြည့်လိုက်

ခဏအကြာတွင် ယန်ယဲ့သည်

လူငယ်နှင့်အတူ မြို့ဝင်ပေါက် အရှေ့သို့

ရောက်ရှိလာခဲ့သည်။

ဝင်ပေါက်အတက်တွင် အနက်ရောင်

စာလုံးကြီးသုံးလုံး "သိုင်း အင်ပါယာ

မြို့တော်" ဟူ၍ရေးထိုးထားသည်။

"သိုင်းအင်ပါယာမြို့တော်"

ယန်ယဲ့သည် မြို့ကို

ခဏအကြာစိုက်ကြည့်နေသည်။

မြို့သည် သိပ်ပြီးကြီးကြီးမားမား

မဟုတ်ဘဲ လူပေါင်း

တစ်သိန်းလောက်သာ နေထိုင်နိုင်သည်။

မြို့ထဲ ဝင်လာသည့်အချိန်တွင်

လူသိပ်မရှိကြောင်း

သတိထားမိလိုက်သည်။

ယန်ယွဲ့က လူငယ်ကို ကြည့်ပြီး
“အစ်ကို  ချင်လန်း သူတို့က
ဘယ်သူတွေလဲ...”

အစောပိုင်းက စကားစမြည်းပြောရင်း
ယန်ယွဲ့သည် လူငယ်၏အမည်ကို
သိလိုက်ရသည်။

ချင်လန်းက ပြုံးပြီး “အများစုက
ကျောင်းသားတွေရဲ့ မိသားစုတွေနဲ့

သင်တန်းပို့ချသူတွေ

တချို့ကြတော့လည်း

အပြင်လူတွေဆိုပေမဲ့ သာမန်

အပြင်လူတွေတော့မဟုတ်ဘူး။

အများစုက အထူး ပုဂ္ဂိုလ်တွေ။

ဥပမာအနေနဲ့ အစီအရင်ပညာရှင်တွေ၊

မှော်ပညာရှင်တွေ၊

လက်နက်ပညာရှင်တွေ။

အတိုချုံးပြောရရင်

သိုင်းအင်ပါယာမြို့တော်ကို
နေထိုင်ခွင့်ပေးတဲ့လူတွေက
သာမန်လူတွေ မဟုတ်ဘူး”

ယန်ယဲ့က ငြိမ်သွားသည်။ မြို့အတွင်းကို
လှည့်ပတ်ကြည့်လိုက်ရင်း
သာမန်မြို့မဟုတ်မှန်းသိလိုက်ရသည်။

ဤအချိန်တွင် ချင်လန်းက ရုတ်တရက်
ပြောခဲ့သည်။ “ဒါဟာ
သိုင်းကေရာဇ်ကျောင်းတော်ပဲ”

ယန်ယဲ့က မော့ကြည့်လိုက်ပြီး
အံ့အားသင့်သွားသည်။

သူက ချင်လန်းကိုကြည့်ပြီး
“သေချာလား...”

အကယ်ဒမီဝင်ပေါက်က

ရိုးရှင်းသောကြောင့် ယန်ယဲ့သည်

အံ့သြသွားသည်။ ၎င်းသည်

ဝါးတံခါးဖြစ်ပြီး စကားလုံး

သုံးလုံးပါရှိသည်။

“သိုင်းဧကရာဇ်ကျောင်းတော် ”

ယန်ယဲ့သည်ဝါးတံခါးနောက်ကို

သေချာမကြည့်ရသေး။

ချင်လန်းကပြုံးပြီး “ငါတုန်းကလည်း မင်းနဲ့အတူတူပဲ လာပါ။ မင်းအဲ့ဒါကို ကျင့်သားရသွားလိမ့်မယ်”

စကားပြောပြီးနောက် ချင်လန်းက လျှောက်ဝင်သွားသည်။ ဝါးတံခါးကို ဖွင့်တာလျှောက်လာသည်နှင့် ယန်ယဲ့၏ရှေ့မှ မြင်ကွင်းသည်

ချက်ချင်းပြောင်းလဲသွားသည်။

တောင်တန်းတစ်ခု။

ဤအခိုက်အတန့်တွင် ၎င်းတို့သည်

အကန့်အသတ်မရှိသောတောင်တန်းတစ်

ခုပေါ်တွင်ရပ်နေကြသည်။ အဆုံးမရှိဟု

ထင်ရသည်။

"သွားကြရအောင်"

ချင်လန်းက ပြုံးပြီး သူ့လက်ကို ဝှေ့ယမ်းလိုက်သည်။ ထိုခဏလေးမှာပဲ သူ့ခြေထောက်အောက်တွင် အလင်းတန်းတစ်ခုပေါ်လာပြီး အဝေးဆီသို့ ပျောက်ကွယ်သွားခဲ့သည်။ ယန်ယွဲ့သည် သူ့နောက်ကနေ ကမန်းကတန်းလိုက်ပါလာသည်။ ခဏ အကြာတွင် ယန်ယွဲ့သည် ရပ်တန့်သွားသည်။ အရှေ့

သိပ်မဝေးသောနေရာတွင်

ရွှေရောင်အဆောက်အဦးများရှိနေသည်။

ထူးခြားသည်မှာ အဆောက်အအုံများ

တည်ရှိနေသောပုံသဏ္ဍာန်သည်

ဧရာမရေဝဲကြီးအသွင်ဖြစ်နေခဲ့သည်။

"ရေဝဲကတော့အစီအရင်"

ဤအချိန်တွင် ချင်လန်းက ရုတ်တရက်

ပြောခဲ့သည်။ "အင်မတန်

အစွမ်းထက်တယ်။

တောင်ထိပ်(၇)ခုရဲ့အောက်မှာ

လျှို့ဝှက်ဆန်းကြယ်တဲ့ ဝိညာဉ်တွေ

ချုပ်နှောင်ထားတယ်လို့ ကြားသိရတယ်။

ကံမကောင်းစွာဘဲ အဲ့ဒီဝိညာဉ်တွေကို

ငါမမြင်ဖူးဘူး”

ယန်ယဲ့က အံ့သြသွားသည်။

“ဘာလို့လဲ...”

ချင်လန်းက ပြုံးပြီး “ဒီမှာ ဘယ်သူမှ ဒုက္ခမပေးရဲလို့”

စကားပြောပြီးနောက် ချင်လန်းက အရှိန်မြှင့်လိုက်သည်။ ယန်ယဲ့က တောင်တန်းများကို လှည့်ပတ်ကြည့်ရင်း ချင်လန်းနောက်သို့ လိုက်သွားခဲ့သည်။

translated by NyiNyiSoe

May Be:

..အပိုင်း ၂၄၁၉

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

ချင်လန်းသည် ယန်ယွဲ့အား တောင်ထိပ်

(၇)လုံးရှိရာသို့ မခေါ်သွားဘဲ

ထောင့်အစွန်းရှိ

တောင်ကုန်းသေးသေးလေးဆီသို့
ပို့ဆောင်လိုက်သည်။

ပင်မတောင်ထိပ် (၇)
ခုနှင့်တော့သိပ်မဝေးလှပါ။ ၎င်းသည်
တောင်တန်းရှိအခြားတောင်ကုန်းများထဲ
မှတစ်ခုဖြစ်သည်။ တောင်ထွတ်
(၇)လုံးသည်
ပင်မတောင်ထိပ်များဖြစ်သည်။ ၎င်းတို့
ပတ်ပတ်လည်တွင်မရေမတွက်နိုင်သော

တောင်ကုန်းများ အများအပြားရှိခဲ့သည်။

၎င်းတောင်ပေါ်တွင်

အနက်ရောင်မျှော်စင်တစ်ခုသာရှိသည်။

၎င်း၏ ထိပ်ပတ်ပတ်လည်တွင်

အလင်းရောင်များ ကျရောက်နေသည်။

ချင်လန်းက ယန်ယဲ့ကို အနက်ရောင်

မျှော်စင်ဆီသို့ ခေါ်လာပြီး "ဒါဟာ

ကမ္ဘာပဲ။ ဒီစာကြည့်တိုက်ထဲမှာ

မရေမတွက်နိုင်တဲ့

ရှေးဟောင်းစာအုပ်တွေရှိတယ်။
အဲ့ဒီထဲမှာ ထူးဆန်းတဲ့
အံ့သြစရာအမျိုးမျိုးကို
မှတ်တမ်းတင်ထားတယ်။ ငါတို့လောက
သုံးပါးမှာ အပြည့်စုံဆုံး စာကြည့်တိုက်လို့
ပြောလို့ရတယ်”

ယန်ယဲ့က “ဒါတွေအားလုံးက
လူတိုင်းဖတ်လို့ရလား...”

“ဘယ်ဟုတ်မလဲ...”

ချင်လန်းကပြုံးပြီး “စာကြည့်တိုက်မှာ အဆင့် (၄)ဆင့်ရှိတယ်။ အဆင့်တိုင်းမှာ မတူညီတဲ့မှတ်တမ်းတွေပါရှိတယ်။ ထိပ်ဆုံးအထပ်မှာ ရှေးအကျဆုံးနဲ့ အရှားပါးဆုံး မှတ်တမ်းတွေရှိတယ်။ စာအုပ်ဖတ်ဖို့ ဒါမှမဟုတ် ငှားဖို့ စာကြည့်တိုက်ထဲ

ဝင်ချင်ရင် ကျောင်းသားအမှတ်တွေလို

တယ်”

ယန်ယဲ့က

အံ့သြသွားပြီး“ကျောင်းသားအမှတ်တွေ

လား…”

ချင်လန်းက လေးနက်သောအမူအရာဖြင့်

“ကျောင်းသားအမှတ်တွေက

အကယ်ဒမီမှာရှိတဲ့ ကျောင်းသားတိုင်းရဲ့

ကံကြမ္မာနဲ့ ဆက်စပ်နေတယ်။ ကျောင်းသားအမှတ်တွေအတွက် အကန့်အသတ်မရှိဘူး။ ရေးဖြေစာမေးပွဲနှင့် တိုက်ခိုက်ရေးစာမေးပွဲလို လစဉ် စာမေးပွဲတွေကနေပဲ ရနိုင်တယ်။ ဒါ့အပြင် မစ်ရှင်တွေလုပ်ရင်ရနိုင်တယ်။ ဒါပေမဲ့ ကန့်သတ်ချက်မရှိရင်တောင် အောက်ခြေကန့်သတ်ချက်ရှိတယ်။ ၆လ ၁ကြိမ် အကယ်ဒမီက

ကျောင်းသားအမှတ်

အလုံအလောက်မရှိတဲ့ကျောင်းသားတွေ

ကို နှင်ထုတ်မယ်။

ကျောင်းသားတစ်ယောက်မှာ

အမှတ်(၉၀)မရသေးရင်

အဲ့ဒီကျောင်းသားတစ်ယောက်ကို

ချက်ချင်း ထုတ်ဖော်လိမ့်မယ်”

ဤအချိန်တွင် သူသည်

ခါးသီးစွာပြောခဲ့သည်။ “နှင်ထုတ်ခံရတာ

သိပ်မဆိုးသေးပါဘူး။ ဒါပေမဲ့

အဲ့ဒီမှာတင် အဆုံးမသတ်သေးဘူး

ထုတ်ဖယ်ခံရတဲ့ ကျောင်းသားတိုင်းရဲ့

နာမည်တွေကို

သိုင်းကျောင်းကျောင်းထိပ်ပေါ်က

မှတ်တမ်းကျောက်တိုင်ပေါ်မှာ

မှတ်တမ်းထင်ထားလိမ့်မယ်”

“သောက်ကျိုးနည်း။ အဲ့ဒါက တကယ့်ကို

ရှက်စရာကောင်းတယ်။ လူသားမျိုးနွယ်

အတွက်တင်မကဘူး

အဲ့ဒီလူရဲ့မျိုးနွယ်စုနဲ့

အဖွဲ့အစည်းအတွက်ပါ အကုန်လုံး

မှတ်တမ်းတင်ထားလို့

ရှက်စရာကောင်းသလို

အရမ်းကြောက်စရာလည်းကောင်းတယ်”

ယန်ယဲ့သည် ပြုံးလိုက်သည် ဤ

စည်းမျဉ်းများသည် အလွန်

စိတ်ဝင်စားစရာကောင်းတယ်ဟု

ခံစားလိုက်ရသည်။ ၎င်းသည် ကျောင်းသားများအား အလုပ်ကြိုးစားရန် လှုံ့ဆော်ပေးနိုင်စွမ်းအပြည့်ရှိနေသည်။

ဤအချိန်တွင် ချင်လန်းက “အစ်ကိုယန်၊ ငါနဲ့လိုက်ခဲ့ အားလုံးကို မိတ်ဆက်ပေးမယ်” စကားပြောနေစဉ် သူသည် ယန်ယဲ့အား

စာကြည့်တိုက်၏ပထမအထပ်သို့

ခေါ်ဆောင်လာခဲ့သည်။

အဝင်ဝတွင်

ကျောက်စားပွဲငယ်တစ်ခုရှိနေသည်။

စားပွဲပေါ်တွင် အနက်ရောင်

စာအုပ်ထူကြီး ရှိနေသည်။

ချင်လန်းက “အစ်ကိုယန်၊ နောက်ကျမှ

မင်းရဲ့နာမည်ကို

အထက်အာကျောပိုင်တွေဆီ

အစီရင်ခံလိုက်မယ်။ ဒါဆိုမင်းက

စာကြည့်တိုက်မှူး ဖြစ်ပြီး။

စာကြည့်တိုက်မှူးတွေကို

လျော်ကြေးပေးတယ် လစဉ်

ကျောင်းသားအမှတ် (၅)မှတ်ရတယ်

ဒါတွေကို အချို့အရာတွေအတွက်

လဲလှယ်အသုံးပြုနိုင်တယ်။

လုံလောက်တဲ့

ကျောင်းသားအမှတ်တွေပိုင်ဆိုင်ထားရင်တော့ မင်းက ပညာရှင်အဆင့်လက်နက်ဒါမှမဟုတ် ပညာရှင်အထက်အဆင့်ရတနာတွေ နည်းစနစ်တွေနဲ့လဲလှယ်နိုင်သေးတယ်။ ဒါပေမဲ့အများစုက မတက်နိုင်ကျဘူး”

စကားပြောပြီးနောက်  ချင်လန်းကယန်ယဲ့၏အဖြေကိုမစောင့်ဘဲ “မင်းရဲ့အလုပ်က အရမ်းရိုးရှင်းပါတယ်။

စာအုပ်ငှားဖတ်ဖို့လာတဲ့လူတွေကို
မှတ်တမ်းတင်ဖို့ပါ။ ပထမအဆင့်အတွက်
ကျောင်းသားအမှတ် (၃၀)
ဒုတိယအဆင့်အတွက် (၆၀)။
အတိုချုံးပြောရရင် အားလုံးကို
မင်းရဲ့အရှေ့မှာရှိတဲ့အနက်ရောင်
စာအုပ်ကြီးထဲမှာ
အသေးစိတ်မှတ်တမ်းတင်ထားရုံပဲ။
စည်းမျဉ်းစည်းကမ်းနဲ့

အညီလုပ်နိုင်တယ်။ အခုမင်းက စာကြည့်တိုက်မှူးတစ်ဦးဖြစ်နေပြီးဆို တော့ ဘယ်သူ့ကိုမှစော်ကားလို့မရဘူး။ ဒါကြောင့် အကယ်ဒမီက မင်းကို ကာကွယ်ပေးမှာမဟုတ်ဘူး ဒါပေမဲ့ နှစ်ပက်ကြာရင် အကယ်ဒမီက အသိအမှတ်ပြုလိမ့်မယ်။ အဲ့ဒီအချိန်မှာ အကြောင်းပြချက်မရှိဘဲနဲ့ ဘယ်သူကမှ မင်းကို အပြစ်တင်တော့မှာမဟုတ်ဘူး”

ယန်ယဲ့က ခဏမျှ စဉ်းစားလိုက်ပြီး

“အစ်ကိုချင်လန်း၊ ငါ့ရှေ့က

စာကြည့်တိုက်မှူးက မင်းမဟုတ်လား…”

ချင်လန်း၏မျက်နှာက တင်းမာသွားကာ

ခေါင်းညိတ်လိုက်သည်။

“ငါသိနေတယ်”

ယန်ယဲ့က ချင်လန်းကို
တစ်ချက်ကြည့်လိုက်ပြီး
“အစ်ကိုချင်လန်း၊ အခု
ဘယ်သွားဖို့စီစဉ်ထားလဲ...”

ချင်လန်းက တဟားဟားရယ်ပြီး “ငါဒီမှာ
အလုပ်လုပ်နေတာ (၃)နှစ်ရှိပြီ။ ငါပြီးခဲ့တဲ့
မစ်ရှင်တချို့နဲ့ပေါင်းလိုက်ရင်
ကျောင်းသားအမှတ်တချို့
စုဆောင်းထားပြီးပြီ။ အဲ့ဒါတွေက

ငါ့နာမည်ကို မှတ်တမ်းကျောက်တိုင်က ဖယ်ရှားဖို့ လုံလောက်တယ်”

ယန်ယဲ့က အံ့ဩသွားပြီး “မင်းက...”

ချင်လန်းက ခေါင်းညိတ်သည်။ “ငါက အကယ်ဒမီကျောင်းသားပါ။ ဒါပေမဲ့ အကြောင်းပြချက် တချို့ကြောင့် ငါ့မှာ လုံလောက်တဲ့ အမှတ်တွေမရှိလို့ ထုတ်ပယ်ခံလိုက်ရတယ်။ ဒါပေမဲ့

ငါထွက်မသွားဘဲ

အလုပ်တစ်ခုရှာခဲ့တယ်။ ဒါမှမဟုတ်

အကယ်ဒမီကျောင်းအပြင်ဘက်မှာ

ကင်းလှည့်တာမျိုး

အလုပ်တွေအများကြီးလုပ်တာလို့

ပြောလို့ရတယ်။

ငါကင်းလှည့်နေတာကြောင့် မင်းကို

စောစောကတွေ့လိုက်တာပဲ။ သူက

အသက်ပြင်းပြင်းရှူပြီး ကဲ ငါ့မှာ

လုံလောက်တဲ့

ကျောင်းသားအမှတ်တွေရှိတယ်။

အဲ့ဒီကျောက်တိုင်ကနေ ငါ့နာမည်ကို

ဖယ်ပြီးတာနဲ့

အချိန်တော်တော်ကြာသည်အထိ

တံခါးပိတ်ကျင့်ကြံဖို့ စီစဉ်ထားတယ်။

ပြီးမှ အကယ်ဒမီကို ပြန်ဝင်ဖို့

စာမေးပွဲဖြေလိုက်မယ်။

ယောကျ်ားတွေက လဲကျတဲ့နေရာမှာပဲ

ပြန်ပြီး ထပ်သင့်တယ်မဟုတ်လား…”

ယန်ယွဲ့ကပြုံးပြီး ခေါင်းညိတ်လိုက်သည်။

“ငါမင်းကို ထောက်ခံတယ်”

ချင်လန်းက ရယ်မောပြီး ယန်ယွဲ့ရှေ့တွင်

ကျောက်တုံး (၅)တုံး

ပစ်ချလိုက်သည်။ အဲ့ဒီမှာ

စွမ်းအင်ကျောက်တုံး (၅)တုံးရှိတယ်။

ငါ့ဆီက လက်ဆောင်အဖြစ် ယူလိုက်။

ဒီဟာတွေက မင်းအတွက်

ဘယ်လောက်အထောက်အကူရှိလဲဆိုတာ

မကြာခင်က သဘောပေါက်မှာပါ။

မငြင်းဆန်နဲ့။ အစ်ကိုယန်

နောက်မှတွေ့တာပေါ့”

စကားပြောပြီးနောက် အဝေးဆီသို့

ပြေးထွက်သွားသည်။ ယန်ယဲ့ကပြုံးပြီး

ခေါင်းယမ်းကာ “ကမ္ဘာစာကြည့်တိုက်”

“ဟူး…”

ယန်ယဲ့သည် ပတ်ဝန်းကျင်ကို စစ်ဆေးကြည့်လိုက်သည်။ ဗလာကြီးဖြစ်သည်။ သူသည် ဘာကိုမှမမြင်ရပေ။အမှန်တော့ အချို့သော ကမ္ဘာငယ်များသည် ဤနေရာတွင် ဖုံးကွယ်ထားခဲ့သည်။ ၎င်းသည်မှတ်တမ်းများ

ထားသည့်နေရာဖြစ်သည်။ သူ့ရှေ့ရှိ

အနက်ရောင်စာအုပ်ကြီးက

စာကြည့်တိုက်သော့ပင်။ သို့သော် သူ့တွင်

အာဏာမရှိပေ။

အခြားသူများစာအုပ်များလာဖတ်ရန်

သို့မဟုတ် ငှားသောအခါမှသာ

စာကြည့်တိုက် ဝင်ပေါက်ကို

ဖွင့်ပေးရပါမည်။

သို့သော်လည်း ယန်ယဲ့သည်

ထိုအရာအလုံးကို စိတ်မဝင်စားခဲ့ပေ။

သူ့အမြင်အရတော့

ကျောင်းသားအမှတ်လိုချင်ရုံပင်။

အထူးသဖြင့် စာကြည့်တိုက်၏

လေးထပ်မြောက်မှ မှတ်တမ်းများကို

ဖတ်လိုသောကြောင့်ဖြစ်သည်။

ထိုနေရာရှိ စာအုပ်များကို ဖတ်ဖို့က

ကျောင်းသားအမှတ်

(၃၀၀၀)လိုအပ်သည်။ ထိုပြင်

အမှတ်အေရအတွက်က လူတစ်ဦးအား

ဖတ်ရှုရန် အချိန် (၁၅)မိနစ်သာ

ပေးခဲ့သည်။ စတုတ္ထအထပ်မှ

စာအုပ်တစ်အုပ် ငှားလိုပါက

ကျောင်းသားအမှတ်(၅၀၀၀)လိုအပ်သည်

။ ထိုပြင် တစ်ရက်အတွင်း

ပြန်အပ်ရမည်။ သို့သော် သူသည်

တစ်လတွင် ၅ မှတ်သာရခဲ့သည်။

သေချာသည်မှာ သူသည်

အခြားနည်းလမ်းဖြင့်

ကျောင်းသားအမှတ် စုဆောင်းရပါမည်။

ယန်ယွဲ့သည် မျှော်စင်ထဲမှ ရုတ်တရက်

လှမ်းကြည့်လိုက်သည်။ ကောင်းကင်ယံမှ

အလင်းတန်းနှစ်ခု ဆင်းသက်လာကာ

ယန်ယွဲ့ရှေ့တွင်

အမျိုးသားလူငယ်တစ်ဦးနှင့်

အမျိုးသမီးတစ်ဦးပေါ်လာသည်။

ထိုနှစ်ယောက်က အကယ်ဒမီ

ကျောင်းသားများ

ဖြစ်ကောင်းဖြစ်နိုင်သည်။ သို့သော်လည်း

ယန်ယွဲ့သည် သူကဲ့သို့

အကြားတာအိုသခင်သာ

ဖြစ်နေသောကြောင့်

အံ့အားသင့်သွားသည်။ ခဏအကြာတွင်

အမျိုးသားနှင့် အမျိုးသမီးက

ယန်ယွဲ့ရှေ့သို့ ရောက်လာကြသည်။

ထိုလူငယ်က ယန်ယဲ့ကိုစိုက်ကြည့်ပြီး "ဒီမှာစာကြည့်တိုက်မှူးအသစ်လား..."

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

ထိုလူငယ်က အနည်းငယ် ခေါင်းညိတ်ပြပြီး ငွေရောင်ကဒ်ပြားကို ယန်ယဲ့ထံ လှမ်းလိုက်ပြီး "ငါတို့ ဒုတိယအဆင့်ကို (၁၅)မိနစ်လောက် ဝင်ချင်တယ်"

ယန်ယွဲ့သည်

ထိုလူ၏ငွေရောင်ကဒ်ပြားကို

ပွတ်ဆွဲလိုက်ပြီး သူ့ရှေ့ရှိ

အနက်ရောင်စာအုပ်ကို

လျင်မြန်စွာကြည့်လိုက်သည်။

ခဏအကြာတွင် ကဒ်ပြားပေါ်တွင်

ငွေရောင်အလင်းတန်းတစ်ခု

လင်းလက်လာသည်။ ယန်ယွဲ့က

ထိုလူငယ်ကို

ကဒ်ပြားပြန်ပေးလိုက်သည်။

ထိုလူငယ်က ဘာမှမပြောဘဲ

အမျိုးသမီးနှင့်

အတူသွားရန်ပြင်လိုက်သည်။

သို့သော်လည်း ယန်ယဲ့က

သူတို့ကိုအလျင်အမြန်တားလိုက်ပြီး

“မင်းတို့ထဲက

တစ်ယောက်ပဲဝင်လို့ရတယ်”

ထိုလူငယ်က လူတစ်ဦးအတွက်သာ

ပေးချေထားခဲ့သည်။ ထို့ကြောင့်

အမျိုးသမီးကသာ

နောက်ကနေလိုက်ဝင်သွားမည်ဆိုပါက

လိမ်ညာလှည့်စားမှုဖြစ်သည်။

တွေ့ရှိပါက နှစ်ယောက်စလုံးကို

အပြစ်ပေးခံရနိုင်သော်လည်း။

စာကြည့်တိုက်မှူးကတော့ သေချာပေါက်

ကြီးလေးသောအပြစ်ပေးခံရပါမည်။

ယန်ယဲ့ ပြောလိုက်သည့် စကားကို ကြားလိုက်သောအခါ ထိုလူငယ်က မျက်မှောင်ကြုတ်ကာ "ငါကျောင်းသားအမှတ်တွေပေးလိုက်တယ်"

ယန်ယဲ့က "ငါသိပါတယ်။ ဒါပေမဲ့ မင်းတစ်ယောက်တည်းအတွက်ပဲ ပေးချေခဲ့တာ"

ထိုလူငယ်က  ယန်ယဲ့ကိုကြည့်ကာ

“ချင်လန်း ဘယ်မှာလဲ...”

ယန်ယဲ့က ခေါင်းခါလိုက်သည်။

“ငါမသိဘူး ဘာလို့လဲ...။

သူတာဝန်ယူထားရင် လူနှစ်ယောက်က

ကျောင်းသားတစ်ယောက်ရဲ့ အမှတ်တွေနဲ့

ဝင်လို့ရတာလား...”

လူငယ်က ပိုပြောချင်သော်လည်း

အမျိုးသမီးက ငွေရောင်ကဒ်ပြားကို

ယန်ယဲ့ဆီသို့ ပစ်ပေးလိုက်သည်။

ယန်ယဲ့က စကားထပ်မပြောပေ။ သူသည်

ငွေရောင်ကဒ်ပြားကို တစ်ချက်ပွတ်ဆွဲပြီး

အမျိုးသမီးဆီသို့ ပြန်ပေးလိုက်သည်။

အမျိုးသမီးက ယန်ယဲ့ကို

တစ်ချက်ငုံ့ကြည့်ကာ

“လောင်းကြေးထပ်ချင်သလား...”

ယန်ယဲ့ကအံ့သြသွားပြီး "အမ်...။
မဟုတ်ဘူး"

ဤအချိန်တွင် လူငယ်က ယန်ယဲ့ဆီသို့
လျှောက်လာကာ"မင်းအခုကစလို့
နောက်သုံးရက်ထက်
အသက်ပိုမရှင်တော့ဘူး။
ဒီလောင်ကြေးကို မင်းလက်ခံမလား..."

“သုံးရက်ထက်

အသက်ပိုမရှင်နိုင်တော့ဘူးလား...”

ယန်ယဲ့က အံ့အားသင့်သွားပြီး

“ဘာလို့လဲ...” ဟုပြန်မေးလိုက်သည်။

ဤအချိန်တွင် အမျိုးသမီးက

“ဘာကြောင့်မှမဟုတ်ပါဘူး။

သုံးရက်ထက်

ပိုအသက်မရှင်တော့ဘူးလို့ငါထင်တယ်။

စိတ်မပူပါနဲ့ ငါတို့အခုလုပ်မှာမဟုတ်ဘူး။

ဒါဆို နင်သဘောတူးလား...”

ယန်ယဲ့က အမျိုးသမီးကို

တစ်ချက်ကြည့်လိုက်ပြီး

“မင်းအရမ်းယုံကြည်လို့

လောင်းကြေးထပ်ရအောင်

သုံးရက်အတွင်း

ငါအသက်ရှင်နေသေးရင်

ကျောင်းသားအမှတ်(၁၀၀)ပေးပါ”

ကျောင်းသားအမှတ် (၁၀၀)သည်

များပြားသော အမှတ်များဖြစ်ခဲ့သည်။

ယန်ယွဲ့၏စကားကို ကြားလိုက်သောအခါ

နှစ်ယောက်စလုံး၏အမူအရာများ

ပြောင်းလဲသွားသည်။

အမျိုးသမီးက ပြုံးကာ “ကောင်းပြီး ငါတို့

စောင့်ကြည့်မယ်”

စကားပြောပြီးနောက် ပထမအဆင့်သို့ ဝင်သွားကြသည်။ ထိုလူငယ်က ယန်ယွဲ့ကိုတစ်ချက်လှည့်ကြည့်လိုက်သည်။

“ဒါကို မင်းကိုယ်တိုင် လက်ခံခဲ့တာ”

ထိုနောက် အမျိုးသမီးနောက်သို့ လိုက်သွားခဲ့သည်။ ယန်ယွဲ့သည် ခေါင်းယမ်းကာ ပြုံးလိုက်သည်။ သူသည်

စာကြည့်တိုက်ထဲမှ ထွက်လာပြီး
ကောင်းကင်ထက်သို့ ဖြည်းညင်းစွာ
ခုန်တက်သွားသည်။ သိပ်မကြာလိုက်ဘဲ
ကောင်းကင်အမြင့်သို့ရောက်လာကာ
အောက်ဘက်သို့ ငုံ့ကြည့်လိုက်သည်။
ဤတောင်ထိပ်တွင်
အဆောက်အအုံတစ်ခုတည်းသာရှိသည်။

ကမ္ဘာစာကြည့်တိုက်။

စာကြည့်တိုက်ကို တောအုပ်တစ်ခု ဝန်းရံထားသည်။ အစပိုင်းတွင် ယန်ယဲ့သည် သစ်တောသည် သာမန်မျှသာဟု ခံစားမထသည်။ သို့သော် သစ်တောမှတဆင့် စွမ်းအင်များပြောင်းလဲသွားသည်ကို သတိပြုမိလိုက်ရာ အနည်းငယ် တုန်လှုပ်သွားမိသည်။

နောက်ထပ် အစီအရင်တစ်ခု။

ယန်ယွဲ့သည် သူ့အကြည့်ကို အောက်မှ

စာကြည့်တိုက်ဆီသို့ ရွှေ့လိုက်သည်။

သာမန်ဖြစ်ပုံရသော်လည်း ယန်ယွဲ့သည်

သူ၏ရာထူးကိုအလွဲသုံးစား လုပ်ပါက

ချက်ချင်း အပြစ်ပေးခံရမည်ဖြစ်ကြောင်း

အလိုလို ခံစားမိနေသည်။

ခဏအကြာတွင် ယန်ယွဲ့သည်

သူ့အတွေးများကို ထိန်းကာ

မြေပြင်ပေါ်သို့ ပြန်ဆင်းလာခဲ့သည်။

တစ်ချိန်တည်းမှာပင် အမျိုးသားနှင့်

အမျိုးသမီးက အပြင်သို့

ပြန်ထွက်လာကြသည်။

Translated by NyiNyiSoe

..အပိုင်း ၂၄၂၀

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

ယန်ယဲသည် သူတို့ကို

တစ်ချက်ကြည့်လိုက်ပြီး လျစ်လျူရှုကာ

စာကြည့်တိုက်မှူး

ထိုင်သည့်နေရာဆီကိုသာ

ပြန်သွားလိုက်သည်။

ယန်ယဲ့၏အမြင်အရတော့ သူတို့အတွက်

ဖြုန်းဖို့အချိန်မရှိပေ။ ယန်ယဲ့က
လျစ်လျူရှုလိုက်သောကြောင့်
နှစ်ယောက်စလုံး
မျက်နှာပျက်သွားကြသည်။

ထိုလူငယ်က ယန်ယဲ့ဆီသို့
လျှောက်လာကာ "အခုတော့
ငါစိတ်ပြောင်းသွားပြီ။ မင်းနဲ့ အလုပ်မယ်
မှိုယင်ကြားမှာ ငါ့လောင်းကြေးကိုပါ
ထည့်တွက်လိုက်.။ မင်းသာ

ဒီသုံးရက်အတွင်းမှာ အသက်ရှင်နေရင် နောက်ထပ် ကျောင်းသားအမှတ် (၁၀၀)ရမယ်ဆိုတော့ သေချာပေါက်သဘောတူမှာပါ။ အဲ့ဒါကို မင်းဘယ်လိုထင်လဲ…”

ယန်ယဲ့က ခဏမျှစဉ်းစားပြီး “ဒါက မင်းအတွက် ဘယ်လို အကျိုးရှိလဲ…”

ထိုလူငယ်က ပြုံးပြီး "ဘာမှမဖြစ်ဘူး။

ပျော်စရာကောင်းတယ်လို့ ထင်တယ်။

အဆင်ပြေလား..."

ယန်ယဲ့က ခေါင်းခါလိုက်ပြီး

"သိုင်းကျောင်းတော်မှာ

ငါတော်တော်စိတ်ပျက်မိတယ်။

ကျင့်ကြံသူတွေ နေရာတိုင်းမှာ

ပုန်းအောင်းနေမယ်လို့ ငါထင်ခဲ့တာ။

အဲ့ဒါက ငါသတိထားရမဲ့ နေရာတစ်ခု

ဖြစ်လာလိမ့်မယ်လို့ပေါ့။ ဒါပေမဲ့

အခုကျတော့ အပြင်လောကနဲ့

သိပ်မကွာတော့ဘူးလို့ ထင်ရတယ်။

အားနည်းတဲ့ သူတွေနဲ့ပြည့်နေတယ်”

ထိုလူငယ်၏မျက်နှာကချက်ချင်းပင်

အေးခဲသွားကာ “ဘာလဲ

မင်းအခုသေချင်နေပြီးလား…”

စကားပြောရင်းညာလက်ကို

ဖြည်းညင်းစွာ ဆုပ်လိုက်သည်။

ဤအတောအတွင်း မုံ့ယင်ဟူသော

အမျိုးသမီးက “အစ်ကို

ကောင်းယုသူ့လိုလူနဲ့ဘာလို့

အချိန်ဖြုန်းေနတာလဲ...။

နင်သူ့ကိုသတ်လိုက်ရင် အကယ်ဒမီက

မနှင်ထုတ်ရင်တောင် အခန်းထဲမှာ

ချုပ်နှောင်ထားလိမ့်မယ်။ ဒါအပြင်

နင်ခက်ခက်ခဲခဲ စုဆောင်းထားတဲ့

အမှတ်တွေအကုန်ပြောင်သွားလိမ့်မယ်”

စကားပြောနေစဉ် အမျိုးသမီးက

ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ပြီး

“နှင့်ကိုသတ်လိုက်တာက ငါ့လက်တွေကို

ညစ်ပတ်သွားရုံပဲ။ ဒါဟာ

နှင်အသတ်ရှင်နေရတဲ့ တစ်ခုတည်းသော

အကြောင်းပြချက်ပဲ”

ယန်ယဲ့က ခေါင်းခါလိုက်ပြီး

“ငါ့ရဲ့အကြီးအကဲတစ်ယောက်က ဒီမှာ

ကိုယ့်ကိုကိုယ် နှိမ့်ချနေဖို့ပြောခဲ့တယ်။

ငါလည်း လုပ်သင့်တယ်လို့ ခံစားရတယ်။

ဒါပေမဲ့ အခုတော့

မလိုအပ်တော့ဘူးလို့ထင်တယ်။

ဒီကလူတွေက ငါ့ထက်ပိုပြီး

အစွမ်းထက်ပုံပဲ”

စကားပြောပြီးသည်နှင့် ယန်ယဲ့သည်

သူ၏ညာလက်သီးကို ဖြည်းညင်းစွာ

ဆုပ်လိုက်သည်။

ဤအချိန်တွင် သူတို့နှင့် မလှမ်းမကမ်း၌

အဘိုးကြီးတစ်ဦး ရုတ်တရက်

ပေါ်လာသည်။ မို့ယင်နှင့် ကောင်းယုတို့

နှစ်ယောက်စလုံးလည်း အဘိုးကြီးကို

လှမ်းမြင်လိုက်သောအခါ အမူအရာများ

အနည်းငယ်ပြောင်းလဲသွားကာ

ဦးညွှတ်ပြီး ထွက်သွားကြသည်။

နှစ်ယောက်စလုံးက အလျင်အမြန်

ထွက်ပြေးသွားပုံရသည်။

ယန်ယဲ့သည် အံ့အသင့်သွားသည်။
အဘိုးကြီးကို လှည့်ကြည့်ပြီး
"ဒီလူအိုကြီးက ဘယ်သူလဲ..."

ထိုအတောအတွင်း အဘိုးကြီးက
ယန်ယဲ့ကို တစ်ချက်စိုက်ကြည့်ကာ
ရွှေရောင်ကဒ်ပြားကို ပစ်ပေးလိုက်သည်။
"ဒုတိယအထပ်ကိုသွားမယ်"

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး

ရှေကဒ်ကို ပွတ်ဆွဲလိုက်သည်။

အဘိုးအိုက နောက်လှည့်ကာ

မျှော်စင်ထဲသို့ ဝင်သွားသည်။

အချိန်အနည်းငယ်အကြာမှာပင်

အဘိုးကြီးက ပျောက်ကွယ်သွားခဲ့သည်။

ထိုအတောအတွင်း မဝေးလှသောနေရာမှ သိမ်မွေ့သောအသံတစ်သံထွက်ပေါ်လာသည်။

“နင်က စာကြည့်တိုက်မှူး အသစ်လား…”

ယန်ယွဲ့သည် လှည့်ကြည့်လိုက်ရာ ခရမ်းရောင်ဝတ်စုံဝတ်အမျိုးသမီးတစ်ဦးက သူ့အား စိုက်ကြည့်နေသည်ကို တွေ့လိုက်ရသည်။ အမျိုးသမီးက

အသက် (၁၅)နှစ် သို့မဟုတ် (၁၆)နှစ်

ဝန်းကျင်ခန့်သာ ရှိပုံရ၏။ ထိုပြင်

တစ်ချက်ကြည့်လိုက်ရုံဖြင့်

သူမ၏မျက်နှာကို

လူတစ်ဦး၏နှလုံးသားထဲတွင်

စွဲထင်သွားစေသည်အထိ

ချောမောလှပသည်။

ယန်ယွဲ့က သူမကို

တစ်ချက်ကြည့်လိုက်ပြီး “မှန်တယ်”

အမျိုးသမီးငယ်၏ပါးစပ်ထောင့်တွင် အပြုံးတစ်ခုပေါ်လာသည်။ သူမ၏မျက်လုံးများက လခြမ်းကွေး သဏ္ဍာန်ကွေးသွားကာ "တစ်ခုခု ဆွေးနွေးကြရအောင်"

ယန်ယဲ့က ပြုံးပြီး "ဘာဖြစ်လို့လဲ..."

အမျိုးသမီးငယ်က ယန်ယွဲ့ဆီသို့

လျှောက်သွားကာပြုံးပြီး

“ငါတတိယအထပ်ကို

သွားကြည့်ချင်ပေမဲ့ ငါမှာ

ကျောင်းသားအမှတ်မရှိဘူး။ သူငွေး...”

ပြောပြီးသောအခါ အမျိုးသမီးငယ်က

ခါးသက်သက်အမူအရာထုတ်ဖော်ကို

ထုတ်ဖော်ခဲ့သည်။

သို့ရာတွင် ယန်ယဲ့ စိတ်ဝင်စားပုံမရပေ။

“မင်းကျောင်းသားအမှတ်တွေ သွားရှာလို့ရတယ်။ ကျောင်းသားအမှတ်တွေရဖို့ နည်းလမ်းတွေအများကြီးရှိတယ်”

အမျိုးသမီးငယ်က “ဒါပေမဲ့ အရမ်းနှေးကွေးတယ်”ဟု ပြန်ဖြေသည်။

ယန်ယဲ့ ပခုံးတွန့်လိုက်ပြီး “အဲ့ဒါကို

ငါလည်းမကူညီနိုင်ဘူး။ နောက်ဆုံးတော့

ငါလည်း အရှုံးဆင်းရဲတယ်”

အမျိုးသမီးငယ်က

မျက်တောင်မှိတ်ပြပြီး

“ဘာလို့မလုပ်တာလဲ...။ နင်ဘာလို့ငါ့ကို

ဝင်ခွင့်မပေးတာလဲ...”

“မဟုတ်ဘူး...”

ယန်ယဲ့က ပြတ်ပြတ်သားသား ငြင်းလိုက်သည်။ သူသည် ဤနေရာ၌ စာကြည့်တိုက်မှူး ဖြစ်ခဲ့သော်ငြားလည်း အာဏာမရှိသောရာထူးတစ်ခုမျှသာဖြစ်သည်။ စာကြည့်တိုက်ရှိ စာအုပ်များနှင့် ဘာမှမဆိုင်ပါ။

အမျိုးသမီးက နှုတ်ခမ်းကိုကိုက်ပြီး "ကောင်းပြီ"ဟုပြန်ဖြေသည်။

ယန်ယဲသည် အမျိုးသမီးငယ်

ထွက်သွားတော့မည်ဟု

ထင်နေသော်လည်း သူမက

စာကြည့်တိုက်ဘက်ကို

လှည့်ထွက်သွားခဲ့သည်။

“သူမငါ့ကို လျစ်လျူရှုထားတာလား...”

ယန်ယဲ့သည် သဘာဝအတိုင်း

ဝင်ခွင့်မပြုနိုင်ပေ။ အမျိုးသမီးငယ်က

အထဲကို ဝင်တော့မည်အချိန်တွင်

ယန်ယဲ့က သူမကို ပိတ်ရပ်လိုက်ရင်း

ပြုံးကာ"ညီမလေး မင်းက

အတင်းအကျပ်ဝင်ဖို့

စဉ်းစားနေတာမဟုတ်ဘူးမလား..."

"ဒါက ငါစီစဉ်နေတာ အတိအကျပဲ"ဟု

ပြန်ဖြေရင်း

အမျိုးသမီးငယ်၏မျက်နှာပေါ်တွင်

ချစ်စဖွယ်အပြုံးတစ်ခုပေါ်လာသည်။

ယန်ယဲ့၏အပြုံက မျက်နှာပေါ်တွင်

ရှိနေဆဲပါ။

သို့သော်လည်း

အနည်းငယ်တင်းမာနေကာ

“ဒါဆိုမင်းဘာလို့မစမ်းကြည့်တာလဲ…”

အမျိုးသမီးငယ်က လက်ကို ရုတ်တရက်

ဆန့်ကာ ယန်ယွဲ့၏ရင်ဘက်ကို

ပုတ်လိုက်သည့် အစပိုင်းတွင် ယန်ယွဲ့က

လျစ်လျူရှုထားသော်လည်း

ခဏအကြာတွင်သူ၏အမူအထာသည်

သိသိသာသာ ပြောင်းလဲသွားသည်။

သူ့ရင်ဘက်က ကွဲအက်သွားလို့ပါ။

ယန်ယဲ့သည် နောက်သို့ ခြေလှမ်း

(၁၀)လမ်းခန့် အလျင်အမြန်

ဆုတ်သွားခဲ့သည်။ သို့သော်လည်း

သွယ်လျသော

လက်ချောင်းတစ်ချောင်းက

သူ့ရင်ဘက်ကို မှီနေသေးသည်။

ယန်ယဲ့၏ရင်ဘက်က ပို၍

ပို၍အက်ကွဲလာကာ သွေးများ

စိမ့်ထွက်လာသည်။ သူ့မျက်နှာတွင်

အပြိုးတစ်ခု ကျန်နေသော်လည်း
ဤအချိန်တွင် အနည်းငယ်
လေးနက်နေသည်။

ယန်ယဲ့က လက်သီးတစ်ချက်
ဆန့်ထိုးလိုက်သည်။

အမျိုးသမီးငယ်၏ မျက်လုံးထဲ၌
အံ့အားသင့်မှုတစ်ခု လင်းလက်လာကာ

အခြားလက်ဖဝါးတစ်ဖက်ဖြင့်

ပြန်ပုတ်လိုက်သည်။

“ဘန်း…”

ပေါက်ကွဲသံထွက်ပေါ်လာပြီး

အမျိုးသမီးငယ်က မီတာ

(၃၀၀)အကွာအထိလွင့်ထွက်သွားခဲ့သည်။

သူမ၏ လက်ဝါးကို

ငုံ့ကြည့်လိုက်ပြီးနောက် ယန်ယဲ့ကို

မေ့ကြည့်ကာ “အို့... နင်က

သာမန်မဟုတ်ဘူးပဲ”

“လာပါ ဆက်ပြီး တိုက်ခိုက်ကြရအောင်”

စကားပြောနေရုံပင်ရှိသေး

ဓားတစ်ချောင်းက သူမ၏နဖူးကို

ဖိကပ်ထားသည်။ အမျိုးသမီးငယ်က

နေရာတွင် အုံ့ဩသွားသည်။

ယန်ယဲ့က လျစ်လျူရှုရင်း “မင်း

ငါ့အချိန်တွေ ခွန်အားတွေကို

အများကြီးဖြုန်းတီးပစ်လိုက်တယ်။

မင်းငါ့ကို

လျော်ကြေးပေးသင့်တယ်လို့ငါထင်တယ်

။ ဟုတ်တယ်ကျောင်းသားအမှတ် (၁၀၀)

က လုံလောက်လိမ့်မယ်”

“ဟင့်”

“မင်းမလုပ်ချင်ဘူးလား…"

“ဆူး…”

ဓားက သူမ၏နဖူးထဲသို့ အနည်ငယ်း နစ်ဝင်သွားသဖြင့် သွေးတစ်စက် ဖြည်းညင်းစွာ စီးထွက်လာသည်။

အစောပိုင်းတွင် ယန်ယဲ့သည် ကျောင်းသားအမှတ်များ မည်သို့ စုဆောင်းသင့်သည်ကို စဉ်းစားနေ၏။ သို့သော်လည်း ဤအချိန်တွင် အဆင်သင့် ရောက်လာပါပြီ။ သူသည် အသက်မွေးဝမ်းကြောင်းလုပ်ငန်းတစ်ခု လုပ်ကိုင်ရန် ဆုံးဖြတ်လိုက်၏။

ကြွယ်ဝသူများဆီက လုယက်ခြင်း။

သွေးများ အမျိုးသမီးငယ်၏မျက်နှာပေါ်
စီးကျလာသည်။ တစ်ချိန်တည်းမှာပဲ
အမျိုးသမီးငယ်က
ကြောက်ရွံ့ဟန်မပြဘဲ ရုတ်တရက်
လျှာထုတ်ကာ သပ်လိုက်သည်။
ထိုလုပ်ရပ်က အတော်လေးကို
ဆွဲဆောင်မှုရှိသော လှုပ်ရှားမှုဖြစ်ကာ
ကြောက်စရာလည်း ကောင်းပါသည်။
အကြောင်းမှာ သူမ၏မျက်နှာပေါ်တွင်

ထူးဆန်းသော အပြုံးတစ်ခု
ရှိနေသောကြောင့်ပါ။

သို့သော်လည်း ယန်ယဲ့၏မျက်နှာသည်
တည်ငြိမ်နေသည်။ ၎င်းကို
အာရုံထားပုံမရပေ။ အမျိုးသမီးငယ်က
သာမန်မဟုတ်ကြောင်းသိသော်လည်း
သူ့ဘဝတစ်လျှောက်လုံးတွင်
အရာရာတိုင်းကို
တွေ့ကြုံခံစားဖူးသူဖြစ်သည်။ သူသည်

မည်သည်ကို ကြောက်ရမည်နည်း။
အမှန်တော့ အချို့များကိုသာ
ကြောက်ခဲ့သည်။

မကောင်းဆိုးဝါးရတနာ။

၎င်းက လုံးဝကို ခေါင်းကိုက်စေသည်။

ထိုအတောအတွင်း
အမျိုးသမီးငယ်ကပြုံးကာ "အစ်ကိုကြီး၊

နင့်ရဲ့တိုက်ခိုက်မှုက တကယ်မြန်တယ်။

ငါတောင်မတုံ့ပြန်နိုင်လိုက်ဘူး။ ဒါပေမဲ့

နင်ဒီလောက်မြန်မယ်လို့

ငါမမျှော်လင့်ထားလို့ပဲ။

ငါအဆင်သင့်ဖြစ်ရင် ငါ...”

“ဘာလဲ...”

ယန်ယွဲ့က ရုတ်တရက် သူမကို

စကားဖြတ်ပြောလိုက်ပြီး “မြန်မြန်လုပ်

ကျောင်းသားအမှတ် (၁၀၀)ပေးပါ။ ငါတို့မတိုက်ခိုက်ခင် မင်းကို ပြင်ဆင်ခွင့်ပေးမယ်။ ဒါပေမဲ့မင်းရှုံးရင် နောက်ထပ် ကျောင်းသားအမှတ် (၁၀၀)ထပ်ပေးရလိမ့်မယ်”

အမျိုးသမီးငယ်၏မျက်နှာက တင်းမာသွားကာ “ဘာလဲ...နင်က ဓားပြတိုက်နေတာလား...”

ယန်ယဲ့က လျစ်လျူရှုပြီး "ဟုတ်တယ်။
ဒါပေမဲ့ မဟုတ်ဘူး။ ငါက
ဓားပြတစ်ယောက်နဲ့တူတာ။ ငါက
ကြွယ်ဝတဲ့သူတွေဆီကနေ လုယက်ပြီး
ဆင်းရဲတဲ့လူတွေကို ပြန်ပေးတာ။
ကြည့်ကြည့်စမ်း
ငါကအရမ်းဆင်းရဲနေတော့ မင်းငါ့ကို
နည်းနည်းပါးပါး လှူသင့်တယ်
မဟုတ်ဘူးလား..."

အမျိုးသမီးငယ်က မျက်တောင်ခတ်ပြီး “ဒါဆို နင်ဆင်းရဲတယ်က အလှူငွေတောင်ရှာလို့ရတယ်လား…”

ယန်ယဲ့က ခေါင်းညိတ်လိုက်သည် “ဒါဆို မင်းငါ့ကိုပေးမှာလား…”

စကားပြောပြီးသည်နှင့်ညာလက်ကို အနည်းငယ် လှုပ်လိုက်ရာ

အမျိုးသမီးငယ်၏မျက်နှာပေါ်သို့
သွေးတစ်စက်စီးကျလာသည်။

အမျိုးသမီးငယ်က ယန်ယဲ့ကို အကြာကြီး
စိုက်ကြည့်ပြီးနောက် ငွေရောင်
ကဒ်ပြားပစ်ပေးလိုက်ပြီး“အဲ့ဒီမှာ
ကျောင်းသားအမှတ် (၃၀၀)ရှိတယ်။
အစ်ကိုကြီး နင်အဲ့ဒါတွေကို
ယူရဲသလား…”

ယန်ယဲ့က ငွေရောင်ကဒ်ပြားကို ကောက်ကိုင်လိုက်ပြီး "ဒီကဒ်တွေလို နောက်ထပ် ကဒ်ပြားတစ်ခုပေးလိုက်" ဟုပြောလိုက်သည်။

အမျိုးသမီးငယ်က နောက်ထပ် ငွေရောင်ကဒ်ပြားတစ်ခုပစ်ပေးလိုက်သည်။ ယန်ယဲ့သည် ငွေရောင်ကဒ်ပြားများကို တစ်ခုနှင့်တစ်ခု ပွတ်ဆွဲလိုက်ပြီးနောက် တစ်ခုကို

အမျိုးသမီးငယ်ဆီသို့

ပစ်ပေးလိုက်သည်။

“လူတစ်ယောက်က အမြဲစကားကို

ထိန်းထားသင့်တယ်။ ကျောင်းသားအမှတ်

(၁၀၀)မို့ (၁၀၀)ပဲ

ယူမယ်ပြောထားခဲ့တယ်။ ဒါကြောင့်

မင်းအခု ထွက်သွားလို့ရပြီ”

စကားပြောပြီးနောက်သူ၏ဓားကို

ပြန်သိမ်းလိုက်သည်။

အမျိုးသမီးငယ်က သူမ၏လက်ကို

ရှေ့သို့ ရုတ်တရက် ဆန့်ကာ

ယန်ယဲ့၏လည်ပင်းကို ဖမ်းဆုပ်ရန်

ပြင်လိုက်သည်။ ထိုအချိန်တွင်

ယန်ယဲ့သည် သူ့လက်ကို မြှောက်ပြီး

ဓားဖြင့် ပိုင်းချလိုက်သည်။

“ဘုန်း…”

အမျိုးသမီးငယ်က

မီတာ(၃၀၀)ကျော်အကွာအထိ

လွင့်ထွက်သွားခဲ့သည်။

သူမရပ်တန့်လိုက်သည်နှင့်

ခြေထောက်အောက်ရှိ မြေပြင်သည်။

ပြင်းထန်စွာ တုန်ခါသွားသည်။

အမှန်တော့ တောင်တစ်ခုလုံး ပြင်းထန်စွာ

တုန်လှုပ်သွားသည်ဟု ဆိုရပေမည်။

ဤအရာက ယန်ယွဲ့၏တိုက်ခိုက်မှု

မည်မျှကြောက်စရာကောင်းမှန်းသိသာပါသည်။

အမျိုးသမီးငယ်က သူမ၏လက်ကို ငုံ့ကြည့်နေသည်။ ဤအချိန်မှာ လက်က သွေးများဖုံးလွှမ်းသွားသည်။

သူမက ယန်ယဲ့ကို မော့ကြည့်ပြီး "အံ့သြစရာပဲ"

ထပ်မံတိုက်ခိုက်ရန် ပြင်လိုက်သော်လည်း

ယန်ယဲ့သည် သူ့လက်ကို

အနည်းငယ်မြှောက်လိုက်သည်။

သူ၏လက်ဝါးပေါ်တွင်

ဓားတစ်ချောင်းပေါ်လာသည်။

ဤအခိုက်အတန့်တွင်

ယန်ယဲ့၏ပတ်ပတ်လည်၌

အလင်းတန်းများ လှည့်ပတ်နေကာ

အားကောင်းသော ဓားအရှိန်အဝါက

အမျိုးသမီးငယ်ပေါ်သို့

ကျရောက်လာသည်။

သို့သော် အမျိုးသမီးငယ်ကို

လွှမ်းခြုံထားရုံသာ အပြင်လောကကို

ပျံ့နှံ့သွားခြင်းမရှိပေ။ မဟုတ်လျှင်

အကယ်ဒမီကို

ထိတ်လန့်သွားစေမည်ဖြစ်သည်။

ယန်ယဲ့၏အရှိန်အဝါကျရောက်လာသော အခါ အမျိုးသမီးငယ်၏ မျက်နှာက တင်းမာသွားသည်။ သူမ၏လက်သီးများကို ရုတ်တရက် ဖြေလျှော့လိုက်သည်။

ထိုနောက် စိတ်ပျက်လက်ပျက် ပြောလိုက်သည်။ “ဒါဆို ငါအရမ်းအားနည်းနေတယ်။

စာကြည့်တိုက်မှူးကိုတောင်
အနိုင်ယူလို့မရဘူး”

ယန်ယဲ့က သူ့စားကိုပြန်သိမ်းပြီး “မင်းက
အားမနည်းပါဘူး”ဟု
ပြောပြီးနောက်လှည့်ကာ မျှော်စင်ဆီသို့
ပြန်လျှောက်သွားသည်။

“ဒါဆိုဘာလို့လဲ…”

သူ့နောက်ကနေ အသံတစ်သံ ရုတ်တရက်
ထွက်ပေါ်လာသည်။

“ငါက အရမ်းသန်မာနေလို့”
စကားပြောပြီးသည်နှင့် ယန်ယဲ့သည်
ကျောက်စားပွဲနောက်တွင်
မျက်လုံးမှိတ်လျက် ထိုင်နေပြီးဖြစ်သည်။

သူသည်အိပ်ပျော်သွားပုံရသည်။

Translated by NyiNyiSoe

May Be:

..အပိုင်း ၂၄၂၁

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

အမျိုးသမီးငယ်က

အချိန်အတော်ကြာကြီး

ထိတ်လန့်သွားပုံရသည်။ သူမက ယန်ယွဲ့ဆီသို့ ရုတ်တရက် ပြေးလာပြီး ငွေရောင်ကဒ်ပြားကို စားပွဲပေါ် ပစ်တင်ကာ

“ဓားကို ဘယ်လိုသုံးရမလဲဆိုတာ သင်ပေးပါလား..ကိုကြီး။ ဒါဟာ ငါ့သင်တန်းကြေးပါ။ အထဲမှာ ကျောင်းသားအမှတ်(၅၀၀)ရှိတယ်”

ယန်ယဲ့က မျက်လုံးဖွင့်ပြီး သူမကို

စူးစိုက်ကြည့်ကာ“မင်းကဘာလို့ ဓားကို

လေ့ကျင့်ချင်တာလဲ…”

အမျိုးသမီးငယ်က “သန်မာချင်လို့။

သိုင်းပညာတာအိုမှာ

လေ့ကျင့်နေတာကြာပြီး ဒါပေမဲ့

နင်နဲ့တော့မယှဉ်နိုင်ဘူး။ ဒီတော့

ဓားတာအိုမှာ လေ့ကျင့်တာ

ပိုကောင်းတယ်မဟုတ်လား…”

ထိုစကားကြားသောအခါ ယန်ယွဲ့သည်

ခေါင်းကိုက်သွားသလိုပင်

သူက“မင်းငါ့ကိုအနိုင်မယူနိုင်လို့

မင်းဓားကိုသင်ချင်တယ်။ နောင်မှာ

မင်းအခြားသူကို အနိုင်မယူနိုင်ရင်

ဘယ်လိုလုပ်မလဲ...။ အဲ့ဒီလူက

ဆေးဘာကိုသုံးရင် ဘယ်လိုလုပ်မလဲ...။

ဒါဆိုမင်းက ဆေးဘာတာအိုကို

လေ့ကျင့်မှာလား...”

“မရဘူးလား…” အမျိုးသမီးငယ်က ပြန်မေးသည်။

ယန်ယဲ့သည် အံ့အားသင့်သွားပြီး စကားပင်မပြောနိုင်တော့ပေ။

တစ်ချိန်တည်းမှာပင် အမျိုးသမီးငယ်က “ဘယ်လိုပဲဖြစ်ဖြစ် ငါ လီရှို့ရှီက သန်မာတဲ့အရာကိုပဲ လေ့ကျင့်မှာပါ”

သူမ၏လက်တစ်ဖက်ကို

ကျောက်စားပွဲပေါ်တင်ပြီး ယန်ယဲ့ကို

တည့်တည့်ကြည့်ကာ

“ငါ့သင်တန်းကြေးက

အရမ်းနည်းနေလို့လား…။

အဆင်ပြေတယ် ပမဏာကိုပြောလိုက်။

လျှော့စားလိုက်မယ်။ အို့… မဟုတ်ဘူး။

မဟုတ်ဘူး။

လိုက်ရှာမယ်လို့ပြောလိုက်တာပါ”

ထိုစကားပြောပြီးနောက်
ရှက်ရွံ့သွားစော်လည်း ခဏအကြာတွင်
ပြန်ကောင်းလာသည်။ ယန်ယွဲ့က
ခေါင်းခါလိုက်သည်။

“ငါငြင်းတယ်”

“ဘာကြောင့်လဲ…”

အမျိုးသမီးငယ်က အနည်းငယ်
ဒေါသထွက်သွားသည် သို့သော်လည်း
သူမရှေ့ရှိ လူငယ်နှင့်
မယှဉ်နိုင်ကြောင်းသိနေသဖြင့်
ဒေါသလျှော့လိုက်ကာ “ဘာလို့လဲ”ဟုသာ
မေးလိုက်သည်။

ယန်ယဲ့က “သတ်ဖြတ်နည်းကို
ငါသိတယ်။
ဘယ်လိုသင်ပေးရမလဲမသိဘူး”

အမျိုးသမီးငယ်က
မျက်လုံးများတောက်ပလာပြီး
“သတ်ဖြတ်တတ်ပေမဲ့
မသင်ပေးတတ်ဘူး။ အံ့သြစရာပဲ”

ယန်ယဲ့က သူမကို
တစ်ချက်ကြည့်လိုက်ပြီး “အစောပိုင်းက
ငါ့ရင်ဘက်ကို ထိလိုက်တာနဲ့
မင်းဘာလုပ်လိုက်တာလဲ…”

အမျိုးသမီးငယ်က ပြုံးပြီး “ဒါက

အံ့ဩစရာ ဟုတ်တယ်မလား…။ ဒါက

ငါ့ရဲ့ အထူးအခြားဆုံး လှုပ်ရှားမှုတစ်ခုပဲ။

ငါက ငါ့စွမ်းအင်ကို

တိုက်ခိုက်မှုတစ်ခုတည်းအဖြစ်ပြောင်းလဲ

ပြီးတော့ ပတ်ဝန်းကျင်မှာရှိတဲ့

အရာအားလုံးကို ဖျက်ဆီးပစ်နိုင်တယ်။

ဟုတ်တယ်ငါ နင်ကို ထပ်ပြီး

ပိုမပြောနိုင်တော့ဘူး။ ဒါဟာ
ငါ့လျှို့ဝှက်ချက်”

ယန်ယဲ့က ခေါင်းညိတ်ပြပြီး
“အရမ်းကောင်းတယ်။ ဒါပေမဲ့ မင်းရဲ့
ရုပ်ခန္ဓာခွန်အားက နည်းနည်းတော့
အားနည်းနေတယ်”

“ဘန်း…”

အမျိုးသမီးငယ်က သူမ၏လက်ဝါးကို ကျောက်စားပွဲပေါ်တင်ကာ ဒေါသတကြီး ပြန်အော်သည်။

“နင်ပြောတာ ငါက အားနည်းတယ်”

သူမ၏လည်ပင်းရှေ့တွင် ဓားတစ်ချောင်းပေါ်လာသည်။ “မင်းစကားကောင်းကောင်းပြောနိုင်မလား...”

သူမက မျက်တောင်ခတ်ပြီး

ရှက်ရွံ့စွာပြုံးကာ

“စိတ်နည်းနည်းလှုပ်ရှားသွားတယ်။

တကယ်တော့ နည်းနည်းလေး

စိတ်လှုပ်ရှားသွားတာပါ”

ယန်ယဲ့က သူ့စားကို ပြန်သိမ်းလိုက်ပြီး

“မင်းရဲ့ ခန္ဓာကိုယ်က အားမနည်းဘူးလို့

ထင်နေတာလား...”

"ဟုတ်တယ်"

လီရှိုရှီက "အကယ်ဒမီ ဒါမှမဟုတ် အနည်းဆုံးတော့ ငါတို့အတန်းထဲမှာ ငါ့ရဲ့ ရုပ်ခန္ဓာခွန်အားက အသန်မာဆုံးပဲ"

ယန်ယွဲ့က ဂရုမစိုက်ဘဲပြောလိုက်သည်။ "ဒါဆို ငါတို့ လောင်းကြေးထပ်မလား ငါမင်းကို

ရုပ်ခန္ဓာခွန်အားနဲ့တိုက်ခိုက်မယ်။
ငါ့ဓားကိုမသုံးဘူး။ ငါအနိုင်ရရင်
မင်းငါ့ကို ကျောင်းသား
အမှတ်(၁၀၀)ပေးရမယ်။
အဆင်ပြေလား...”

လီရှို့ရှိုက “ဘယ်လို.... နင်ပရဲ့ ဓားကို
တကယ်မသုံးဘူးလား...”

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

လီရှို့ရှီက ရုတ်တရက် မေးလိုက်သည်။

“ဒါပေမဲ့ နင်ရှုံးရင် ဘာဖြစ်မလဲ…”

ယန်ယဲ့က

“ငါမင်းကိုအမှတ်(၁၀၀)ပြန်ပေးမယ်”

လီရှို့ရှီက “ဒါပေမဲ့ ဒါဟာ ငါ့ရဲ့…”

ယန်ယဲ့က သူမကို ကြည့်ပြီး “ဟမ်…”

လီရှိုရှိက "ကောင်းပြီ ငါတို့ ရုပ်ခန္ဓာခွန်အားချင်း ပြိုင်ကြရအောင် ဒါပေမဲ့ ငါတို့ ဘယ်လိုပြိုင်ကြမလဲ..."

ယန်ယွဲ့က "မင်းငါ့ကို တိုက်ခိုက်လိုက်။ ဓားမသုံးဘူး။ ဒါဟာ ရိုးရိုးလေးပဲ"

"ကောင်းပြီ"

စကားဆုံးသည်နှင့် ယန်ယဲ့ကို
တိုက်ခိုက်ရန်ပြင်လိုက်သည်။

သို့သော်လည်း ယန်ယဲ့က
သူမကိုစောင်းကြည့်ရင်း "အပြင်ထွက်ရ
မယ်"

လီရှိုရှီက ရှက်ရွံ့စွာပြုံးပြပြီး
ယန်ယဲ့နဲ့အတူ အပြင်လိုက်လာသည်။

သူမက အတော်လေး

စိတ်မရှည်တော့ပုံဖြင့်

အပြင်ရောက်လာသောအခါ ယန်ယဲ့ကို

လက်သီးနှင့် ချက်ချင်း ထိုးလိုက်သည်။

လီရှုံ့ရှီ၏လက်သီးဆုပ်သေးသေးလေး

က မမြင်နိုင်သော

ဖိအားများသယ်ဆောင်သွားသည်။

သို့သော်လည်း ယန်ယဲ့ကဲ့သို့

ခန္ဓာကိုယ်လမ်းစဉ်ကျင့်ကြံသူအတွက်

သူမ၏ခွန်အားက အားနည်းနေပုံရသည်။
ယန်ယဲ့က မထူးခြားဟန်ဖြင့်
သူ၏လက်သီးကို ရှေ့သို့
လှမ်းထိုးလိုက်သည်။

“အုန်း…”

လီရှို့ရှီ၏လက်သီးချက်မှ
ထွက်ပေါ်လာသော ဖိအားက
သဲလွန်စမရှိဘဲ

ချက်ချင်းပျောက်ကွယ်သွားခဲ့သည်။

လီရှို့ရှီ ကိုယ်တိုင်လည်း အကြိမ်ကြိမ်

နောက်ပြန်ဆုတ်သွားရသည်။ ယန်ယွဲ့နှင့်

အဝေးမှာ ရပ်နေပြီး

သူမ၏လက်သီးများကို

တစ်ချက်ငုံ့ကြည့်လိုက်သည်။

ထိုနောက် ယန်ယွဲ့ကို မော့ကြည့်ရင်း

"ဘာကြောင့်လဲ..."

ယန်ယဲ့က "မင်း
ဆက်လုပ်ချင်နေသေးလား..."

လီရှိုရှီက ခဏမျှတိတ်ဆိတ်သွားပြီး
ထို့နောက် မြေပြင်ပေါ်တွင် ထိုင်ချကာ
သူမ၏ခြေထောက်နှစ်ဖက်ကို
သိုင်းဖက်ရင်း မျက်နှာလေး
ညှိုးနွမ်းနေသည်။ သူမ၏ဘဝက
အဓိပ္ပါယ်မရှိတော့သလိုပါ။

ယန်ယဲ့က လီရှို့ရှီထံလျှောက်လာပြီး

"မင်းငါ့ကို ရှုံးသွားလို့ တကယ်ကို

အသုံးမဝင်ဘူးလို့ ခံစားနေရတာလား..."

လီရှို့ရှီက မျက်လုံးထဲ မျက်ရည်များ

စီးကျနေကာ ယန်ယဲ့ကို

မော့ကြည့်လာသည်။

ယန်ယဲ့က ခေါင်းခါပြလိုက်ပြီး

"နည်းနည်းလေးရှုံးတာနဲ့

မင်းဒီလိုဖြစ်သွားမယ်လို့
ငါမထင်ထားဘူး”

သူမက ချက်ချင်းထရပ်လိုက်သည်။

သူမက တစ်ခုခုပြောချင်သော်လည်း
ယန်ယဲ့က ခေါင်းခါကာ “ငါ့ကို
ကျောင်းသားအမှတ်တွေပေးပြီးထွက်
သွား”

“ဟင့်…”

လီရှို့ရှိက သူမ၏ငွေရောင်ကဒ်ပြားကို ပစ်ပေးလိုက်သည်။ ယန်ယဲ့သည် ကျောင်းသားအမှတ် (၁၀၀) နှုတ်ယူလိုက်ပြီးနောက် သူမကို ပြန်ပေးလိုက်သည်။ ထိုနောက် လီရှို့ရှိက ထွက်သွားသည်။

“ငါပြန်လာခဲ့မယ်”

ယန်ယဲ့၏နောက်ကွယ်မှ လီရှို့ရှီ၏အသံ
ပဲ့တင်ထပ်လာသည်။ ယန်ယဲ့က သူမကို
လျစ်လျူရှုထားလိုက်သည်။ သူသည်
ကျောက်ကုလားထိုင်ပေါ်တွင်ထိုင်ကာ
မျက်လုံးမှိတ်ထားလိုက်သည်။ ယန်ယဲ့က
လျစ်လျူရှုထားသည်ကို မြင်သောအခါ
လီရှို့ရှီက ဒေါသတကြီး
ခြေဆောင့်လိုက်သည်။
အဆုံးတွင်သူမက ယန်ယဲ့ကို

ဒေါသတကြီးစိုက်ကြည့်

ကောင်းကင်အထက်သို့

ပျောက်ကွယ်သွားခဲ့သည်။

ခဏအကြာတွင် စာကြည့်တိုက်ထဲမှ

အဘိုးကြီး ပြန်ထွက်လာသည်။

ယန်ယဲ့ရှေ့ကို ဖြတ်လျှောက်လာစဉ်

ယန်ယဲ့ကို စိုက်ကြည့်လိုက်သည်။

ထိုအချိန်တွင် ယန်ယဲ့သည်

မျက်လုံးများကို ဖွင့်ကာ အဘိုးကြီးအား

ခေါင်းညိတ်ပြလိုက်သည်။

“ဘယ်လောက်တောင် အရည်အချင်းတွေ

ဖြုန်းတီးပစ်သလဲ...”

စကားပြောပြီးသည်နှင့် အဘိုးကြီးက

စာကြည့်တိုက်မှ ထွက်ကာ

ကောင်းကင်အထက်သို့

ပျောက်ကွယ်သွားသည်။

ယန်ယဲ့သည် ပခုံးသာ တွန့်ပြီး မျက်လုံး မှိတ်ထားလိုက်သည်။ မူလစေတီထဲတွင် သူ၏လက်ရှိ ရည်ရွယ်ချက်မှာ အင်ပါယာသတ်ဖြတ်သူကို လေ့လာရန် ဖြစ်သည်။ သင်ယူရသည်မှာ ခက်ခဲသော်လည်း လက်ရှိ ယန်ယဲ့က နည်းစနစ်များစွာ မရှိပေ။ အထူးသဖြင့် ရုပ်ခန္ဓာတိုက်ခိုက်ရေးနည်းစနစ်များပင် ဖြစ်သည်။

အင်ပါယာသတ်ဖြတ်သူက
သူပိုင်ဆိုင်သည့် တစ်ခုတည်းသော
နည်းစနစ်ပါ။ သူ၏ရုပ်ခန္ဓာခွန်အားက
အလုံအလောက်ရှိနေသောကြောင့်
အင်ပါယာသတ်ဖြတ်သူကို သုံးလျှင် ပိုပြီး
အားကောင်းလာမည်မှာ သေချာပါသည်။
ထိုအတိုင်းပင် အချိန်များ တဖြည်းဖြည်း
ကုန်ဆုံးသွားကာ မျက်စိတစ်မှိတ်အတွင်း
နှစ်ပတ်ကုန်ဆုံးသွားသည်။

သို့သော် အပြင်လောကတွင် အချိန် ၂

ရက်သာ ကုန်ဆုံးခဲ့သည်။ ဤ ၂

ရက်အတွင်း စာကြည့်တိုက်သို့

လာရောက် ငှားရမ်းသူများ

ရှိခဲ့သော်လည်း ထူးခြားမှု မရှိခဲ့ပေ။ ၃

ရက်မြောက်နေ့၌

မျှော်စင်အပြင်ဘက်တွင်

အမျိုးသားတစ်ဦးနှင့်

အမျိုးသမီးငယ်တစ်ဦးပေါ်လာသည်။

၎င်းတို့သည် ယန်ယဲ့နှင့်

လောင်းကြေးထပ်ထားသော

ကောင်းယုနှင့် မုံ့ယင်တို့ပင်ဖြစ်သည်။

ယန်ယဲ့သည် ထိုလူနှစ်ယောက်

ရောက်လာသည်ကို

သတိပြုမိသည့်အလား

မျက်လုံးဖွင့်ကြည့်လိုက်သည်။

နှစ်ယောက်စလုံး၏မျက်နှာပေါ်တွင်

အေးစက်စက် အပြုံးကို

လှမ်းမြင်လိုက်သည်။ ယန်ယဲ့သည်
ခဏမျှစဉ်းစားပြီး
မတ်တတ်ထရပ်လိုက်သည်။

ထိုနောက် မုံ့ယင်နှင့် ကောင်းယုတို့ဆီသို့
ဖြည်းညင်းစွာ လျှောက်လာရင်း
"မင်းတို့နှစ်ယောက်စလုံး
ခွန်အားတွေပြည့်နေတာလား...
ဒါမှမဟုတ် ငါ့ခြားကို
ကိုင်မထားလို့လား..."

ယန်ယဲ့ပြောသည့်စကားကို

ကြားသောအခါ ကောင်းယုက

အံ့အားသင့်သွားသည်။ ယန်ယဲ့သည်

ရုတ်တရက် ရပ်လိုက်သည်။

ကောင်းကင်ကို မော့ကြည့်လိုက်သည်။

ကောင်းကင်ယံမှ အလင်းတန်းနှစ်ခု

ဖြာကျလာသည်။ ခဏအကြာတွင်

အစိမ်းရောင်ဝတ်ရုံဝတ်အမျိုးသမီးတစ်

ဦးပေါ်လာသည်။ သူမ၏

အနားတွင်လည်း

ခရမ်းရောင်ဝတ်စုံဝတ်အခြားအမျိုးသမီး

ငယ်တစ်ဦး ပါလာခဲ့သည်။

ထိုအမျိုးသမီးငယ်လေးက

လီရှို့ရှီပင်ဖြစ်သည်။

ယန်ယဲ့သည် သူမကို မြင်သောအခါ

အနည်းငယ်

မျက်မှောင်ကြုတ်သွားသည်။

“ဒီကလေးမလေးက

ဘာလာလုပ်ပြန်တာလဲ…”

အစိမ်းရောင်ဝတ်စုံဝတ်အမျိုးသမီးနှင့်

လီရှို့ရှီကို မြင်သောအခါ ကောင်းယုနှင့်

မုံ့ယင်တို့၏အမူအရာက

အနည်းငယ်ပြောင်းလဲသွားသည်။

နှစ်ယောက်သား ကမန်းကတန်း

ပြေးသွားပြီး ကောင်းယုကပြုံးကာ

"အစ်မတော်နှစ်ယောက်စလုံး
စာဖတ်ဖို့အတွက်
ဒီကိုရောက်လာတာလား..."

အစိမ်းရောင်ဝတ်စုံဝတ်အမျိုးသမီးက
အေးစက်စက်မျက်နှာထားဖြင့်
အနည်းငယ်ခေါင်းညိတ်ပြသည်။

လီရှူ့ရှီက သူတို့နှစ်ယောက်ကို
တစ်ချက်စိုက်ကြည့်လိုက်ပြီး ပြုံးကာ

“ဘာလဲ နင်တို့ကော ဒီမှာက စာဖတ်ဖို့လား…”

ကောင်းယုက ခေါင်းကို အနည်းငယ်ခါလိုက်သည်။

သူသည် ယန်ယဲ့ကိုငုံ့ကြည့်ကာ “ငါတို့က သူနဲ့ တိုက်ခိုက်ဖို့ဒီကိုရောက်လာတာ”

“သူနဲ့တိုက်ခိုက်မှာလား…”

လီရှို့ရှီက အံ့အားသင့်သွားပြီး
“ဘာလို့လဲ...” ဟု စပ်စုမေးလိုက်ပါသည်။

ကောင်းယုက ပြုံးပြီး
“ဘာမှမဟုတ်ပါဘူး။ လွန်ခဲ့တဲ့
ရက်နည်းနည်းလောက်က
ဒီစာကြည့်တိုက်မှူးအသစ်နဲ့
လောင်းကြေးထပ်ထားတယ်။
သုံးရက်အထက် အသက်ပိုမရှင်ဘူးလို့

ငါတို့လောင်းခဲ့တယ်။ ဒီနေ့က

သုံးထက်မြောက်နေ့ ဒီတော့

ဒါကိုဖြေရှင်းဖို့ ရောက်လာတာ”

လီရှို့ရှိက မျက်တောင်ခတ်ပြီး “နင်တို့

နှစ်ယောက်စလုံး သူ့ကိုသတ်ဖို့

ရောက်လာတာလား…”ဟု

မေးလိုက်သည်။

ကောင်းယုက သူ့ခေါင်းကို အနည်းငယ်

ခါယမ်းလိုက်ပြီး "သတ်ဖို့က

ကျောင်းသားအမှတ်တွေ

ကုန်ကျပါတယ်"

သူက ယန်ယဲ့ကို စိုက်ကြည့်ရင်း

"ကိုယ့်ကိုယ်ကို သတ်သေပြီး

ငါတို့အမှတ်တွေကို ကယ်တင်ပေးလိုက်

ဒါဆို ပြဿနာကိုလည်း ရှောင်နိုင်မယ်"

ယန်ယဲ့က သူတို့နှစ်ယောက်ကို

တစ်ချက်ကြည့်လိုက်ပြီး လီရှို့ရှီကို

စိုက်ကြည့်ရင်း “ငါမေးစရာရှိတယ်။

ဒီလိုနေရာမှာသတ်ပစ်ဖို့က

ကျောင်းသားအမှတ် တချို့ပဲလား…”

လီရှို့ရှီက ပြုံးပြီး “နင်သူတို့ကို

သတ်လို့မရဘူး။ တကယ်လို့

နင်သတ်လိုက်ရင်

ကျောင်းသားအမှတ်တွေတင်မဟုတ်ဘူး။

နင်ကိုယ်တိုင်ဘူးပါ

အပြစ်ပေးခံရလိမ့်မယ်။

ဘာကြောင့်လဲဆိုတော့ နင်က အကယ်ဒမီ

ကျောင်းသားမဟုတ်လို့။ ဒါပေမဲ့

သူတို့ကနင့်ကိုသတ်ရင်

ဒီကိစ္စကိုကျောင်းသားအမှတ်တွေနဲ့

ဖြေရှင်းနိုင်တယ်”

ထိုစကားကြားသောအခါ ယန်ယဲ့သည်

မထိန်းနိုင်ဘဲ

မျက်မှောင်ကြုတ်လိုက်သည်။

လီရှို့ရှီက ရုတ်တရက် ဆက်ပြောသည်

“ဒါပေမဲ့ နင်ဒီနေရာကနေ ထွက်သွားပြီး

အခြားနေရာကိုသွားရင်

တစ်နည်းပြောရရင်

အကယ်ဒမီကနေထွက်သွားရင်

အကယ်ဒမီက ဝင်ပြီး

မစွက်ဖက်တော့ဘူး။

အကယ်ဒမီရဲ့ကျောင်းသားတစ်ယောက်

က အပြင်ထွက်ပြီး အသတ်ခံရရင်

ခွန်အားမရှိလို့ သေသင့်တယ်”

“ကြည့်ရတာ ယုံကြည်မှု အပြည့်ရှိပုံပဲ”

ကောင်းယုက ရုတ်တရက် ပြုံးပြီး

“ဘာလို့ငါတို့ သေတဲ့အထိ

မတိုက်ခိုက်ကြတာလဲ…”

ယန်ယဲ့က သူတို့နှစ်ယောက်ကို
တစ်ချက်ကြည့်လိုက်ပြီး “ငါတကယ်ကို
နားမလည်ဘူး။ ငါတို့အကြားက
ပဋိပက္ခသေးသေးလေးအတွက်နဲ့
မင်းငါ့ကိုသတ်ဖို့ ဘာလို့
ကြိုးစားတာလဲ…”

သူ့အမြင်အရတော့ ကောင်းယုနှင့်
မုံ့ယင်တို့ နှစ်ယောက်က

အကယ်ဒမီကျောင်းသားများ
ဖြစ်နေသောကြောင့် စိတ်ဓာတ်နှင့်
ဉာဏ်ရည်ဉာဏ်သွေးက
မနိမ့်ကျသင့်ပေ။

Translated by NyiNyiSoe

..အပိုင်း ၂၄၂၂

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

ကောင်းယုကပြုံးပြီး “သနားညှာတာဖို့

တောင်းဆိုနေတာလား…”

ယန်ယဲ့က ခေါင်းခါပြပြီး

“မင်းနဲ့စကားပြောရတာ ငါ့ကိုယ်ငါ

မိုက်မဲတယ်လို့ ခံစားရတယ်”

ကောင်းယု၏မျက်နှာက

အေးခဲလာသည်။ “ကျင့်ကြံသူတွေက

သူတို့ကို မပျော်မရွှင် ဖြစ်စေတဲ့

ဘယ်အရာကိုမဆိုး ဖယ်ရှားသင့်တယ်။

မင်းဟာ ငါတို့ကို

အဲ့ဒီနေ့က  မပျော်ရွှင်အောင်လုပ်ထားလို့

ငါတို့အတွက်

အတွင်းစိတ်နတ်ဆိုးတွေဖြစ်လာစေနိုင်

တယ်။ အဲ့ဒါကို တားဆီးဖို့အတွက်

ငါတို့က သဘာဝအတိုင်းမင်းကို ရှင်းပစ်ရမယ်”

ယန်ယဲ့က ရယ်မောလိုက်သည်။ “နားလည်ပြီ။ ဒီလိုဆိုရင် သွားကြရအောင်”

ယန်ယဲ့က လီရှို့ရှီကိုကြည့်ပြီး “စာကြည့်တိုက်ကို ခဏကူညီပေးထား အဆင်ပြေလား…”

သူမက မျက်တောင်မှိတ်ထားပြီး

“အဲ့ဒါလုပ်ထားရင် ငါတစ်ခုခုရမှာလား...”

ယန်ယဲ့က ခေါင်းခါလိုက်ပြီး“မဟုတ်ဘူး”

ထိုနောက်သူသည်

စာကြည့်တိုက်ထဲသို့ဝင်ပြီး တန်ရှူကို

မူလစေတီထဲမှ

အပြင်ခေါ်ထုတ်လိုက်သည်။

သူက သူမ၏ခေါင်းလေးကို ပွတ်သပ်ပြီး “ရှုအာ ဒီနေရာကို ခဏလောက် စောင့်ပေးပါလား…” ဟုပြောလိုက်သည်။

သူမက တိုးတိုးလေးမေးလိုက်သည်။ “နှင်းပွင့်က ငါနဲ့အတူတူနေလို့ရမလား…”

“မရဘူး”

ယန်ယွဲ့သည် ချက်ချင်းခေါင်းခါပြပြီး
ငြင်းလိုက်သည်။ နောက်ဆုံးတွင်
ထိုမကောင်းဆိုးဝါးရတနာက
သူ့နောက်ကွယ်တွင် ရှိနေသေးသည်။

တျန်းရှူက ထပ်ပြီးမေးလိုက်သည်။
“နင်ဘယ်လောက်ကြာကြာ သွားမှာလဲ…”

ယန်ယွဲ့က ပြုံးပြီး “ခဏလေးပဲ”

တျန်းရှုက ခေါင်းညိတ်ပြပြီး “ကောင်းပြီ”

ယန်ယဲ့က ရုတ်တရက်
“မကြောက်ဘူးလား…”

သူမက ယန်ယဲ့ကိုမော့ကြည့်ပြီး
“ဘာကြောက်စရာရှိလို့လဲ…”

ယန်ယဲ့သည်
ခဏမျှစဉ်းစားပြီး  “ဘာမှမဟုတ်ပါဘူး”

သူက အခိပတိဓားကို ထုတ်ကာ

ကျောက်စားပွဲပေါ်တင်ပြီး

“ကိုယ့်ကိုယ်ကိုကာကွယ်ဖို့ ဒီဓားကို

ယူထားလိုက်”

တျန်းရှုက မငြင်းဘဲ ခေါင်းညိတ်ပြီး

“ကောင်းပြီ”

ယန်ယဲ့သည် သူမ၏ခေါင်းလေးကို

ပွတ်သပ်ပြီး မျှော်စင်ထဲမှ

ထွက်လာခဲ့သည်။ သူသည်

သဘာဝအတိုင်း တန်ရှူကို စိတ်မပူပေ။

သူမလေးက

အလွန်လျှို့ဝှက်ဆန်းကြယ်ပြီး

သူကိုယ်တိုင် တိုက်ခိုက်လျှင်ပင်

သတ်နိုင်လိမ့်မည်မဟုတ်ဟု

ခံစားမိစေသည်။ ထိုအတွေးက

အဓိပ္ပါယ်မဲ့သော ခံစားချက်တစ်ခုပါ။

အကြောင်းမှာ  လက်ရှိတျန်းရှုက

သာမန်လူတစ်ယောက်လိုဖြစ်နေသော

ကြောင့်ပါ။ သို့သော် ၎င်းသည်ပင်

ထူးထူးခြားခြားဖြစ်စေခဲ့သည်။

တန်ရှုက ကောင်းကင်ယံသို့

ပျောက်ကွယ်သွားသော ယန်ယဲ့ကို

ကြည့်လိုက်သည်။ ထိုနောက် သူမသည်

ကျောက်စားပွဲပေါ်ရှိ အဓိပတိဓားကို

တစ်ချက်ကြည့်လိုက်ပြီး ပေါ့ပေါ့ပါးပါး ပုတ်လိုက်သည်။ အဓိပတိဓားက အနည်းငယ် တုန်လှုပ်သွားပြီး သူမကို တုံ့ပြန်နေပုံရသည်။  တန်ရှုက နောက်လှည့်ကာ ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။  မျှော်စင်ထဲမှ ပြင်းထန်သော စွမ်းအားလှိုင်းတစ်ခု ရုတ်တရက် ထွက်ပေါ်လာပြီး တန်ရှုကို တွန်းထုတ်လိုက်သည်။

ကမ္ဘာစာကြည့်တိုက်လည်း

သဘာဝအားဖြင့်

ကိုယ်ပိုင်အသိစိတ်ရှိပါသည်။

မဟုတ်ပါက အကယ်ဒမီဟာ

စာကြည့်တိုက်မှူး တစ်ယောက်တည်းကို

အစောင့်အကြပ်ဖြင့် ထားမည်မဟုတ်ပါ။

ထိုပြင် သန်မာရုံသာမက

ထူးခြားလှသည်။ ထို့ကြောင့်

အကယ်ဒမီသည် စာကြည့်တိုက်မှူး
တစ်ဦးတည်းကိုသာ ထားခွင့်ပြုခဲ့သည်။

ဤအချိန်တွင် စာကြည့်တိုက်သည်
တျန်းရှုရောက်နေခြင်းကို မကြိုဆိုခဲ့ပေ။
မျှော်စင်အပြင်ဘက်တွင် တျန်းရှုသည်
စာကြည့်တိုက်ကိုစိုက်ကြည့်ရင်း
မြေပြင်ပေါ်ထိုင်နေသည်။ သူမ၏
ဒူးလေးနှစ်ဖက်ကို ဖက်ထားရင်း
ငြိမ်ကျသွားသည်။ ဤအချိန်တွင်

အဓိပတိဓားက တျန်းရှုဆီသို့ ပျံသန်းလာပြီး အနည်းငယ်တုန်လှုပ်သွားသည်။

တျန်းရှုက အဓိပတိဓားကိုမော့ကြည့်ပြီး "ဘာလို့လဲ...အခြားသူတွေက ဘာလို့ငါ့ကိုအရမ်းမုန်းတာလဲ..."ဟုမေးလိုက်သည်။

အဓိပတိဓားက တုန်လှုပ်သွားသည်။

ဓား က တျန်းရှူကို တုံ့ပြန်နေပုံပါ။

သူမက တိုးတိုးလေးမေးလိုက်သည်။

“သူတို့က ငါ့ကို ကြောက်နေတာလား…”

ဤအခိုက်အတန့်တွင် ယန်ယွဲ့နှင့်

အခြားသူများသည်

သိုင်းအင်ပါယာမြို့တော်မှ ထွက်လာပြီး

အဆုံးမဲ့ ကြယ်တာရာ ကောင်းကင်ထဲသို့

ရောက်ရှိလာခဲ့သည်။ ပတ်ဝန်းကျင်တွင် လင်းလက်တောက်ပသော ကြယ်တာရာများ လွှမ်းခြုံထားသည်။ သူတို့က ဤနေရာတွင် ရပ်နေစဉ် သမုဒ္ဒရာထဲရှိ သဲမှုန်များကဲ့သို့ပင် သေးငယ်လှသည်။

ယန်ယဲ့က ကောင်းယုနှင့် မို့ယင်ကို လှည့်ကြည့်ပြီး “တိုက်ခိုက်ကြရအောင်”

“မင်းအရင်လှူပ်ရှားပါ”

ကောင်းယုက ပြုံးပြီး “မဟုတ်ရင်
မင်းမှာအခွင့်အရေးရှိမှာမဟုတ်ဘူး”

ယန်ယဲ့က ခေါင်းညိတ်ပြီး
“ကောင်းပြီလေ”

စကားပြောပြီးနောက် ဓားတစ်ချောင်းက သူ့လက်ဖဝါးအလယ်တွင်လှည့်ပတ်လာသည်။

တရားစီရင်ခြင်း။

ဤအချိန်တွင် သူ၏ကျင့်ကြံမှုအဆင့်က မြင့်တက်လာသောကြောင့် တရားစီရင်ခြင်းကို အသုံးပြုဖို့ မခက်တော့ပေ။

ယန်ယဲ့က ဓားဆွဲထုတ်လိုက်သည်နှင့်

လီရှို့ရှီ၏မျက်လုံးများ

တောက်ပလာသည်။ သူ့ဘေးနားရှိ

အမျိုးသမီးကတော့ မျက်နှာပေါ်တွင်

လေးနက်သော

အမူအရာတစ်ခုရှိနေသည်။

သူမတစ်ဦးတည်းမဟုတ်ဘဲ

ကောင်းယုနှင့် မုံ့ယင်

တို၏မျက်နှာတွင်လည်း

လေးနက်သောအမူအရာများ ရှိနေသည်။

ကျင့်ကြံသူက လှုပ်ရှားမှုတစ်ခု

ပြုလုပ်လိုက်သည်နှင့် အဆိုပါ

ကျင့်ကြံသူ၏ခွန်အားကို

သိသာစေသည်။ ဤအခိုက်အတန့်တွင်

သူတို့က ယန်ယွဲ့ကို

စူးစိုက်ကြည့်နေသည်။ သို့သော်

ယန်ယွဲ့၏လက်ဝါးပေါ် ရှိဓားက ဖျတ်ခနဲ

ပျောက်သွားသည်။

တစ်ချိန်တည်းမှာပဲ ဆံခြည်မျှင်ကဲ့သို့

ပါးလွှာသော အလင်းတန်းတစ်ခုက

အာကာသထဲသို့လင်းလက်သွားသည်။

ကောင်းယု၏ ဆံပင်များသည်

အဆုံးမဲ့ထောင်မတ်နေသည်။ ထိုနောက်

သူ၏ဆန်းကြယ်ချီစွမ်းအင်သည်

ဒလဟော ပေါက်ကွဲထွက်လာသည်။

သူ၏ခန္ဓာကိုယ်ထဲမှ ပြိုးပြိုးပြက်ပြက်

လက်နေသော အလင်းတန်းတစ်ခု တစ်ခု ထွက်လာသော်လည်း အလင်းငယ်နှင့် ထိတွေ့ခိုက်သောအခါ ချက်ချင်းပင် ပွင့်ထွက်သွားလေသည်။

“ဆူး...”

အာကာသအတွင်း ကျယ်လောင်သော ပွင့်ထွက်သံများ ထွက်ပေါ်လာသည်။ ခဏအကြာတွင် ပတ်ဝန်းကျင်သည်

ငြိမ်သက်သွားခဲ့သည်။ လူတိုင်းက ကောင်းယုကို စိုက်ကြည့်နေသည်။

ခဏအကြာတွင် ကောင်းယုက “မင်း...”

သူ၏ခန္ဓာကိုယ်သည် ကွဲကြေနေသော ကြွေပန်းအိုးတစ်လုံးကဲ့သို့ ကွဲအက်သွားကာ  အပိုင်းအစများအဖြစ် ပြောင်းလဲသွားသည်။

ထိုမြင်ကွင်းအားမြင်လိုက်သောအခါ

မှုံယင်၏မျက်နှာက ချက်ချင်းပင် ဖြူဖျော့လာသည်။

ဤအချိန်တွင် လီရှို့ရှီက သူမ၏နံဘေးရှိ အမျိုးသမီးကို
တံတောင်ဖြင့်တွက်လိုက်ပြီး "အစ်မဝူ ဘယ်လိုထင်လဲ...။
ငါလိမ်ခဲ့တာမဟုတ်ဘူး
ဟုတ်တယ်မလား..."

အမျိုးသမီးက လီရှို့ရှီကို စိုက်ကြည့်ကာ

တိတ်ဆိတ်နေ၏။

ဤအချိန်တွင် ယန်ယဲ့က မို့ယင်ကို

စိုက်ကြည့်လိုက်ရာ

“အရှုံးပေးတယ်”

“အရှုံးပေးတာလား…”

ယန်ယွဲ့က အံ့အားသင့်သွားပြီး “မင်းရဲ့ စိတ်အခြေအနေအတွက် စိတ်မပူဘူးလား…အတွင်းစိတ်နတ်ဆိုးတွေဖြစ်လာရင် ဘယ်လိုလုပ်မလဲ”

မို့ယင်က ယန်ယွဲ့ကို တစ်ချက်ကြည့်လိုက်ပြီး “နင်က ကြောက်စရာကောင်းတယ်ဆိုတာ ငါတို့မသိလိုက်ဘူး။ ငါတို့က

ဘာမှမလုပ်ဘဲ ပြဿနာအရင်ရှာတာမို့

ညာတာတဲ့အနေနဲ့ မေ့ပြစ်ပေးပါ”

ယန်ယဲ့က “အစပိုင်းတုန်းက မင်း ငါ့ကို

သတ်ရလွယ်တယ်လို့ ထင်ခဲ့တယ်မဟုတ်

လား…။

ငါစကားနည်းနည်းလေးပြောတာနဲ့

မင်းအတွက်စိတ်အနှောက်အယှက်ဖြစ်

စေသလို မင်းငါ့ကိုမသတ်ရင်

အတွင်းစိတ်နတ်ဆိုးဖြစ်လာလိမ့်မယ်။

အခုမင်းထက်ငါ ပိုသန်မာနေတော့ မရှိဘူး”

မို့ယင်က ငြိမ်သွားသည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့က ခေါင်းခါလိုက်ပြီး“နောက်ဆုံးတော့ ခွန်အားကြောင့်ပါပဲ။ လူတစ်ယောက်ကို ပါးရိုက်လိုက် ဒါမှမဟုတ် တံတွေးနဲ့ထွေးရင်တောင် မင်းမှာ

လုံလောက်တဲ့ခွန်အားရှိတယ်တိုရင်

အဲ့ဒီလူက ပြဿနာရှာမှာမဟုတ်ဘူး။

ဒါပေမဲ့ မင်းမှာ ခွန်အားမရှိရင်

စကားတစ်ခွန်းမှမပြောရင်တောင်

တစ်စုံတစ်ယောက်က မင်းကိုတွေ့ရတာ

မကြိုက်ရင် သတ်ပစ်နိုင်တယ်။

သူတို့ေပြောခဲ့သလိုပဲ သန်မာသူတွေက

နှစ်သက်သလို လုပ်နိုင်တယ်။

အားနည်းတဲ့သူတွေက သူတို့ရဲ့
ကံကြမ္မာကို လက်ခံရတယ်”

ဤအထိပြောပြီးသောအခါ ယန်ယဲ့သည်
မို့ယင်ကို လှည့်ကြည့်လိုက်သည်။

မို့ယင်က တုန်လှုပ်သွားပြီး ချက်ချင်းပင်
အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲကာ
သိုင်းအင်ပါယာမြို့တော်သို့ တစ်ဟုန်ထိုး
ပြန်ပြေးသွားခဲ့သည်။

ဤအချိန်တွင် လီရှို့ရှီက ရုတ်တရက် မေးလိုက်သည်။ “နင်ဘာလို့ သူ့ကိုမတားတာလဲ…”

ယန်ယဲ့ကပြုံးပြီး “သူမသေဆုံးတာက ငါ့အတွက် ဘာမှမပြောင်းလဲလာဘူး။ ဒါအပြင် အလွန်အကျွံသတ်ဖြတ်တာက စွဲလမ်းသွားစေတယ်။ ငါကိုယ့်ငါ

လူသတ်တဲ့စိတ်  စွဲလမ်းသွားမှာ

ကြောက်တယ်”

လီရှတ်ရှီ၏ မျက်နှာက တင်းမာသွားပြီး

“သူမလက်စားပြန်ချေမှာမကြောက်ဘူး

လား…”

ယန်ယဲ့က ပြုံးပြီး “ဘာလို့

လက်စားချေရဲမယ်ထင်တာလဲ…”

လီရှို့ရှီ၏မျက်နှာက တင်းမာသွားသည်။

“ဘာကြောင့်လဲ…”

ရိုးရှင်းပါသည်။ သူမက ယန်ယဲ့နှင့်မယှဉ်နိုင်ပါ။

ဤအချိန်တွင် ယန်ယဲ့က သူ၏လက်ညှိုးကို ပွတ်ဆွဲလိုက်ရာ သိုလှောင်လက်စွပ်တစ်ကွင်းပျံတက်လာသည်။ ၎င်းက ကောင်းယု၏

သို့လှောင်လက်စွပ်ပါ။ ယန်ယွဲ့က
သို့လှောင်လက်စွပ်ကိုသိမ်းပြီး ချက်ချင်း
လှည့်ထွက်သွားသည်။

သို့သော်လည်း လီရှူ့ရှီက ရုတ်တရက်
ပြောခဲ့သည်။ "ငါတို့က နေရာတစ်ခုရဲ့
လျှို့ဝှက်ချက်တွေကို သွားကြည့်မလို
စဉ်းစားထားတယ်။
နင်လိုက်ချင်သလား..."

“ငါမလိုက်ဘူး” ယန်ယဲ့က လှည့်ပြီးထွက်သွားသည်။

လီရှို့ရှိုက ရုတ်တရက် “အဲ့ဒီမှာ မူလအစရှိတယ်”

ယန်ယဲ့သည် ချက်ချင်းရပ်လိုက်သည်။ “မူလအစ”

ယန်ယဲ့သည် နေရာတွင်ရပ်ကာ လီရှို့ရှီကို စိုက်ကြည့်နေသည်။ ဤနေရာသို့ ရောက်လာရသည့်အဓိက အကြောင်းအရင်းမှာ မူလအစဖြစ်သည်။ မူလအစတွင် သမိုင်းမတင်မီခေတ် မျိုးနွယ်စု၏ နည်းစနစ်များပါရှိသည်။ သူ့တွင် ကိုယ်ပိုင်ဆားတာအိုရှိသည်။ အခြားသူများ၏ လမ်းကြောင်းကို လိုက်ပါလျှောက်လှမ်းရန်

ငြင်းဆိုထားသော်လည်း
အခြားသူများထံမှ သင်ယူရန်
အရေးကြီးပါသည်။

လောကတွင်ကိုယ်ပိုင်ဖန်တီးထားသော
ညာဏ်ကြီးရှင်များရှိသော်လည်း
ယန်ယဲ့သည် သူတို့အထဲမှ
တစ်ယောက်မဟုတ်ပေ။ သူ့ကိုယ်သူ
ပြီးပြည့်စုံဖို့အတွက် အခြားလူတိုင်းထံမှ
အမြဲမပြတ်သင်ယူနေရသည်။

ယန်ယဲ့ရပ်သွားသည်ကို မြင်သောအခါ

လီရှို့ရှီ၏ နှုတ်ခမ်းထောင့်များမှာ

အပြုံးတစ်ခုရစ်ဝဲလာသည်။ သူမက

လိမ်မာပါးနပ်သော

မြေခွေးတစ်ကောင်လို ပြုံးနေလေသည်။

ထိုနောက်ယန်ယဲ့ထံ

အမြန်လျှောက်လာသည်။

“နင်စာကြည့်တိုက်မှူးအဖြစ် ဆက်နေဖို့

ဆန္ဒမရှိဘူးဆိုတာ ငါသိတယ်”
ဟုပြောလိုက်သည်။

ယန်ယဲ့က “ဆက်ပြော လိုရင်းကို
တန်းပြောပါ”

လီရှို့ရှီက ယန်ယဲ့၏ ဆိုလိုရင်းကို
သဘာဝကျကျသိပြီး ချက်ချင်းပြုံးကာ
“မူလအစကိုရဖို့ နည်းလမ်းနှစ်ခုရှိတယ်။
ပထမတစ်ခုက အကယ်ဒမီကနေ

တဆင့်ရဖို့ပဲ။ အကယ်ဒမီမှာ

တချို့ကျောင်းသားအမှတ်တွေလိုအပ်ပေ

မဲ့ အဲ့ဒါတွေက အများကြီးလိုတယ်။

လိုတဲ့ပမာဏက ငါတို့အတွက်

စိတ်ပျက်အားငယ်သွားစေနိုင်တယ်။

ကျောင်းသားအမှတ်

၁သိန်းကုန်ကျတယ်။

ငါ့ခန့်မှန်းချက်တွေအပေါ်အခြေခံရင်

အကယ်ဒမီတစ်ကျောင်းလုံးမှာရှိတဲ့

ကျောင်းသားတွေအကုန်ပေါင်းရင်တောင် အမှတ် ၁သိန်း ရှိမှာမဟုတ်ဘူး”

ယန်ယဲ့က လီရှို့ရှိုကို စိုက်ကြည့်ကာ ရှေ့ဆက်ပြောရန် အချက်ပြလိုက်သည်။

သူမက “အခြားနည်းလမ်းက ငါတို့က မူလအစကို ရှာဖွေဖို့ပဲ”

ယန်ယဲ့က “ဘယ်မှာလဲ...”

လီရှို့ရှီက ပြုံးပြီး

“သမိုင်းမတင်မီခေတ်က

အပျက်အစီးနယ်မြေ။ အဲ့ဒါက

အတိတ်တစ်ချိန်က သမိုင်းမတင်မီခေတ်

မျိုးနွယ်စုတည်ရှိတဲ့နေရာ အဲ့ဒီနေရာမှာ

မူလအစ ရှိနိုင်ချေ အများဆုံးပဲ။ ဒါပေမဲ့

အရမ်း အန္တရာယ်များတယ်။

ပညာရှင်တစ်ပါးတောင်မှ အဲ့ဒီနေရာကို

သွားဖို့ ရှားတယ်”

ယန်ယဲ့က ငြိမ်သွားသည်။

သူသည်အတွေးနက်နေသည်။

ဤအချိန်တွင် လီရှို့ရှီက "ဒါဆို

နင်စမ်းကြည့်ချင်လား..."

ယန်ယဲ့က "စာကြည့်တိုက်အတွက်

ငါဘာလုပ်ရမလဲ..."

လီရှို့ရှီက ပြုံးပြီး “ဒါက လွယ်ပါတယ်။ ယာယီ စောင်ရှောက်ပေးမဲ့သူရှာလိုက်မယ်”

ယန်ယဲ့က တွန့်ဆုတ်မနေဘဲ ခေါင်းညိတ်ပြကာ “ကောင်းပြီ ငါတို့အခုသွားမလား…”

လီရှို့ရှီက ခေါင်းကို အနည်းငယ် ခါယမ်းလိုက်သည်။ “အစ်မဝူ နဲ့ငါ

ပြင်ဆင်ရမှာပေါ့။ အို့ မှန်တယ်။

နှစ်ယောက်စလုံးကို

မိတ်ဆက်ပေးပါရစေ။ ငါ့ဘေးနားမှာရှိတဲ့

ဒီအလှမယ်က ဝူယု။ သူမ

ငါတို့နဲ့လိုက်လာမယ်”

ယန်ယဲ့က သူမကို စူးစိုက်ကြည့်ကာ

အနည်းငယ် ခေါင်းညိတ်လိုက်သည်။

အမျိုးသမီးဝူယုကလည်း ယန်ယဲ့ကို

ပြန်ကြည့်ကာ ခေါင်းညိတ်ပြသည်။

လီရှို့ရှီကပြုံးပြီး "မနက်ဖြန် ဒီလိုအချိန်မှာ ပြန်တွေ့ကြတာပေါ့"

Translated by NyiNyiSoe

May Be:

..အပိုင်း ၂၄၂၃

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

လီရှို့ရှိုက ပြုံးပြီး “ဒါဆို မနက်ဖြန်မှာ ဒီအချိန်ပြန်တွေ့ကြတာပေါ့”

စကားပြောပြီးသည်နှင့် ဝူယုနှင့်အတူ အဝေးတစ်နေရာသို့ ပျောက်ကွယ်သွားခဲ့သည်။ ယန်ယဲ့သည် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး နေရာတွင်ပင် ပျောက်ကွယ်သွားခဲ့သည်။

“မြန်မြန်”

သူက တိုးတိုးလေး ရေရွတ်လိုက်သည်။

ယန်ယဲ့သည် စာကြည့်တိုက်သို့
ပြန်ရောက်သောအခါ တျန်းရှုအား
အပြင်ဘက်တွင်တွေ့လိုက်ရသည်။
ဓားတစ်ချောင်းက သူမဘေးတွင်
လွင့်မျောနေသည်။

တျန်းရှူက ယန်ယဲ့ကိုမြင်သည်နှင့်
သူ့ဆီကို ချက်ချင်းပြေးလာပြီး
“နင်ထွက်သွားတော့မှာလား...”ဟု
မေးလိုက်သည်။

ယန်ယဲ့က အံ့သြသွားပြီး
“နင်ဘယ်လိုသိတာလဲ...”

တျန်းရှူက စကားမပြောဘဲ
ယန်ယဲ့ကိုစိုက်ကြည့်နေသည်။

ယန်ယဲ့က သူ့မ၏ခေါင်းလေးကို
ပွတ်သပ်လိုက်ပြီး "ခဏလေးပါ"

"ငါကရော"

တျန်းရှူက မျက်တောင်မခတ်ဘဲ

လက်သီးများကို

တိတ်တဆိတ်ဆုပ်ထားသည်။

ယန်ယဲ့က ပြုံးပြီး "ဒါဆို ငါမင်းကို

အတူခေါ်သွားမယ်"

စကားပြောပြီးသည်နှင့်

ကျောက်စားပွဲဆီသို့ လျှောက်သွားကာ

ထိုင်လိုက်သည်။ တျန်းရှူက

လက်သီးများကို ဖြေလျှော့လိုက်ပြီး

သူမ၏မျက်နှာပေါ်တွင် မမြင်နိုင်သော

အပြုံးတစ်ခုပေါ်လာသည်။

ယန်ယဲ့သည် ကောင်းယုဆီက ရလာသော

သိုလှောင်လက်စွပ်ကို ထုတ်ယူပြီး

တစ်ချက်စစ်ဆေးကြည့်လိုက်သည်။

အထဲတွင် အမျိုးမျိုးရှိသော်လည်း

ကျောင်းသားအမှတ်များအပြင်

သူ့အာရုံကို

ဖမ်းစားနိုင်သောဘာမှမရှိခဲ့ပေ။

ကောင်းယုက

စုစုပေါင်းကျောင်းသားအမှတ် (၂၃၀)

ရှိခဲ့သည်။ အလွန်နည်းသောကြောင့်

ယန်ယဲ့သည် အနည်းငယ်

စိတ်ပျက်သွားမိသည်။

သို့သော်လည်း တစ်မှတ်မှ

မရသည်ထက်စာရင်တော့

အဆင်ပြေပါသည်။ လီရှို့ရှီထံမှရရှိသော

အမှတ်များနှင့်

ပေါင်းလိုက်လျှင် လက်ရှိသူက

ကျောင်းသားအမှတ်

(၃၀၀)ကျော်ရှိနေပါပြီး။ သို့သော်လည်း

မူလအစတစ်ခုက အမှတ်

၁သိန်းဖြစ်သည်။ ယန်ယွဲ့သည်

ခေါင်းယမ်းလိုက်သည်။ သေချာသည်မှာ

အကယ်ဒမီက တစ်စုံတစ်ဦးကို မူလအစ

အလွယ်တကူ ပေးလိုပုံမရပေ။

ယန်ယွဲ့သည် သူ့အတွေးများကို

ထိန်းထားပြီး စားပွဲပေါ်

တွင်လဲလျောင်းနေသော တျန်းရှုကို

စိုက်ကြည့်နေသည်။

သူက ပြုံးပြီး "ဘာဖြစ်တာလဲ..."

တျန်းရှုက ခဏစဉ်းစားပြီး "ဘာလို့

ငါ့ကိုမကြောက်တာလဲ..."

ယန်ယဲ့ကပြုံးပြီး "ဘာလို့မင်းကို

ကြောက်ရမှာလဲ..."

တျန်းရှုက တစ်ခုခုပြောချင်သော်လည်း

ယန်ယဲ့က သူမခေါင်းလေးကို

ပွတ်သပ်ပေးလိုက်ပြီး "တျန်းရှု၊

မင်းကသာမန်မဟုတ်ဘူးဆိုတာ

ကိုကြီးသိပါတယ်။ ဒါပေမဲ့ ဒီလောကမှာ

အခြားသူတွေဘယ်လိုတွေးနေတယ်ဆို

တာ ငါတို့ ဂရုမစိုက်ဘူးဆိုတာ သတိရပါ။

မင်းမှာ စိတ်သန့်နေသရွေ့
လောကတစ်ခုလုံးက ငါတို့ကို
မုန်းနေရင်တောင် ဘာဖြစ်မလဲ...။
ဘယ်လိုပဲဖြစ်ဖြစ် ငါတို့က သူတို့ကို
အားကိုးပြီး
အသက်ရှင်နေတာမှမဟုတ်တာ”

တျန်းရှူက ယန်ယဲ့၏စကားများကို
တွေးနေပုံရသည်။ ယန်ယဲ့သည်
စကားဆက်မပြောတော့ဘဲ

သူ၏အသိစိတ်ကို မူလစေတီထဲသို့
ပို့လိုက်သည်။ အချိန်များ လျင်မြန်စွာပင်
ကုန်ဆုံးသွားခဲ့သည်။

နောက်တစ်နေ့တွင်
ယန်ယဲ့သည်စာကြည့်တိုက်မှ
ထွက်လာခဲ့သည်။
အဆုံးမဲ့ကြယ်တာရာကောင်းကင်ပြင်ထ
က်တွင် ယန်ယဲ့သည် လီရှို့ရှီနှင့် ဝူယုကို
တွေ့ဆုံခဲ့သည်။

ဂူယုကပြုံးပြီး

“ဘယ်လောက်အချိန်တိကျလိုက်သလဲ…
”

ယန်ယဲ့ကခေါင်းညိတ်ပြီး “သွားရအောင်”

သုံးယောက်သား အဝေးဆီသို့

ပျောက်ကွယ်သွားကြသည်။

လီရှို့ရှီက ခရီးထွက်ရင်း

“သမိုင်းမတင်မီခေတ်က

အပျက်အစီးနယ်မြေ ၇ခုရှိတယ်။

အဲ့ဒီအထဲက ၆ ခုကို ငါတို့သွားလို့မရဘူး”

ယန်ယဲ့ကအတော်လေး အံ့သြသွားပြီး

“ဘာလို့လဲ...” ဟုမေးလိုက်သည်။

လီရှို့ရှီက ပြုံးပြီး “ဘာလို့လဲဆိုတော့

သူတို့က လမ်းကြောင်း ၄ခုနဲ့

အခြားလျှို့ဝှက်ဆန်းကြယ်တဲ့

အင်အားစုတွေရဲ့ ထိန်းချုပ်မှုအောက်မှာ

ရှိနေလို့ပဲ။

ဟုတ်တယ်ငါတို့ရဲ့အကယ်ဒမီက

သူတို့အထဲမှာပါတယ်။ ဒါပေမဲ့

အကယ်ဒမီနဲ့သက်ဆိုင်တဲ့

အပျက်အစီးနယ်မြေတွေကို

မဝင်ရောက်နိုင်ဘူး။ အထူးအခြေအနေနဲ့

လုံလောက်တဲ့

ကျောင်းသားအမှတ်တွေရှိမှပဲ အထဲကို ဝင်ကြည့်နိုင်တယ်”

ယန်ယွဲ့က “နောက်ဆုံး အပျက်အစီးနယ်မြေကို ဘယ်သူကမှဘာလို့ မယူသေးတာလဲ…” ဟုမေးလိုက်သည်။

လီရှို့ရှီက ပြုံးပြီး “သူတို့အားလုံးက အရာအားလုံးကို သိမ်းယူထားပြီး

အခြားဘယ်သူ့ကိုမှ မပေးချင်ဘူးဆိုရင်

ဟီးဟီး။ သူတို့က သိပ်ပြီး

ဝေးဝေးမသွားချင်ဘူးဆိုတော့

နောက်ဆုံးတစ်ခုက လူတိုင်းအတွက်

ဖွင့်ပေးဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါပေမဲ့

အဲ့ဒါတွေမလုပ်ခင်မှာ

အပျက်အစီးနယ်မြေကို

ရှင်းလင်းခဲ့သေးတယ်”

ယန်ယဲ့က မျက်မှောင်ကြုတ်ပြီး “ဒါဆို ငါတို့က ဘာအတွက် သွားရဦးမှာလဲ…”

“ငါတို့ ကံစမ်းကြည့်ဖို့”

လီရှို့ရှီကပြုံးပြီး “သူတို့ တစ်ခုခုကို လွတ်နေမလားဆိုတာ ကြည့်ဖို့။ နောက်ဆုံးတော့ တချို့လူတွေက ဟိုးအရင်တုန်းက မူလအစကို ရကြတယ်”

ယန်ယဲ့သည်

အာကာသအနက်ရှိုင်းဆုံးအပိုင်းသို့

မျှော်ကြည့်လိုက်သည်။

အရင်းအမြစ်အားလုံးသည်

သန်မာသူများ၏လက်ထဲတွင်

အမြဲရှိနေသည်။ တရားမျှတမှုလား…။

ဤလောကသည်

တရားမျှတမှုကင်းမဲ့နေသည်။ သို့မဟုတ်

တရားမျှတမှုသည် အချို့သော
ကျင့်ကြံမှုအဆင့်များအတွက်သာ
ကန့်သတ်ထား၏။

လီရှို့ရှီက ရုတ်တရက်
“ငါတို့ရောက်လာပြီ”

ယန်ယွဲ့သည် သူ့အတွေးများကို ထိန်းကာ
လှမ်းကြည့်လိုက်သည်။ “ထိုနေရာတွင်
ရောမ

အဖြူရောင်ဂြိုလ်ကြီးတစ်လုံးရှိသည်။

အပေါ်စီးမှကြည့်လျှင်

အက်ကွဲကြောင်းများ ဖုံးလွှမ်းနေပြီး

ပြိုကျလုနီးပါးဖြစ်နေပုံရသည်။

ထိုပြင် အာကာသသည်

ၵင်းပတ်ပတ်လည်တွင်

အဆက်မပြတ်တုန်ခါနေသည်။

အာကာသပြင်သည်

အလွန်မတည်မငြိမ်ဖြစ်နေပုံရသည်။

အဓိကကတော့ အထူးသဖြင့်

ယန်ယွဲ့သည် ဂြိုလ်သား

အကြွင်းအကျန်များကိုပင်

မြင်တွေ့လိုက်ရသည်။ ၎င်းတို့သည်

အာကာသထဲကို ပြန်မသွားပဲ

အဖြူရောင်ဂြိုလ်တစ်ဝိုက်တွင်

တိတ်တဆိတ် ပျံသန်းနေခဲ့သည်။

ယန်ယဲ့က "သမိုင်းမတင်မီခေတ်က မျိုးနွယ်စုက တကယ်ရှိခဲ့တယ်"ဟု တိုးတိုးလေး ပြောခဲ့သည်။

"ဟုတ်တယ်"

လီရှို့ရှီက "လောကသုံးပါးဟာ အကန့်အသတ်မရှိဘူး။ ဒီတော့ ငါတို့ဟာ တစ်ခုတည်းသောမျိုးနွယ်စုဖြစ်နိုင်ပါ့မလား...။ ဒါအပြင် သမိုင်းမတင်မီခေတ်ရဲ့

မျိုးနွယ်စု  မတိုင်မီက ပိုပြီးရှေးကျတဲ့ မျိုးနွယ်စုတွေ ရှိခဲ့တယ်လို့ ငါထင်ပါတယ်။ ဒါပေမဲ့ မျိုးနွယ်စုဆိုတာ ထာဝရမရှိနိုင်ဘူး”

ယန်ယဲ့က သူ့မကိုကြည့်ပြီး “ဘာလို့လဲ…”

“လောဘကြောင့်”

ထိုစကားပြောလိုက်သူက

လီရှို့ရှီမဟုတ်ပေ။ မူလစေတီအထဲမှ

တျန်းရှုပင်ဖြစ်သည်။

သူမက "(ယဉ်ကျေးမှု)မျိုးနွယ်စုတိုင်းက

လောကသုံးပါးကနေ ထွက်သွားခဲ့ကြပြီ။

ဒါဟာ ဖျက်ဆီးခြင်းနဲ့ညီမျှတယ်လို့

အမေပြောခဲ့တယ်။ ဖျက်ဆီးခြင်းကပဲ

ဘဝအသစ်(ခေတ်သစ်)ကို

ပို့ပေးနိုင်တယ်"

ယန်ယဲ့က အံ့အားသင့်သွားပြီး “တျန်းရှု၊ ဒါမင်းကိုယ်ပိုင်အတွေးလား။ ဒါမှမဟုတ်...”

တျန်းရှုက တိုးတိုးလေး ပြန်ပြောခဲ့သည်။
“အမေပြောခဲ့တာ”

“တန်ရှု၏အမေ”

“ဟေး...နင်ငါပြောတာကို နားထောင်နေသလား...” ဤအချိန်တွင် လီရှို့ရှီ၏အသံက ယန်ယဲ့၏နားထဲတွင် ပဲ့တင်ထပ်လာသည်။

ယန်ယဲ့က သူ့အတွေးများကိုထိန်းကာ သူမကို စိုက်ကြည့်ပြီး “သွားကြရအောင်”

ထိုစကားကြားသောအခါ လီရှို့ရှီက ဒေါသတကြီး သွားများကိုက်လိုက်သည်။

အချိန်သိပ်မကြာလိုက်ပေ သုံးယောက်

သား အရှိန်ပြင်းပြင်းနှင့်

အဖြူရောင်ဂြိုလ်ကြီး

ပေါ်သို့ဆင်းလာကြသည်။ မြေပြင်ပေါ်သို့

ဆင်းလာသည်နှင့် တစ်ပြိုင်နက်

ယန်ယွဲ့၏ပထမဆုံးအမြင်သည်။

ဂြိုလ်တစ်ခုလုံး လူဆိတ်ငြိမ်ရာ

နေရာတစ်ခုဖြစ်ခဲ့သည်။

မီးခိုးရောင်ကောင်းကင်ကြီးတစ်ခု။

အဆုံးအစမဲ့သော မုန်တိုင်းကြီး

လာနေတယ်ဟုထင်ရသော မီးခိုးရောင်

ကောင်းကင်ကြီးပင်ဖြစ်သည်။

သူ့အမြင်အာရုံအဆုံး

တောင်တန်းအနည်းငယ်နဲ့ မြေပြင်ပေါ်

ထောင်ထနေသေ ပေါင်းပင်။

မြက်ပင်များသာ ရှိခဲ့သည်။

ဤအချိန်တွင် ယန်ယွဲ့သည် လီရှိုးရှီကို

စိုက်ကြည့်လိုက်သည်။ လီရှို့ရှီက ဝူယုကိုစိုက်ကြည့်နေသည်။ ဝူယုက ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး ချပ်ပြားတစ်ပြားထုတ်ယူလိုက်သည်။

“ရတနာရှာတဲ့လက်နက်”

လီရှွတ်ရှီက ပြုံးပြီး ရှင်းပြသည်။ “ရတနာတွေကို ရှာနိုင်တယ်။ စီနီယာအစ်မ ဝူယုက အမှတ်

(၁၀၀၀)လောက်ကိုသုံးပြီးဝယ်ခဲ့တာ။

ငါတို့ထဲက အချို့က

အမှတ်တွေပေါင်းပြီး အဲ့ဒါကိုရဖို့

ဝယ်ခဲ့တာ”

တစ်ချိန်တည်းမှာပဲ ဂူယုက “လူတိုင်းက

တစ်လမှာ တစ်ရက်ပဲသုံးနိုင်တယ်။

ဒီနေ့က ငါ့အလှည့်ပဲ”

စကားပြောရင်း ချပ်ပြားကို

ပုတ်လိုက်သည်။

အချိန်သိပ်မကြာလိုက်ဘဲ ချပ်ပြားပေါ်ရှိ

လက်တံက လှည့်ပတ်သွားကာ ယန်ယွဲ့ကို

ညွှန်ပြသည်။ ယန်ယွဲ့သည်

စကားမပြောနိုင်သလိုပင်။

လီရှူ့ရှီနှင့်ဝူယုတို့ နှစ်ယောက်စလုံး သူ့ကို

စိုက်ကြည့်နေကြသည်။

“ဟီးဟီး”

လီရှုံ့ရှိက ယန်ယွဲ့ကို စိုက်ကြည့်လိုက်ပြီး “နင့်မှာ ရတနာတွေအများကြီးရှိနေတာသေချာတယ်။ ဒါကြောင့် သတိထားသင့်တယ်။ ဤနေရာမှာရှိတဲ့ လူတိုင်းမှာ ရတနာတွေကို မြင်နိုင်တဲ့ ထူးဆန်းတဲ့ လက်နက်တွေရှိတယ်။အချို့ကနင့်ကို ပစ်မှတ်ထားနိုင်တယ်”

ဤအချိန်တွင် ဂူယု၏အမူအရာက

အနည်းငယ်ပြောင်းလဲသွားကာ

“တစ်စုံတစ်ယောက်လာနေပြီ”

ယန်ယွဲ့သည် အနည်းငယ်

မျက်မှောင်ကြုတ်လိုက်သည်။

ပတ်ဝန်းကျင်ကို

စစ်ဆေးကြည့်သော်လည်း

သတိမထားမိပေ။

“သွားကြရအောင်”

ဝူယုက လီရှို့ရှီ၏လက်ကို ဆွဲခေါ်ကာ

ထွက်ပြေးသွားတော့သည်။

သို့သော် လေထဲသို့

ခုန်တက်လိုက်သည်နှင့် မီတာ

(၃၀)အကွာတွင် အစိမ်းရောင်

အလင်းအလွှာတစ်ခု ရုတ်တရက်

ပေါ်လာပြီး ပိတ်ဆို့သွားခဲ့သည်။

ထိုနောက်တွင်တော့ သူတို့ရှေ့တွင်

အစိမ်းရောင်ဝတ်စုံဝတ်အမျိုးသမီးတစ်

ယောက်ပေါ်လာခဲ့သည်။

တစ်ချိန်တည်းမှာပင်

သူတို့၏နောက်ကွယ်တွင်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားတစ်

ယောက်ပေါ်လာသည်။

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက

သူတို့ဆီသို့

ဖြည်းညင်းစွာလျှောက်လာကာ“သိုင်းအင်

ပါယာကျောင်းတော်ရဲ့

ကျောင်းသားတွေ။ ဟား…ဟား…

မမျှော်လင့်ထားတဲ့ လက်ဆောင်တွေပဲ”

“သူတို့က လုယက်ဖို့

ရောက်လာတာလား…”

ယန်ယဲ့သည်ဖြစ်ပျက်နေသည်ကို ချက်ချင်းသဘောပေါက်လိုက်သည်။ လု ယက်ခံနေရသည်။

လီရှို့ရှီက အေးစက်စက်ရယ်မောလိုက်ပြီး “ငါတို့တွေက သိုင်းအင်ပါယာကျောင်းတော်က လာတာနင်သိပေမဲ့။ ငါတို့ကို တိုက်ခိုက်ဖို့

သတ္တိရှိနေတုန်းပဲ နင်က
တော်တော်သတ္တိကောင်းတယ်”

“သိုင်းကေရာဇ်ကျောင်းတော်က
ဒီလောက်ကြီးလား…”

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက
အေးစက်စွာ ရယ်မောရင်း “ဒါက
ထူးထူးခြားခြားဖြစ်တယ်ဆိုတာ
ငါဝန်ခံပါတယ်။ ဒါပေမဲ့ မင်းတို့အားလုံး

ထူးထူးခြားခြားဆိုတာကို

ကိုယ်စားမပြုဘူး။

ဒါအပြင်  အကယ်ဒမီနဲ့ ပတ်သတ်တဲ့

ငါ့အသိတွေကို အခြေခံရင် သူတို့ရဲ့

ကျောင်းသားတွေက အပြင်ကမ္ဘာမှာ

အများတစ်ခုခု ကြုံတွေ့ရင် အကယ်ဒမီက

လုံးဝ ဝင်ပြီးစွက်ဖက်မှာမဟုတ်ဘူး။

ငါပြောတာ မှန်တယ်မဟုတ်လား...”

လီရှို့ရှီက အေးစက်စွာပြောလိုက်သည်။

“နင့်ကိုယ်နင်

ဒီလောက်ယုံကြည်မှုရှိသလား…”

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက

သူတို့ကို လက်ညှိုးထိုးပြပြီး

“ငါထင်တာမမှားရင် မင်းတို့က

မြေကမ္ဘာအတန်းထဲက

ကျောင်းသားတွေပဲ”

ယန်ယဲ့က လီရှို့ရှီကို

"မြေကမ္ဘာအတန်းလား..."

လီရှတ်ရှီက "အကယ်ဒမီမှာ

ကောင်းကင်အခန်း၊ ကောင်းကင်ခန်းမ၊

မြေကမ္ဘာခန်းမနဲ့ ဝိညာဉ်ခန်းမ နှင့်

မော်တယ်ခန်းမဆိုပြီးရှိတယ်။

အတန်းတစ်ခုဆီကို ဂရု အေ၊ ဘီ၊ စီနဲ့

ဒီဆိုပြီး ထပ်ခွဲထားသေးတယ်။

ဝူယုနဲ့ငါက ဂရုဘီကနေပဲ"

ယန်ယွဲ့က တိုးတိုးလေးပြောလိုက်သည်။

“ငါဒါကိုမသိဘူး”

စကားပြောနေစဉ်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားကို

မော့ကြည့်ကာ “ငါထင်တာမမှားရင်

မင်းက မူလအစအတွက်ပဲထင်တယ်။

ဒါပေမဲ့ မူလအစက

မင်းတို့နှစ်ယောက်အတွက် အတော်လေး

အလှမ်းဝေးတော့ လူတွေကို

လှယက်တာကဟပိုကောင်းတယ်။

ဟုတ်တယ်မလား…”

“ဒါပေါ့”

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက

ပြုံးပြီး “ကံကောင်းရင် ဒီလူတွေဆီကနေ

ငါရနိုင်တယ်”

ယန်ယဲ့က သူ့လက်ကို ရုတ်တရက်

ဝှေ့ယမ်းပြီး “မင်းနဲ့အချိန်ဖြုန်းဖို့

ငါစိတ်မဝင်စားဘူး”

Translated by NyiNyiSoe

..အပိုင်း ၂၄၂၄

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

“မင်းနဲ့အချိန်ဖြုန်းဖို့
ငါစိတ်မဝင်စားဘူး”

စကားပြောပြီးနောက်
သူ့လက်ဝါးပေါ်တွင်
ဓားတစ်ချောင်းပေါ်လာပြီး
အလင်းတန်းတစ်ခု ဖျတ်ခနဲ
လင်းလက်သွားသည်။

ယန်ယွဲ့၏လက်ထဲတွင်

ဓားတစ်ချောင်းပေါ်လာသည်နှင့်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသား၏အ

မူအရာသည် သိသိသာသာ

ပြောင်းလဲသွားသည်။

သူ၏မျက်လုံးထဲတွင်

အလွန်လေးနက်သော

အမူအရာရှိနေသည်။ ထိုအချိန်တွင်

အေးစက်စက် အလင်းတန်းတစ်ခုက

သူ့ရှေ့ရောက်လာကြောင်း
သတိထားမိလိုက်သည်။

“အကာအကွယ်အလွှာကိုထုတ်လိုက်
တော့....”

ရုတ်တရက်
သတိပေးသံတစ်သံထွက်ပေါ်လာပြီးနော
က် အနက်ရောင်ဝတ်စုံဝတ်အမျိုးသား၏
နဖူးအရှေ့၌ အစိမ်းရောင်

အလင်းအလွှာတစ်ခု ပေါ်လာသည်။

ဓားအဖျားက အလင်းလွှာကို

ထိမှန်သည်နှင့် နောက်သို့

ပြန်ကန်ထွက်သွားသည်။

ယန်ယဲ့သည် မျက်မှောင်ကြုတ်ကာ

ထိုအမျိုးသမီးကို စိုက်ကြည့်ရင်း “မင်းက

ဝိညာဉ်မျိုးနွယ်ထဲကပဲ”

အမျိုးသမီးက ယန်ယဲ့ကို စိုက်ကြည့်ကာ

တိတ်ဆိတ်နေသော်လည်း

သူမ၏မျက်နှာပေါ်ရှိ သတိထားနေသော

အမူအရာက ပို၍ပင် သိသာလာသည်။

ယန်ယဲ့သည်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားကို

လှည့်ကြည့်ကာ တိုက်ခိုက်ရန်

ပြင်လိုက်သည်။

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက ရုတ်တရက် တားလိုက်သည်။

“ခဏလေး”

“ဟမ့်...”

ယန်ယဲ့က “ဘာလဲ...”

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက ရုတ်တရက် မေးသည်။ "မင်းက ယန်ယဲ့လား..."

ယန်ယဲ့၏မျက်လုံးထဲမှ အံ့အားသင့်သောအမူအရာ ထွက်ပေါ်လာသည်။ "ငါပဲ မင်းဘယ်လိုသိတာလဲ..."

ယန်ယဲ့ဝန်ခံသည်ကို

ကြားလိုက်သောအခါ အမျိုးသားနှင့်

အမျိုးသမီး၏ မျက်လုံးထဲတွင်

ထိတ်လန့်သော

အရိပ်အယောင်များပေါ်လာသည်။

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက

ခါးသက်သက်ရယ်မောပြီး “ဒါဆို

တကယ်ပဲ မင်းဖြစ်နေတာကို ငါတို့က

ဝိညဉ်မျိုးနွယ်ကလာတာ”

“ဝိညာဉ်မျိုးနွယ်”

ဤအချိန်တွင် ယန်ယဲ့က

နားလည်သွားပြီးဖြစ်သည်။

လက်နက်လမ်းစဉ်အပြင်

သိုင်းအင်ပါယာကျောင်းတော်ကို

အသာထား အခြားလမ်းကြောင်း

သုံးခုတွင်ပင် သူသည်

နာမည်ကျော်ကြားခြင်းမရှိပေ။ သို့သော်

အခြားသောပြင်ပမျိုးနွယ်စုများအကြား

တွင် သူ၏ဂုဏ်သတင်းက

ကြီးမားလှသည်။

အပြင်လောကမျိုးနွယ်ခြားများ

အကြားတွင် ယန်ယွဲ့ဟူသော နာမည်ကို

မသိသူဟူ၍ မရှိခဲ့ပေ။

ဤအချိန်တွင်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက

ယန်ယွဲ့ကို လက်သီးဆုပ်ကာ

“ဖြစ်ပျက်ခဲ့တာတွေအတွက် တောင်းပန်ပါတယ်။ အစ်ကိုယန် ပြီးခဲ့တာတွေကို မင်းမေ့ထားနိုင်မယ်လို့ ငါမျှော်လင့်တယ်”

ထိုအခြေအနေကို မြင်သောအခါ လီရှုံ့ ရှီ၏မျက်လုံးများက အံ့သြမှုများနှင့် ပြည့်နှက်နေခဲ့သည်။

“ဒါကနည်းနည်းတော့မထူးဆန်းဘူးလား. ..”

သူမကယန်ယဲ့ကို စိုက်ကြည့်ရင်း

“ဒီလူကအပြင်လောကရဲ့

မျိုးနွယ်ခြားတွေအကြားမှာ

တော်တော်လေး

နာမည်ကြီးနေတာများလား...”

ယန်ယဲ့သည်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားကို

တစ်ချက်ကြည့်လိုက်သည်။ အနက်ရော

င်ဝတ်စုံဝတ်အမျိုးသားက
တောင်ပန်နေရင်းဖြင့်
အလွန်သတိထားေနသည်။ သူသည်
ယန်ယဲတိုက်ခိုက်လာမည်ကို
ကြောက်နေပုံပါ။

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက
ရုတ်တရက်ပြောလိုက်သည်။ “ငါ့မှာ
ညီအစ်ကိုယန် စိတ်ဝင်စားလောက်မဲ့
အချက်အလက်တစ်ခုရှိတယ်။

ဒီနေရာကနေ ကီလိုမီတာ ၁ သိန်းအကျော်

ဝေးတဲ့နေရာမှာ

အပျက်အစီးနယ်မြေတစ်ခုရှိတယ်။

ဒါအပြင် အဲ့ဒီမှာ မူလအစရှိနေဖို့လည်း

အလားအလာအရမ်းများတယ်”

လီရှုတ်ရှီက ရုတ်တရက် မေးလိုက်သည်။

“ဒါဆို နင်တို့နှစ်ယောက်က ဘာလို့

အဲ့ဒီနေရာကို မသွားတာလဲ…”

ထိုလူက ခါးသက်သက်ရယ်မောရင်း

“လူတချို့က

အဲ့ဒီနေရာမှာရောက်နေပြီးဆိုတော့

လုံလောက်တဲ့ခွန်အားမရှိဘဲသွားတာက

ကိုယ့်သေတွင်းကိုယ်တူးသလိုပဲ”

စကားပြောပြီးနောက်

ယန်ယဲ့ကိုစိုက်ကြည့်ကာ “ငါမင်းကို

အန္တရာယ်လမ်းသွားစေချင်တာမဟုတ်

ပေမဲ့ မင်းရဲ့ ခွန်အားက

မူလအစတစ်ခုခုကို လုယက်ဖို့
လိုလောက်သင့်တယ်”

လီရှို့ရှီက ယန်ယွဲ့ကိုစိုက်ကြည့်ရင်း
“နင်သွားချင်တာလား…”
ဟုမေးလိုက်သည်။

ယန်ယွဲ့က ခေါင်းညိတ်ပြီး
“သွားကြည့်ရအောင်”

လီရှို့ရှီက
အနက်ရောင်ဝတ်စုံဝတ်အမျိုးသားနှင့်
အမျိုးသမီးကို လက်ညှိုးထိုးပြပြီး
“သူတို့က ဘယ်လိုလဲ...”

ယန်ယဲ့ကပြုံးပြီး “မင်းသူတို့ကို
ဘာလုပ်စေချင်တာလဲ...”

သူမက ခဏာမျှစဉ်းစားပြီး "ဒါဟာ
မင်းကိုယ်တိုင်
ဆုံးဖြတ်ချက်ချလိုက်ရမှာလေ"

ယန်ယဲ့က ပြုံးပြီး "သွားရအောင်"

ထိုလူနှစ်ယောက်ကို သတ်ရမည်လား။
သူ၏ခွန်အားအပြည့်သုံးထားပါက
သဘာဝအတိုင်း
ပြီးမြောက်နိုင်ပါလိမ့်မည်။ သို့သော်

သူသည် တန်ကြေးတစ်ခုတော့

ပြန်ပြီးပေးဆပ်ရပါမည်။ အထူးသဖြင့်

အစိမ်းရောင်ဝတ်စုံဝတ်အမျိုးသမီးပင်ဖြ

စ်သည်။ သူမ၏ခွန်အားက

သာမန်မဟုတ်ပေ။ ထို့ကြောင့်

ထိုလူနှစ်ယောက်ကို သတ်ပစ်ဖို့

ဆုံးဖြတ်လိုက်တာက

သူ့အတွက်အကျိုးမရှိပေ။

ထိုပြင်သူသည် ဝူယုနှင့် လီရှို့ရှိကို

အနည်းငယ်ပင် မယုံပေ။

ထိုကြောင့် သူ၏ဝှက်ဖဲများကို

အခုလောလောဆယ် ထုတ်မပြလိုပေ။

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားနှင့်

အစိမ်းရောင်ဝတ်စုံဝတ်အမျိုးသမီးက

ယန်ယွဲ့ထွက်သွားသည်ကို မြင်သောအခါ

သက်ပြင်းချကြသည်။

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက “သူဒီမှာရှိနေဖို့ ငါမမျှော်လင့်ထားဘူး” ဟုလေးနက်စွာပြောလိုက်သည်။

အမျိုးသမီးက “သူက သိုင်းအင်ပါယာကျောင်းတော်ကို ဝင်ထားပြီ” ဟု တိုးတိုးလေး ပြောခဲ့သည်။

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက

ခါးသီးစွာ ရယ်မောရင်း"ငါတို့ဘိုးဘေးက

ဒီလိုရက်စက်ကြမ်းကြုတ်တဲ့ အရူးကို

မစော်ကားမိဖို့ သတိပေးခဲ့တယ်။ ဒါပေမဲ့

ငါတို့သူ့ကို

တကယ်အလေးအနက်မထားခဲ့ဘူး။

ငါတို့ဘိုးဘေးပြောတာမှန်တယ်ဆိုတာ

အခုမှသိလိုက်တယ်။ ဒီလူရဲ့ ခွန်အားက

နားမလည်နိုင်အောင်ဘဲ။ ကံကောင်းစွာပဲ

အခုလေးတင် သူ့ကို မှတ်မိလိုက်တာပဲ

မဟုတ်ရင် ငါတို့

အခုအသတ်ခံရနိုင်တယ်”

“ငါတို့သွားမှာလား…” အမျိုးသမီးက

မေးလိုက်သည်။

ထိုလူက ခေါင်းခါပြီး“ဟုတ်တယ် ငါတို့

သွားလို့မရဘူး။ ဒါပေမဲ့

လောကသုံးပါးက

ပရမ်းပတာအခြေအနေဖြစ်လာတော့မယ်

။ ဘာပဲဖြစ်ဖြစ် မူလအစတစ်ခုတော့ရဖို့

ကြိုးစားရမယ်။ မူလအစရမှပဲ

ငါတို့ဝိညာဉ်မျိုးနွယ်ကို ပိုပြီး

အားကောင်းလာအောင်

ကူညီပေးနိုင်မယ်။ ဒီလိုလုပ်မှပဲ

နောင်မှာဖြစ်လာမဲ့ ဖရိုဖရဲ ကမ္ဘာစစ်မှာ

ငါတို့မျိုးနွယ်က အသက်ရှင်နိုင်မှာ”

အမျိုးသမီးက မျက်မှောင်ကြုတ်ကာ

"မူလအစတစ်ခုတည်းက

ဒီလောက်အစွမ်းထက်နေတာလား..."

ထိုလူက လေးနက်စွာပြန်ပြောသည်။

"ဒါဟာ မူလအစတစ်ခုမဟုတ်ဘူး

အမွေအနှစ်တစ်ခုပဲ။ ကြီးမြတ်တဲ့

ယဉ်ကျေးမှု အမွေအနှစ်တစ်ခုပဲ

မဟုတ်ရင် ပညာရှင်တွေနဲ့

ရှေးဟောင်းကျင့်ကြံသူတွေက

သမိုင်းမတင်မီခေတ်က
အပျက်အစီးတွေကို
အာရုံစိုက်နေမှာလား...”

သူက ကောင်းကင်ကို မော့ကြည့်လိုက်ပြီး
“လာပါ ငါတို့လည်း
ကံစမ်းလိုက်ရအောင်”ဟု
ဆက်ပြောသည်။

စကားပြောပြီးနောက်

နေရာမှာပင်ပျောက်သွားခဲ့သည်။

“နင်အရင်တုန်းက

အရမ်းနာမည်ကြီးလား...”

လီရှိုဘရှီက မေးခွန်းများ

ဆက်တိုက်မေးနေသဖြင့် ယန်ယွဲ့သည်

အတော်လေး ခေါင်းကိုက်သွားသည်။

သို့သော် လီရှို့ရှီက မရပ်နားပဲ နောက်ထပ် ဆက်မေးပြန်သည်။ "နင်က ဘာကြောင့် သိုင်းအင်ပါယာကျောင်းတော်ကိုလာပြီး အရေးမပါတဲ့ စာကြည့်တိုက်မှူး ရာထူးကို ယူထားတာလဲ..."

ယန်ယဲ့က ရပ်လိုက်ပြီး ထိုနောက် သိချင်စိတ်အပြည့်ဖြစ်နေသော လီရှို့ရှီကို မျက်လုံးခြင်း တည့်တည့်ကြည့်ပြီး "ဒါက ငါ့ကိုယ်ပိုင်ကိစ္စပဲ ဟုတ်တယ်မလား..."

စကားပြောပြီးနောက်

လှည့်ထွက်သွားသည်။ သူသည်

လီရှို့ရှီကို

ကောင်းကောင်းအထင်ကြီးခြင်း

မရှိခဲ့ပေ။ ထိုအစား အနည်းငယ်

မုန်းတီးသလိုပင် ခံစားရသည်။

ထိုနေ့တွင် ထိုအမျိုးသမီးငယ်

တိုက်ခိုက်သည့်အခါလုံးဝ

မထိန်းထားခဲ့ပေ။

အခြားသောမန်လူတစ်ဦးဆိုပါက

တစ်ခါတည်း သေဆုံးသွားနိုင်သည်။

ယန်ယဲ့၏အပြုအမူကို မြင်သောအခါ

လီရှို့ရှီက ဒေါသထွက်သွားသည်။

သူမယန်ယဲ့ကို

ဒေါသတကြီးစိုက်ကြည့်ကာ “နင်အရမ်း

တော်တယ်လို့ ထင်နေသလား...”

ဝူယုက လီရှို့ရှီ၏လက်မောင်းကို

ညင်သာစွာ ဆုပ်ကိုင်လိုက်ပြီး “သူက

ကြင်နာတက်တဲ့လူမဟုတ်ဘူး

သူနဲ့အရမ်းမရင်းနှီးပါနဲ့။ ဒါအပြင် သူနဲ့

ပြဿနာမတက်စေနဲ့”

လီရှို့ရှီက အေးစက်စွာ နှာခေါင်းရှုံ့ရင်း

“ငါသူနဲ့မနီးစပ်ချင်ဘူး။ သူ့အကြောင်း

သိချင်ရုံပဲ”

"ငါတို့ ရဲ့ ရည်မှန်းချက်ကို မမေ့နဲ့"

လီရှို့ရှီ၏အမူအရာက

သက်သာရာရသွားသည်။ "ဟုတ်တယ်

ငါမှတ်မိတယ်။ သွားကြရအောင်"

တစ်ရာရီခန့်အကြာတွင်တော့ သူတို့အဖွဲ့

က ရပ်သွားကြသည်။ သူတို့ရှေ့တွင်

ရောမစကော်ဝိုင်းပုံစံ

အဆောက်အအုံးကြီးတစ်ခု ရှိခဲ့သည်။

အလွန်ကြီးမားလှသည်။ သို့သော်
ဇင်းသည် မြေပြင်ပေါ်တွင် မဟုတ်ဘဲ
လေထဲမှာ လွင့်မျောနေခဲ့သည်။

“အဲ့ဒါ ဘာကောင်ကြီးလဲ”

ယန်ယဲ့က မျက်မှောင်ကြုတ်လိုက်သည်။

လီရှို့ရှီက ယန်ယဲ့အနားကပ်လာပြီး
တိုးတိုးလေးပြောလိုက်သည်။

“သမိုင်းမတင်မီခေတ်က မျိုးနွယ်စုတွေ

နေထိုင်တဲ့နေရာ”

ယန်ယွဲ့သည် အဝေးတစ်နေရာဆီသို့

ရုတ်တရက်

လှမ်းကြည့်လိုက်သည်။ ထိုနေရာတွင်

ရောက

ကျောက်ရုပ်ထုကြီးတစ်ခုရှိခဲ့သည်။

အမြင့် မီတာ (၃၀)ကျော်ရှိကာ အောက်သို့

အနည်းငယ်ငုံ့ကြည့်ကာ
လက်နှစ်ဖက်ပိုက်ထားသည်။

"လာ သွားကြည့်ရအောင်"

လီရှို့ရှီက စကားပြောပြီးနောက် ရှေ့သို့
လျှောက်သွားသည်။ ယန်ယဲ့သည်
နောက်ကနေလိုက်လာကာ အချိန်
အနည်းငယ် အကြာတွင်
ရောမကျောက်ရုပ်ထုကြီးအရှေ့သို့

ရောက်ရှိလာကြသည်။

ရုပ်ထုကြီးတစ်ခုအောက်ခြေတွင် စင်မြင့်တစ်ခုရှိကာ ရုပ်ထုတစ်ခုလုံးကို ဝိုင်းပတ်ထားသည်။ ထို့ပြင် ၎င်းအား ထူးဆန်းသော မော်သင်္ကေတများဖြင့် ဖုံးလွှမ်းထားသည်။

ဝူယုက "ဒါက သူတို့ရဲ့ စာရေးစနစ်ပဲဖြစ်ရမယ်"

ယန်ယဲ့က ခေါင်းညိတ်ပြပြီး

“မင်းအဲ့ဒါတွေကို ဖတ်နိုင်ပြီလား…”

လီရှို့ရှီက ယန်ယဲ့ကို

မျက်စောင်းထိုးလိုက်ပြီး

“နင်ဘယ်လိုထင်လဲ…”

ယန်ယဲ့က သူမကို လျစ်လျူရှုထားပြီး

ရောမကျောက်သားရုပ်ထုကြီးကို

စိုက်ကြည့်နေသည်။

လူသားနှင့်အနည်းငယ်တူသော်လည်း
လုံးဝ လူမဟုတ်ပေ။ အကြောင်းမှာ
၎င်းသည် လူသား ပုံသဏ္ဌာန်
ရှိသော်လည်း နှာခေါင်း၊ နား၊
ခြေလက်များက လူသားများနှင့်
ကွဲပြားသောကြောင့်ပါ။

ဤသည်မှ သမိုင်းမတင်ခေတ်က
ပေါ်ပေါက်ခဲ့သော
မျိုးနွယ်စုများ၏ပုံသဏ္ဌာန်ဖြစ်သည်။

ယန်ယဲ့သည် အနည်းငယ်
မျက်မှောင်ကြုတ်ကာ စူးစမ်းချင်စိတ်နဲ့
ပဟေဠိကို ခံစားလိုက်ရသည်။ ဤကဲ့သို့
ထူးခြားဆန်းကြယ်သော မျိုးနွယ်သည်
သမိုင်းထဲသို့ ပျောက်ကွယ်သွားသည့်
အကြောင်းအရင်းကို သိချင်မိသည်။

ထိုအချိန်တွင် လီရှုံ့ရှီက
“အထဲဝင်ရအောင်”

ယန်ယဲ့သည် အထဲဝင်ရန်ပြင်လိုက်ပြီးမှ

ဘေးဘက်သို့ ရုတ်တရက်

ကြည့်လိုက်သည်။ ထိုနေရာတွင်

လူငယ်တစ်ဦး ရုတ်တရက်ပေါ်လာပြီး

သူတို့အဖွဲ့အား အပြုံးတစ်ခုဖြင့်

စိုက်ကြည့်နေသည်။ သူ၏အပြုံးက

အားလုံးကို စိတ်မသက်မသာ

ဖြစ်စေသည်။ မုဆိုးက သူ့သားကောင်ကို

စိုက်ကြည့်နေသလိုပင်။

လူငယ်က ရုတ်တရက်

“အထဲဝင်ချင်သလား...”ဟု

မေးလိုက်သည်။

ယန်ယွဲ့က ခေါင်းညိတ်သည်။  “ဒါပေါ့...”

Translated by NyiNyiSoe